# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း (၂) ရက်၊ ကြာသပတေးနေ့၊ (14-12-2023)၊ အတွဲ (၃၂)၊ အမှတ် (၂၂၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်ပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့်(ဒေါက်တာထွန်းတင့်-မြန်မာစာ)ကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် စာပေပညာရှင်ဆရာကြီး ဒေါက်တာချစ်စံ(ချစ်စံဝင်း)ကို ဆုတံဆိပ်၊ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ဆရာမကြီးများ၊ဆုရပုဂ္ဂိုလ်များ၊စာပေပညာရှင်များ၊ **စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# ကော်ဖီတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက်

ကော်ဖီသောက်သုံးမှုဓလေ့သည် ယနေ့လူ့အဖွဲ့အစည်းတွင် ခိုင်ခိုင်မာမာဖြစ်ထွန်းလျက်ရှိသည်။ ညှော်ဝတ်ကျေရန်အတွက်သော်လည်းကောင်း၊ နံနက်စာနှင့်အတူ တွဲဖက်ပြီး သောက်စရာအဖြစ်သော်လည်းကောင်း ကော်ဖီကို နှစ်ခြိုက်စွဲလမ်းစွာ သောက်သုံးကြလေ့ရှိသည်။ အချို့လူတို့သည် တစ်နေ့လျှင် ကော်ဖီတစ်ခွက်ခန့်မျှ မသောက်ရလျှင် တစ်ခုခုလိုနေတတ်သလိုမျိုး ခံစားရသည်ထိ ကော်ဖီကို ကြိုက်နှစ်သက်ကြသည်။ မိမိတို့၏ လူနေမှုအဆင့်အတန်းအလိုက် ကော်ဖီကို ပုံစံအမျိုးမျိုးဖြင့် သောက်သုံးကြသည်။ အသင့်ဖျော်ကော်ဖီထုပ်မှအစပြု၍ အဆင့်မြင့် ကော်ဖီသီးသန့်ဆိုင်များထိ ကော်ဖီများ ဈေးကွက်ဝင်အောင်မြင်နေသည်ကို ကမ္ဘာတစ်ဝန်းတွင် အထင်အရှားတွေ့နိုင်သည်။

ကော်ဖီသည် လူမျိုးမရွေး၊ ဘာသာမရွေးသောက်သုံးနိုင်သော သီးနှံဖြစ်သည်။ ကော်ဖီသောက်သုံးသူများစွာရှိနေခြင်းကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများလည်း ကော်ဖီကို ဖြစ်ထွန်းအောင်စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ပေသည်။ ကော်ဖီသည် နှစ်ရှည်သီးနှံပင်စာရင်း၌ ပါဝင်သည့်အတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမှသာလျှင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်မည်ဖြစ်သည်။ ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများပြီး ကာလရှည်လုပ်ငန်းဖြစ်သည့်အတွက် အောင်မြင်အောင်လုပ်ဆောင်ရမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များကိုလည်း အမြဲမပြတ်လေ့လာနေရမည်ဖြစ်သည်။

ကော်ဖီစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးစေရန်အတွက် သွင်းအားစုများ အပြည့်အဝထည့်သွင်းရန်၊ စနစ်တကျပြုစုဆောင်ရွက်ရန်နှင့် ကော်ဖီပင်စည်ထိုးပိုးများ ကျရောက်မှုမရှိစေရန် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရမည်ဖြစ်သည်။ ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ အမှန်တကယ်စိုက်ပျိုးနိုင်သည့် တိုင်းရင်းသားလုပ်ငန်းရှင်များကို ဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးမှုပေါ်မူတည်၍ စိုက်ပျိုးမြေ ၄၉ ဧကမှ ဧက ၅၀ ထိ ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရန် နိုင်ငံတော်အစိုးရက ခွင့်ပြုပေးမည်ဖြစ်သည့်အပြင် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများကို လိုအပ်သည်များလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ကြားသိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ဧက ၄၉၀၀၀ ခန့်ရှိပြီး တစ်ဧက အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ရရှိလာသည့်အကျိုးအမြတ်သည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ကော်ဖီထွက်ကုန်များကို ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။ မြန်မာ့ကော်ဖီကို အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ ကိုရီးယား၊ ဆွစ်ဇာလန်၊ အိုက်စလန်နှင့် ဩစတြေးလျ၊ ပြင်သစ်နိုင်ငံတို့က ဝယ်ယူမှုများရှိသည်။

သို့ဖြစ်ရာ ကော်ဖီကို ကမ္ဘာတစ်ဝန်းတွင် လူမျိုးမရွေး၊ ဘာသာမရွေးသောက်သုံးကြသည်။ မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သည့် မြန်မာ့ကော်ဖီသည် အရည်အသွေးကောင်းမွန်ကာ ဝယ်ယူလိုသူများသောကြောင့် နိုင်ငံတကာဈေးကွက်တွင် ထိုးဖောက်လာနိုင်ပြီဖြစ်သည့်အတွက် ကော်ဖီမှ နိုင်ငံခြားဝင်ငွေရရှိရန် အလားအလာကောင်းများ ပေါ်ထွန်းလာမည်ဖြစ်သောကြောင့် ကော်ဖီကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

## ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်း ဆိုးရွားစွာကျပ်တည်းမှုဖြစ်ပေါ်ပါက သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်



မန္တလေး ဒီဇင်ဘာ ၁၃

ဧရာဝတီမြစ်အတွင်းရေလမ်းကြောင်း ဆိုးရွားစွာကျပ်တည်းမှုဖြစ်ပေါ်ပါက သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်ကပြောပြ၍ သိရသည်။

ယခုဧရာဝတီမြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် သောင်ထွန်းသည့်နေရာအများအပြားဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့ မြစ်အတွင်း သောင်ထွန်းမှုများကြောင့် ရေလမ်းကြောင်း ပြောင်းလဲ၍ ရေကြောင်းကျပ်တည်းမှုများဖြစ်ပေါ်နိုင်ကြောင်း၊ သို့သော် ယခုဧရာဝတီမြစ်အတွင်း သောင်ထွန်းမှုဖြစ်ပေါ်နေသော်လည်း ရေလမ်းကြောင်းကျပ်တည်းသည့်နေရာသိပ်မရှိဘဲ သင်္ဘောများ သွားလာရအဆင်ပြေနေကြောင်း သိရသည်။

"အခုလတ်တလော ဧရာဝတီမြစ်အတွင်း ရေကြောင်းဆိုးရွားစွာကျပ်တည်းတဲ့နေရာ မရှိသေးပါဘူး။ တကယ်လို့ ကုန်တင်သင်္ဘောနဲ့ခရီးသည်တင်သင်္ဘောတွေ သွားလာလို့မရလောက်တဲ့ထိ ရေကြောင်းကျပ်တဲ့နေရာတွေ ရှိလာခဲ့ရင် သောင်တူးစက်တွေနဲ့သောင်တူးလုပ်ငန်းတွေ လုပ်ဆောင်ပေးသွားမှာပါ"ဟု ဦးရဲထွန်းလင်းအောင်ကပြောပြသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေကြောင်းပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိပြီး မြင်းခြံမြို့နှင့် မြင်းမူမြို့တို့တွင် ရေလမ်းကြောင်း ပြောင်းလဲမှုစတင်ဖြစ်ပေါ်ကာ ရေကြောင်းကျပ်တည်းမှုအနည်းငယ်ဖြစ်ပေါ်လျက်ရှိသော်လည်း သင်္ဘောများသွားလာရာတွင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် ဧရာဝတီမြစ်အတွင်း၌ သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်းပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဆိပ်ကမ်းမှ ဧရာဝတီမြစ်ရေလမ်းကြောင်း တစ်လျှောက်သွားလာကြမည့်ခရီးသည်တင်သင်္ဘောနှင့်ကုန်တင်ရေယာဉ်များအနေဖြင့် ရေလမ်းညွှန်အမှတ်အသားများကို အထူးသတိပြုသွားလာကြရန်လိုအပ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

(၁၈၄)

## ပြည်ပဝယ်ယူမှုများပြားလာသဖြင့် မန္တလေးဈေးကွက်တွင် ပဲလွမ်းဖြူ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

မန္တလေး ဒီဇင်ဘာ ၁၃

ပြည်ပဝယ်ယူမှု များပြားလာသဖြင့် မန္တလေးဈေးကွက်တွင် ပဲလွမ်းဖြူအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲလွမ်းဖြူများကို ယခုလက်ရှိတွင် တရုတ်နိုင်ငံမှဝယ်ယူမှု များရှိလာကြောင်း၊ ယခင်က မန္တလေးဈေးကွက်အတွင်း၌ ပဲလွမ်းဖြူများ အရောင်းအဝယ် ပုံမှန်အနေအထားတွင်ရှိနေကြောင်း၊ ယခုလက်ရှိ ပဲလွမ်းဖြူများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီးအရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ ပဲလွမ်းဖြူတွေကို ပြည်ပနိုင်ငံတွေအပြင် ပြည်တွင်းကုန်သည်တွေက ဝယ်ယူမှုတော်တော်လေးများလာပြီး ဈေးကွက်ထဲ အရောင်းအဝယ် ပိုပြီးကောင်းလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲလွမ်းဖြူဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်လာခဲ့ကြောင်း သိရသည်။

"အခုလောလောဆယ်တော့ ပဲလွမ်းဖြူတွေအရောင်းအဝယ်ပြန်ပြီးကောင်းလာတယ်။ တရုတ်နိုင်ငံဘက်ကလဲ အခုတလော အဝယ်များလာတယ်။ အရင်က တရုတ်ဘက်က အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲလွမ်းဖြူတွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ပဲလွမ်းဖြူများကို ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ရေဝင်ဒေသများတွင် မြစ်ရေကျချိန်၌ စတင်စိုက်ပျိုးကြကြောင်း၊ လက်ရှိ မန္တလေးဈေးကွက်သို့ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ၊ မြောင်မြို့နယ်တို့မှ ထွက်ရှိသည့် ပဲလွမ်းဖြူများ ဝင်ရောက်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

## မန္တလေးတိုင်းဒေသကြီး မြို့နယ် လေးမြို့နယ်ရှိ အလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့်များသိရှိစေရန် အသိပညာပေးသွားမည်

မန္တလေး ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် လေးမြို့နယ်ရှိ အလုပ်ဌာနများမှ အလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့်များ သိရှိစေရန် ယခုလတတိယပတ်မှစ၍ အသိပညာပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံ ဦးသန်းနိုင်ဦးက ပြောပြ၍သိရသည်။

အဆိုပါ အလုပ်ဌာနများမှ အလုပ်သမားများကို လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့်အာမခံစနစ်များအကြောင်း ပိုမိုသိရှိနားလည်စေရန် အသိပညာပေးသွားမည်ဖြစ်ကြောင်း၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့ရှိ အလုပ်ဌာနများကို မြို့နယ်လူမှုဖူလုံရေးရုံးများက ချိတ်ဆက်ပြီး တိုင်းဒေသကြီးတာဝန်ခံ၊ ခရိုင်တာဝန်ခံနှင့် မြို့နယ်ဦးစီးမှူးများပူးပေါင်းကာ အသိပညာပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံ ဦးသန်းနိုင်ဦးက ပြောပြသည်။

"တစ်မြို့နယ်ကို ငါးကြိမ်ပြုလုပ်သွားမှာပါ။ တိုင်းဒေသကြီးရုံးအနေနဲ့ တစ်ကြိမ်၊ ခရိုင်ရုံးအနေနဲ့ တစ်ကြိမ်၊ မြို့နယ်ရုံးအနေနဲ့ သုံးကြိမ် ပြုလုပ်ပေးသွားမှာပါ။ အာမခံစနစ်သုံးခုကို အကောင်အထည်ဖော်နေပါတယ်။ အာမခံစနစ်သုံးခုကို ထည့်ဝင်ကြေးဘယ်လောက်သွင်းရမယ်။ တစ်ခုချင်းကနေ ဘာတွေရနိုင်တယ်။ ဆေးကုသခွင့်အပြင် ငွေကြေးအကျိုးခံစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုအာမခံစနစ်မှာ မမာမကျန်းရမယ်။ မီးဖွားရမယ်။ အကျိုးခံစားခွင့်တွေ ဘယ်လိုရမယ်၊ ဆေးခန်းလာရင် စာရွက်စာတမ်းယူဆောင်ရမယ်၊ ငွေကြေးအကျိုးခံစားခွင့်ရဖို့ ဆေးခွင့်ရလာရင် မြို့နယ်ရုံးတွေမှာ ပြန်လျှောက်တဲ့အခါ လိုအပ်တဲ့စာရွက်စာတမ်းတွေ၊ အချိန်ကာလဘယ်လောက်အတွင်းမှာ တောင်းရမယ်ဆိုတာတွေအသိပညာပေးမယ်"ဟု ဦးသန်းနိုင်ဦးက ပြောပြသည်။

အဆိုပါ လူမှုဖူလုံရေးရုံးမှ အာမခံစနစ်သုံးခုကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ၎င်းအာမခံစနစ်သုံးခုသည် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုပံ့ပိုးမှုအာမခံစနစ်နှင့် အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မကွေးမြို့နယ် ပုန်းတပ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မကွေး ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ပုန်းတပ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပုန်းတပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲရေး ကျေးရွာသူ၊ ကျေးရွာသားများက စနစ်တကျ ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားသည်။

မကွေးမြို့နယ် ပုန်းတပ်ကျေးရွာ၌ အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၈ ဒသမ ၈ သန်း စုစုပေါင်း ငွေကျပ် ၂၃ ဒသမ ၈ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၂၆၀၊ လူ ၁၀၇၉ ဦး ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိမိုးမိုး**

# တပ်ကုန်းမြို့နယ် ကြူအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ကုန်းမြို့နယ် ငွေ့ကြီးကျေးရွာအုပ်စု ကြူအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်း၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကြူအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

ကြူအင်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၀ ဒသမ ၀၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် Y2T ကုမ္ပဏီက စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုသု**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၇၂၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၇၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၂၇၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲတီစိမ်း ၂၇၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၇၀၀ စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ၂၇၂၈ ဧက စိုက်ပျိုးပြီးစီးပါပြီ။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ပဲတီစိမ်းစိုက်တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်တဲ့မျိုးတွေ စိုက်ပျိုးနိုင်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်းကို ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို ရွေးချယ်စိုက်ပျိုးခဲ့ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ဆက်လက်ပြောပြ၍ သိရသည်။

**(၁၈၅)**

# မောက်မယ်မြို့နယ် နားသဲ(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မောက်မယ် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ နားသဲ(တ)၊ နားသဲ(မ)ကျေးရွာအတွက် အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက နားသဲ(မ)ကျေးရွာ ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နားသဲ(တ)၊ နားသဲ(မ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၅၁၆ ဧက စိုက်ပျိုးမည်

**ငပုတော ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၅၁၆ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၅၁၆ ဧကကို ယခုနှစ် ဒီဇင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံစုံ ၃၅၁၆ ဧကတွင် မြေပဲ ၃၀၆၂ ဧက၊ နှမ်း ၃၇၁ ဧက၊ နေကြာ ၈၃ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟိုင်းကြီးကျွန်းမြို့မှာ ဆီထွက်သီးနှံစုံ ၃၅၁၆ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အဓိကထားစိုက်ပျိုးတာဖြစ်ပါတယ်။ လက်ရှိ ဆီထွက်သီးနှံစုံ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးထားပါတယ်။ ဆောင်းသီးနှံတွေ အထွက်နှုန်းကောင်းမွန်စေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စတဲ့လုပ်ငန်းတွေကိုလဲ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာများနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများကို ဒေသခံတောင်သူများနှင့် သီးနှံမစိုက်မီကြိုတင်ဆောင်ရွက်ပေးထားကြောင်း၊ အဆိုပါစိုက်ပျိုးမည့်ဆီထွက်သီးနှံစုံ တစ်ဧကလျှင် ပျမ်းမျှ ၅၅ တင်းမှ တင်း ၆၀ ထိ ထွက်ရှိရန် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အသစ်တွေ့အရေးတော်ပုံကျမ်းများ (၂)

ပိုလ်ရှိတ်(ရတနာပူရ)

**မဂဒူးအရေးတော်ပုံကျမ်း**

မဂဒူးအရေးတော်ပုံကျမ်းသည် "ငါတို့ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဖြစ်တော်မူသောအခါ"ဟူသောစကားဖြင့် အစချီထားသည်။ ဤအရေးတော်ပုံကျမ်းကို မဂဒူးအရေးတော်ပုံကျမ်းဟု ခေါ်ဆိုသုံးနှုန်းနေကြသော်လည်း သီးခြားအရေးတော်ပုံကျမ်းတစ်ကျမ်း မဟုတ်ပါ။ အရေးတော်ပုံကျမ်းများတွင် အလွန်အသိများထင်ရှားသည့် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှ မဂဒူးမင်း၏ ဘဝအစိတ်အပိုင်းသာကောက်နုတ်ထားသောကျမ်းဖြစ်သည်။ တစ်နည်းအားဖြင့် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၏ တစ်စိတ်တစ်ဒေသသာဖြစ်သည်။ ထို့ကြောင့် အရေးတော်ပုံကျမ်းစာရင်းအရေအတွက်အတွင်းသို့ မသွင်းကြချေ။

**အလောင်းမင်းတရားကြီးအရေးတော်ပုံ**

"ဘဂ္ဂဝါဒိဂုဏာကရံ"ကျမ်းဦးငါးဂါထာဖြင့်အစချီ အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းကို ဆရာမကြီး ဒေါ်အုန်းကြည်(မြန်မာ့သမိုင်းအဖွဲ့ဝင်)တည်းဖြတ်၍ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် သမိုင်းသုတေသနဦးစီးဌာနက ထုတ်ဝေခဲ့သည်။ ပေမူမှ ပုံနှိပ်မူသို့ ပထမဆုံးထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ကျမ်းဦးနိဒါန်း၌ "ဝါမာနုရုဒ္ဓေါလက်ဝဲနော်ရထာအမည်ရှိသော၊ အမစ္စော-အမတ်ကြီးဖြစ်သော၊ ယောအဟံ-အကြင် ငါသည်၊ ရာဇဝံသက်-အရေးတော်ပုံရာဇဝင်ကို၊ ရစိသံ၊ ရိစိဿာမိ-စီရင်ပေလတ္တံ့"ဟု ဆိုထားသောကြောင့် ဤအလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းကို လက်ဝဲနော်ရထာအမတ်ကြီးပြုစုကြောင်း ထင်ရှား၏။

လက်ဝဲနော်ရထာသည် ဤအရေးတော်ပုံကျမ်းကို ညောင်ရမ်းခေတ် တနင်္ခွေမင်းလက်ထက်မှစ၍ အလောင်းမင်းတရားကြီး နတ်ရွာစံပြီး သားတော်နောင်တော်ကြီး ဒီပဲယင်းမင်း နန်းတက်သည်ထိ ရေးသားထား၏။ ကျမ်းပြုသူကိုယ်တိုင်က "ရာဇဝင်အရေးတော်ပုံ"ဟု အမည်ပေးထားသောကြောင့် အရေးတော်ပုံကျမ်းစစ်စစ်ဖြစ်ကြောင်း သိရသည်။

**အလောင်းမင်းတရားကြီးအရေးတော်ပုံ**

"ရတနာပူရအင်းဝမင်းတို့"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းကိုရေးသားခဲ့သူမှာ တွင်းသင်းတိုက်ဝင်မဟာစည်သူ ဦးထွန်းညိုဖြစ်သည်ဟု ၁၉၂၃ ခုနှစ်က ထုတ်ဝေခဲ့သော "အရေးတော်ပုံငါးစောင်တွဲ"တွင် ထည့်သွင်းဖော်ပြခဲ့သည်။ ထို့နောက် ပုံနှိပ်သော ပုံနှိပ်မှုများတွင်လည်း ဤအရေးတော်ပုံကျမ်းကို တွင်းသင်းမင်းကြီး ဦးထွန်းညိုရေးသည်ဟူ၍သာ ဖော်ပြကြသည်။ ဆရာလှသမိန်တည်းဖြတ်၍ ၁၉၆၁ ခုနှစ်တွင်ထုတ်ဝေခဲ့သော အလောင်းမင်းတရားကြီး အရေးတော်ပုံနှစ်စောင်တွဲတွင်လည်း ဦးထွန်းညိုပင်ရေးကြောင်း ဖော်ပြထား၏။ ဆရာကြီး ဦးဖေမောင်တင်က လက်ဝဲနော်ရထာရေးကြောင်း "မြန်မာစာပေသမိုင်း"၌ ဖော်ပြထားသည်။ ဆရာကြီး တက္ကသိုလ်မောင်မောင်ကြီးကလည်း ထိုနည်းတူစွာဖော်ပြထားသည်။

ဆရာမကြီး ဒေါက်တာရီရီက ဤအလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းသည် အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းမဟုတ်ဘဲ တွင်းသင်းမဟာရာဇဝင်သစ်မှ တစ်စိတ်တစ်ဒေသဖြစ်တန်ရာသည်ဟုယူဆကြောင်း ဖော်ပြထားသည်။ ဆရာမကြီး ဒေါ်အုန်းကြည်ကမူ ဤအလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းသည် သူတည်းဖြတ်သော "ဘဂ္ဂဝါဒိဂုဏာကရံ"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းနှင့် ထပ်တူထပ်မျှတူညီနေသောကြောင့် ထိုကျမ်းသည် တွင်းသင်းမင်းကြီးရေးသည်မှာ မဖြစ်နိုင်ကြောင်း၊ လက်ဝဲနော်ရထာရေးသည်ဟု ဆိုရန်မှာလည်း ကွဲလွဲချက်တချို့ရှိနေကြောင်း သုံးသပ်ထားသည်။ တွင်းသင်းမဟာရာဇဝင်သစ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟူသော အယူအဆနှင့်ကွဲနေပေသည်။

အထက်ပါအချက်များကို သုံးသပ်ကြည့်မည်ဆိုလျှင် တစ်ချိန်က တွင်းသင်းမင်းကြီးရေးခဲ့သည်ဟုဆိုခဲ့သော "ရတနာပူရအင်းဝမင်းတို့"ချီ အလောင်းမင်းတရားကြီး အရေးတော်ပုံသည် တွင်းသင်းမင်းကြီးရေးခြင်းမဟုတ်ဘဲ အမည်မသိစာဆိုတစ်ဦးဟု ယာယီမှတ်သားရမည်ဖြစ်သည်။ ထို့အတူ ဆရာမကြီး ဒေါက်တာရီရီက ဤအရေးတော်ပုံကျမ်းသည် အရေးတော်ပုံကျမ်းမဟုတ်ဘဲ တွင်းသင်းရာဇဝင်သစ်၏ တစ်စိတ်တစ်ဒေသသာဖြစ်သည်ဆိုသောအဆိုသည်လည်း သဘာဝမကျတော့ပေ။ အဘယ်ကြောင့်ဆိုသော် ဤအရေးတော်ပုံနှင့် ဆရာမကြီး ဒေါ်အုန်းကြည် တည်းဖြတ်သည့် "ဘဂ္ဂဝါဒိဂုဏာကရံ"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံအခန်း (၂)သည် ထပ်တူနီးပါးတူညီနေသောကြောင့်ဖြစ်သည်။ တွင်းသင်းမင်းကြီးသာရေးလျှင် လက်ဝဲနော်ရထာပြုစုသော "ဘဂ္ဂဝါဒိဂုဏာကရံ"ချီ အရေးတော်ပုံနှင့် တူညီနေစရာအကြောင်းမရှိချေ။ သို့ဖြစ်သောကြောင့် "ရတနာပူရ အင်းဝမင်းတို့"ချီ အလောင်းမင်းတရားကြီး အရေးတော်ပုံသည် မဟာရာဇဝင်သစ်၏ တစ်စိတ်တစ်ဒေသမဟုတ်ဘဲ အမည်မသိဆရာပြုစုသည့် အရေးတော်ပုံကျမ်းတစ်စောင်သာဖြစ်သည်ဟု ယာယီမှတ်သားသင့်သည်။ "ရတနာပူရအင်းဝမင်းတို့"ချီ အရေးတော်ပုံကျမ်းသည် အလောင်းမင်းတရားကြီး၏ ဆွေတော်စဉ်များအကြောင်းမှစ၍ အလောင်းမင်းတရားကြီး နတ်ရွာစံပြီး သားတော်နောင်တော်ကြီး ဒီပဲယင်းမင်း နန်းတက်သည်ထိပါ၏။

**အလောင်းမင်းတရားကြီးအရေးတော်ပုံ**

"အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော"ချီ အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းကို ရာပြည့်စာအုပ်တိုက်ထုတ် "မြန်မာမင်းများအရေးတော်ပုံခြောက်စောင်တွဲ"တွင် လက်ဝဲနော်ရထာရေးသည်ဟုဆိုထားသည်။ ဆရာလှသမိန်၏"အလောင်းမင်းတရားကြီးအရေးတော်ပုံ နှစ်စောင်တွဲ"တွင်လည်း လက်ဝဲနော်ရထာရေးသည်ဟု ဆိုထားသည်။ ဆရာမကြီး ဒေါက်တာရီရီက တွင်းသင်းမင်းကြီး ရေးတန်ရာသည်ဟု ဆိုထားသည်။ ဆရာကြီး တက္ကသိုလ်မောင်မောင်ကြီးကလည်း တွင်းသင်းမင်းကြီးရေးသည်ဟု ဆိုထားသည်။ ဆရာကြီးမောင်ခင်မင် (ဓနုဖြူ)ကလည်း တွင်းသင်းမင်းကြီး၏လက်ရာဟု ယူဆရန်ရှိပါသည်ဟု ဆိုထားသည်။

ဆရာမကြီး ဒေါ်အုန်းကြည်ကမူ "လက်ဝဲနော်ရထာရေးသည်ဆိုသော အလောင်းမင်းတရားကြီးအရေးတော်ပုံတွင် အောင်သူတကာတို့၏အထွတ်ဖြစ်တော်မူသော သဗ္ဗညုတရှင်တော်ဘုရားသည်ဟု အစပျိုးထားပြီး ပျူစောထီးမှ အလောင်းမင်းတရားထိ ဆင်းသက်လာပုံကို ဖော်ပြသည်။ ထို့ပြင် အကြောင်းအရာဖော်ပြချက်အရေးအသားလည်း ယခုတည်းဖြတ်သည့် ("ဘဂ္ဂဝါဒိဂုဏာကရံ"ချီ အလောင်းမင်းတရားကြီး အရေးတော်ပုံမူ) လက်ဝဲနော်ရထာ၏ ပေမူနှင့်မတူညီသဖြင့် လက်ဝဲနော်ရထာရေးသည်ဟု မယူဆပါ"ဟု ဖော်ပြထားသည်။

ဆရာမကြီး ဒေါ်အုန်းကြည်သည် လက်ဝဲနော်ရထာရေးသည်ဟုမယူဆကြောင်းသာဖော်ပြထားပြီး မည်သူရေးသည်ဟု အဆုံးအဖြတ်ပေးမထားပါ။ ထို့ကြောင့် "အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော"ချီ အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းသည် အခြားဆရာကြီးများ၏အယူအဆအရ တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုရေးသည်ဟု ယူဆရန်ရှိပြီး ဆရာမကြီး ဒေါ်အုန်းကြည်၏ သုတေသနပြုချက်အရ ကျမ်းပြုသူ အမည်မသိဟု မှတ်တမ်းတင်ထားရမည်ဖြစ်သည်။ ထို့ကြောင့်လည်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ပန်းရွှေပြည်စာအုပ်တိုက်က ထုတ်ဝေထားသော "အောင်သူတကာတို့၏ အထွတ်ဖြစ်တော်မူသော"ချီ အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းကို "ကျမ်းပြုသူအမည်မသိ"ဟု မှတ်တမ်းတင်ဖော်ပြထားသည်။ ထို့ကြောင့် တိကျခိုင်လုံသော မှတ်တမ်းမတွေ့မီ ဤအရေးတော်ပုံကျမ်းကို ကျမ်းပြုသူအမည်မသိဟူ၍သာ ယာယီမှတ်သားရမည်ဖြစ်ပေသည်။

ဤအရေးတော်ပုံကျမ်းသည် မြတ်စွာဘုရားရှင်အား စူဠပုဏ်၊ မဟာပုဏ်ညီနောင်က ဖူးမြော်သည်မှစ၍ ပျူစောထီးအကြောင်း၊ ပုဂံမင်း၊ အင်းဝမင်းတို့ အကြောင်းကို ဆိုထားပြီး နောက်ဆုံး အလောင်းမင်းတရားကြီး နတ်ရွာစံသည်ထိ ဖော်ပြထားသည်။ အရေးတော်ပုံတစ်ခုပြီးတိုင်း "အရေးတော်ပုံကားပြီး၏"ဟု ရေးသားထားသည်။

**ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံ**

ဟံသာဝတီဆင်ဖြူရှင် အရေးတော်ပုံကျမ်းကို သံတော်ဆင့် လက်ဝဲနော်ရထာပြုစုသည်ဟု ဖော်ပြခဲ့ကြသည်။ ဆရာမကြီး ဒေါက်တာရီရီက တွင်းသင်းမင်းကြီး ဦးထွန်းညိုရေးသည်ဟု ယူဆခဲ့သည်။ သို့သော် ဆရာကြီး ဒေါက်တာတိုးလှ တည်းဖြတ်သော "ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံမော်ကွန်းဥဒါန်း"စာအုပ်ထွက်လာသောအခါတွင် ထိုကျမ်းမှာ လက်ဝဲနော်ရထာရေးခြင်းလည်းမဟုတ်သကဲ့သို့ တွင်းသင်းမင်းကြီး ဦးထွန်းညိုလည်းမဟုတ်ဘဲ ဥဿရေအမတ်ကြီးပြုစုသည်ဟု သုတေသနပြုတင်ပြခဲ့သည်။ ကျမ်းပြုသည့်ကာလကို ညောင်ရမ်းမင်းတရားကြီးလက်ထက်ကာလပင် ရေးခဲ့မည်ဟုလည်း မှန်းဆထားသည်။ ဆရာကြီး ဒေါက်တာတိုးလှ၏ သုတေသနပြုချက်အရ ယခုအခါတွင် ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံကို ဥဿရေအမတ်ကြီးပြုစုသည်ဟု ပြင်ဆင်ဖော်ပြလာကြသည်။ ဟံသာဝတီဆင်ဖြူရှင်အရေးတော်ပုံကျမ်းသည် ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီး ဇေယျဝတီတပ်တော်သို့ ရောက်တော်မူသော အရေးတော်ပုံမှစ၍ ဟံသာဝတီမြို့တော်တွင် မြင်တင်၊ မြင်မိ၊ မြင်ဇာဟု၊ မြင်သိတင်စေတီတော် လေးဆူတည်သည်ထိ ဖော်ပြထား၏။

**ညောင်ရမ်းမင်းတရားကြီးအရေးတော်ပုံ**

ဤအရေးတော်ပုံကျမ်းကို မြင်းခုံတိုင်မြို့စားတရားသူကြီး အတုလဓမ္မိကရာဇ(လက်ဝဲသုန္ဒရ၏သား)ရေးသည်ဟု ၁၉၂၃ ခုနှစ်ထုတ် အရေးတော်ပုံငါးစောင်တွဲတို့တွင် ဖော်ပြခဲ့သည်။ ဆရာကြီး ဦးဖေမောင်တင်နှင့် ဆရာကြီး တက္ကသိုလ်မောင်မောင်ကြီးက လက်ဝဲနော်ရထာရေးတန်ရာသည်ဟု ဆိုထားသည်။ ဆရာမကြီး ဒေါက်တာရီရီက အတုလဓမ္မိကရာဇရေးခြင်းမဟုတ်သလို လက်ဝဲနော်ရထာရေးခြင်းလည်းမဟုတ်ကြောင်း၊ တစ်စုံတစ်ယောက်၏ရာဇဝင်စုဆောင်းထားချက်များသာဖြစ်ပြီး အရေးတော်ပုံကျမ်းစစ်စစ်လည်းမဟုတ်ကြောင်း ဆုံးဖြတ်ထားသည်။

**မဇ္ဈိမဒေသအရေးတော်ပုံ**

မဇ္ဈိမဒေသအရေးတော်ပုံကျမ်းသည် ၁၁၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်(၁၈၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်)တွင် ဒွါရာဝတီမြို့ဝန်မင်း နေမျိုးဇေယကျော်ထင်ပြုစုခဲ့သော ကျမ်းဖြစ်သည်။ ယခင်က ပုံနှိပ်မူဖြင့် မရှိခဲ့ပေ။ ၁၉၉၈ ခုနှစ်တွင် ဦးလှထွန်းဖြူတည်းဖြတ်၍ ရခိုင်သားကြီးစာပေက ထုတ်ဝေခဲ့မှသာ ပုံနှိပ်မူသို့ ရောက်ခဲ့ခြင်းဖြစ်သည်။ မဇ္ဈိမဒေသ အရေးတော်ပုံကျမ်းကို ဆရာမကြီး ဒေါက်တာရီရီက အရေးတော်ပုံကျမ်းမဟုတ် စာတမ်းသာဖြစ်သည်ဟု ဆိုခဲ့သည်။ တည်းဖြတ်ထုတ်ဝေခဲ့သူ ဆရာကြီး လှထွန်းဖြူက ရခိုင်ဒေသတွင် ဗဒုံမင်း၏ အာဏာဖြန့်ကြက်မှု၊ စစ်ပွဲများဆင်နွှဲမှုတို့ကို ရေးထားသောကျမ်းဖြစ်ပြီး ဗဒုံမင်းကိုယ်တိုင်က "ရခိုင်အရေးတော်"ဟုခေါ်သည့်အတွက် အရေးတော်ပုံကျမ်းဟု ခေါ်ထိုက်ကြောင်း ဆွေးနွေးထား၏။

**ဓမ္မစေတီအရေးတော်ပုံ**

ဆရာမကြီး ဒေါက်တာရီရီ အရေးတော်ပုံကျမ်းများရေတွက်ရာတွင် ဤအရေးတော်ပုံကျမ်းမပါခဲ့ပေ။ ဤအရေးတော်ပုံကျမ်းမှာ ပေမူဖြင့် တိမ်မြုပ်နေခဲ့၍ဖြစ်သည်။ ဓမ္မစေတီအရေးတော်ပုံကျမ်းကို ဆရာကြီးစောလူ မိတ်ဆက်နိဒါန်းရေး၍ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပန်းရွှေပြည်စာအုပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကျမ်းပြုသူအမည်ကို မသိရပေ။ ပန်းရွှေပြည်စာအုပ်တိုက်က ထုတ်ဝေသော ဓမ္မစေတီအရေးတော်ပုံကျမ်းနိဂုံးတွင် "သက္ကရာဇ် ၁၂၃၀ ပြည့်၊ နယုန်လပြည့်ကျော် ၅ ရက် အင်္ဂါနေ့ (၁၈၆၈ ခု ဇွန် ၉ ရက်) တက်နေ ကုလားနာရီ ၃ ချက်တီးချိန်တွင် ဓမ္မစေတီအရေးပုံကို ရေးကူး၍ပြီးအောင်မြင်ပါသည်ဘုရား"ဟု ပေကူးရက်စွဲပါ၏။ ဤနိဂုံးတွင် ဓမ္မစေတီအရေးပုံဟု သုံးနှုန်းထားသောကြောင့် အရေးတော်ပုံစစ်စစ်ဖြစ်ကြောင်း သိနိုင်သည်။

ဓမ္မစေတီအရေးတော်ပုံကျမ်းပြီးနှစ်ကို တိတိကျကျ မသိရသော်လည်း ၁၁၃၃ ခုနှစ်မတိုင်မီက ရေးသားပြုစုခဲ့သောကျမ်းဖြစ်သည်ဟု ဆရာကြီးစောလူက ခန့်မှန်းထား၏။ ဓမ္မစေတီအရေးတော်ပုံကျမ်းတွင် ဓမ္မစေတီမင်းကြီး၏ဘဝမှစ၍ သမိန်ဗရမ်းအကြောင်း၊ ဓမ္မစေတီမင်း၏ဖြတ်ထုံးများ၊ အမတ်ဒိန်တရားစီရင်ပုံအကြောင်းများ ပါရှိလေသည်။

❖ "ရတနာပူရအင်းဝမင်းတို့"ချီ အလောင်းမင်းတရားကြီးအရေးတော်ပုံကျမ်းကိုရေးသားခဲ့သူမှာ တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုဖြစ်သည်ဟု ၁၉၂၃ ခုနှစ်က ထုတ်ဝေခဲ့သော "အရေးတော်ပုံငါးစောင်တွဲ" တွင်ထည့်သွင်းဖော်ပြခဲ့သည်။ ထို့နောက်ပုံနှိပ်သော ပုံနှိပ်မှုများတွင်လည်း ဤအရေးတော်ပုံကျမ်းကို တွင်းသင်းမင်းကြီး ဦးထွန်းညိုရေးသည်ဟူ၍သာ ဖော်ပြကြသည်။ ဆရာလှသမိန်တည်းဖြတ်၍ ၁၉၆၁ ခုနှစ်တွင် ထုတ်ဝေခဲ့သော အလောင်းမင်းတရားကြီးအရေးတော်ပုံ နှစ်စောင်တွဲတွင်လည်း ဦးထွန်းညိုပင်ရေးကြောင်း ဖော်ပြထား၏။ ❖

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ဖန်းမောက်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် ၄၁၅၈ ဧက စိုက်ပျိုးပြီးစီး

**ကသာ ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၁၅၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ဖန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၆၂၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၁၅၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် ဖန်းမောက်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၅၆၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပြီး ဧက ၄၁၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ သီးနှံတွေမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေစိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖန်းမောက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၅၆၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဖန်းမောက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် နဂါးအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်နေမှု စစ်ဆေး



**မင်းလှ ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နဂါးအိုင်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နဂါးအိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ ကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မင်းလှမြို့နယ် နဂါးအိုင်ကျေးရွာ၌ အရှည် တစ်မိုင်ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိသော ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၁၂၅ သန်းဖြင့် စေတုတ္တရာ ချင်းတိုင်းရင်းသားများကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၂၂ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက နဂါးအိုင်ကျေးရွာရှိ စိုက်ပျိုးမြေ ၁၀၈၇ ဧကမှထွက်ရှိမည့် ထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။ **ကိုညီ**

## စစ်အချွန်အဖျား တံခွန်လွှားပြီ

\- "တက်နိုင် ဖျားရောက်"တဲ့
ကြောက်စိတ်တို့ လွင့်စဉ်ပြေး
သတ္တိသွေး နီမြန်းနေ၊
တပ်မတော်(လေ) ခံယူထား
စွန့်စားစွန့်လွှတ်စိတ်
ဦးထိပ်ပန်ပေ၊
စဉ်လာကောင်း သိကြားစေ
အရှိအားတွေ သက်သေညွှန်း၊
ကြည်း ရေ တပ် မသွေပေါင်းညီလို့
လေကြောင်းချီ စစ်ဆင်ရေးတွေနဲ့
ဆွေကောင်းပီ ပစ်နှင်မနှေး
စစ်သွေးမော်ကွန်း။

\- ခုနစ်ဆယ့်ငါးနှစ် ချိန်ယခု
စိန်ရတု လွန်ခဲ့ပြီ၊
ဖြတ်သန်းလာ နှစ်ရှည်ခရီးမှာ
စစ်ချီနည်း ဆင့်ဆင့်တက်
လက်နက်ခေတ်မီ၊
တပ်တော်ဝင် စံထုံးနှင့်
မြန်နှုန်းမြင့် လေယာဉ်တစ်လီ
ဒုံးကျည်တို့ စွမ်းပကား၊
လေယာဉ်တွေ ပစ်အားကောင်းနဲ့
ဝေဟင်ဇွေ စစ်ကစားပြောင်း
အားမောင်းကြီးမား။

\- စွန့်လွှတ်ခြင်း သူရဲကောင်း
သမိုင်းကြောင်း ရွှေသရဖူထဲက
လေသူရဲ ဗိုလ်ပီတာ၊
စီးချင်းထိုး တူယှဉ်သန်တဲ့
ကူမင်တန် တွန်းလှန်စစ်မှာ
မျိုးချစ်သူ ကြယ်တစ်ပွင့်
ကြွေလွင့်ခဲ့ရှာ၊
လွန်ရစ်ပေါ့ နှစ်များစွာ
ကြာပေမည့် မမေ့အား၊
သူ့ဝိညာဉ် အသွေးအသားတွေက
ခုထိပင် အေးမသွားဘဲ
လေတပ်သားတိုင်း ရင်ထဲတွင်
အစဉ်စွဲထင် တိမ်းညွှတ်
ကိန်းဝင်နေတကား။ ။

**မောင်လတ်(ကမ်းရိုးတန်း)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရန် ကုလသမဂ္ဂအထွေထွေညီလာခံတောင်းဆို

**နယူးယောက် ဒီဇင်ဘာ ၁၃**

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြောင်းရင်းများအရ ဂါဇာဒေသ၌ အပစ်အခတ်ချက်ချင်းရပ်စဲပေးရန် ကုလသမဂ္ဂအထွေထွေညီလာခံက ဒီဇင်ဘာ ၁၂ ရက်တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံက ဒီဇင်ဘာ ၁၂ ရက်တွင် မဲခွဲခဲ့ရာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် ၁၅၃ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြပြီး နိုင်ငံပေါင်း ၂၃ နိုင်ငံတို့က ပါဝင်မဲပေးခြင်းမရှိခဲ့ကြောင်း သိရသည်။


သို့သော် အမေရိကန်နိုင်ငံနှင့် အစ္စရေးအပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံတို့က ဂါဇာဒေသအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ကန့်ကွက်မဲပေးခဲ့ကြသည်။

ကုလသမဂ္ဂအထွေထွေညီလာခံက မဲခွဲအတည်ပြုခဲ့သော အဆိုပါ အပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်မူကြမ်းမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဒီဇင်ဘာ ၁၀ ရက် မဲခွဲပွဲတွင် အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့် ပိတ်ပင်ခဲ့သောဆုံးဖြတ်ချက်ဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်များသည် တရားဝင်လိုက်နာရန်မလိုသော်လည်း နိုင်ငံတကာရပ်တည်ချက်ကို ထင်ဟပ်နေမှုကြောင့် နိုင်ငံရေးအရ ဖိအားကြီးသည့်ဆုံးဖြတ်ချက်များဖြစ်ကြသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက် တိုက်ခိုက်ပြီးနောက် လက်ရှိတွင် အချိန်ကာလနှစ်လကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့် ဂါဇာစစ်ပွဲ စတင်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**




# ကမ္ဘာတစ်ဝန်းမှ ခရီးသွားအားလုံးကို ကင်ညာအစိုးရက ဗီဇာကင်းလွတ်ခွင့် ပေးမည်

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၃**

ကင်ညာနိုင်ငံသို့လာရောက်ကြမည့် ကမ္ဘာတစ်ဝန်းမှခရီးသွားဧည့်သည်များအနေဖြင့် လာမည့်နှစ် ဇန်နဝါရီလမှစ၍ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားရန် မလိုအပ်တော့ကြောင်း ကင်ညာသမ္မတဝီလျံရူတိုက ဒီဇင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ကင်ညာသို့လာရောက်မည့်ခရီးသွားဧည့်သည်များအနေဖြင့် ဗီဇာလျှောက်ထားရမည့်အစား အီလက်ထရွန်နစ်ခရီးသွားလာခွင့်များကြိုတင်ရယူနိုင်ရေးအတွက် ကင်ညာအစိုးရက ဒစ်ဂျစ်တယ်စနစ်တစ်ခုဖန်တီးပေးထားကြောင်း ကင်ညာသမ္မတ၏ အဆိုအရ သိရသည်။

ကမ္ဘာတစ်ဝန်းမည်သည့်နိုင်ငံမှ လာသူဖြစ်စေ ကင်ညာနိုင်ငံသို့ ဝင်ရောက်ရေးအတွက် လာမည့်နှစ် ဇန်နဝါရီလမှစ၍ ဗီဇာလျှောက်ထားရန်လိုအပ်တော့မည် မဟုတ်ကြောင်း ကင်ညာသမ္မတက ပြောကြားခဲ့သည်။

ကင်ညာသမ္မတသည် အာဖရိကတစ်တိုက်လုံး အတိုင်းအတာအရ ဗီဇာလွတ် ခရီးသွားခွင့်ပြုရေးကို လိုလားထောက်ခံသူဖြစ်သည်။

ဗြိတိန်လက်အောက်မှလွတ်လပ်ရေးရရှိမှု နှစ် ၆၀ ပြည့်အခမ်းအနားမိန့်ခွန်းတွင် ကမ္ဘာတစ်ဝန်းခရီးသွားဧည့်သည်အားလုံးအတွက် ဗီဇာကင်းလွတ်ခွင့်ပြုရေး အစီအစဉ်ကို ကင်ညာသမ္မတက ကြေညာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းသည် ကင်ညာနိုင်ငံ၏စီးပွားရေးအတွက် အရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဗီယက်နမ်ဝန်ကြီးချုပ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ တရုတ်သမ္မတနှင့်တွေ့ဆုံဆွေးနွေး



**ဟနွိုင်း ဒီဇင်ဘာ ၁၃**

တရုတ်သမ္မတရှီကျင့်ဖျင်သည် ဗီယက်နမ်နိုင်ငံခရီးစဉ် နောက်ဆုံးရက်ဖြစ်သည့် ယနေ့တွင် ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဗောင်ဒင်ဟွေးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာလာစေရေးအတွက် နှစ်နိုင်ငံလုံး၏ ဆုံးဖြတ်ချက်ကို မဟာဗျူဟာမြောက်ဆုံးဖြတ်ချက်အဖြစ် ဗီယက်နမ်ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် တရုတ်သမ္မတက ဂုဏ်ပြုစကားပြောကြားခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ဒီဇင်ဘာ ၁၂ ရက်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ငုယင်ဖူထရွန်းနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

ဒီဇင်ဘာ ၁၂ ရက်မှ ယနေ့ထိကြာမြင့်ခဲ့သော ဗီယက်နမ်ခရီးစဉ်သည် တရုတ်သမ္မတရှီကျင့်ဖျင်အတွက် ခြောက်နှစ်တာကာလအတွင်း ပထမဆုံးဗီယက်နမ်ခရီးစဉ်ဖြစ်သည်။

သမ္မတရှီကျင့်ဖျင်၏ ခရီးစဉ်အတွင်း တရုတ်နှင့်ဗီယက်နမ်တို့သည် ရထားလမ်းများအဆင့်မြှင့်တင်ရေးနှင့် လုံခြုံရေးနယ်ပယ်ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ ရယူနိုင်ခဲ့ကြသည်။

တရုတ်နှင့်ဗီယက်နမ်တို့သည် အစဉ်အလာအရ ဆက်ဆံရေးအားကောင်းလှသော်လည်း တောင်တရုတ်ပင်လယ်ကျွန်းစုဒေသများပိုင်ဆိုင်ခွင့်ပြဿနာကဲ့သို့ ပြဿနာများအတွက် သဘောထားအမြင်ကွဲလွဲနေကြဆဲဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# စီးပွားရေးအကျပ်အတည်းဖြင့်ရင်ဆိုင်နေရသည့် သီရိလင်္ကာကို အိုင်အမ်အက်ဖ်က ဒုတိယအကြိမ်ဘဏ္ဍာရေးအကူအညီ ထပ်မံထုတ်ပေး

**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)သည် စီးပွားရေးအကျပ်အတည်းနှင့်ရင်ဆိုင်နေရသည့် သီရိလင်္ကာနိုင်ငံအတွက် ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံကို ဒုတိယအကြိမ် ထပ်မံထုတ်ပေးရန် သဘောတူလိုက်ပြီဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

စီးပွားရေးပြဿနာများကိုဖြေရှင်းရာတွင် သီရိလင်္ကာအနေဖြင့် အောင်မြင်မှုအထိုက်အလျောက်ရရှိခဲ့ပြီးနောက် အိုင်အမ်အက်ဖ်ဘဏ္ဍာရေးအကူအညီ ဒုတိယအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၃၃၇ သန်း ထုတ်ပေးမည်ဖြစ်ကြောင်း အိုင်အမ်အက်ဖ်အမှုဆောင်ဘုတ်အဖွဲ့က ကြေညာထားသည်။

သီရိလင်္ကာနိုင်ငံသည် စီးပွားရေးအကျပ်အတည်းမှရုန်းထွက်ရေးအတွက် အိုင်အမ်အက်ဖ်၏တောင်းဆိုချက်များအတိုင်း အခွန်ဝင်ငွေမြှင့်တင်ခြင်း၊ ကြွေးမြီပြဿနာပြန်လည်ပုံစံချခြင်း၊ ငွေကြေးတန်ဖိုးဖောင်းပွမှုလျှော့ချခြင်း၊ ဘဏ္ဍာရေးတည်ငြိမ်မှုကာကွယ်ထိန်းသိမ်းခြင်းများကို အထိုက်အလျောက်အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။

အိုင်အမ်အက်ဖ်သည် သီရိလင်္ကာနိုင်ငံကို ကူညီရေးအတွက် ဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံကို လေးနှစ်အတွင်း အသုတ်လိုက်ခွဲ၍ ထုတ်ပေးရန်စီစဉ်ထားသည်။

သီရိလင်္ကာနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း မျက်မှောက်သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးစီးပွားရေးအကျပ်အတည်းနှင့်ရင်ဆိုင်ခဲ့ရပြီး အကျိုးဆက်အဖြစ် သမ္မတဟောင်း ဂိုတာဘာယာရာဇပက်ဆာ ရာထူးမှဖယ်ရှားခံခဲ့ရသည်။

၂၀၂၂ ခုနှစ် ဧပြီလတွင် သီရိလင်္ကာနိုင်ငံသည် အမေရိကန်ဒေါ်လာ ၈၃ ဘီလီယံကျော်ရှိသည့် ကြွေးမြီပမာဏကြောင့် ကြွေးမြီများ ပြန်လည်ပေးဆပ်ရန်မဖြစ်နိုင်ဟု ကြေညာခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# စီ ၉၁၉ ပထမဆုံးခရီးသည်တင်ဂျက်လေယာဉ် ဟောင်ကောင်သို့ရောက်ရှိ

**ဟောင်ကောင် ဒီဇင်ဘာ ၁၃**

တရုတ်ပြည်တွင်းမှာပင် တည်ဆောက်သည့် ပထမဆုံးခရီးသည်တင်ဂျက်လေယာဉ် အမျိုးအစားဖြစ်သော စီ ၉၁၉ ခရီးသည်တင်လေယာဉ်သည် ဒီဇင်ဘာ ၁၂ ရက်တွင် ဟောင်ကောင်သို့ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် စီ ၉၁၉ ကိုယ်ထည်ကျဉ်းခရီးသည်တင်ဂျက်လေယာဉ်များ၏ ပထမဆုံးတရုတ်ပြည်မကြီး ပြင်ပခရီးစဉ်ဖြစ်သည်။

ဟောင်ကောင်သို့ရောက်ရှိနေစဉ်အတွင်း စီ ၉၁၉ ခရီးသည်တင်လေယာဉ်သည် ဒီဇင်ဘာ ၁၆ ရက်တွင် ဟောင်ကောင်၏ ကမ္ဘာကျော်ဝိတိုရိယဆိပ်ကမ်းကို ဖြတ်ကျော်ပျံသန်းပြရန် စီစဉ်ထားသည်။




စီ ၉၁၉ ခရီးသည်တင်ဂျက်လေယာဉ်များကို တရုတ်အရပ်ဘက်သုံးလေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်း(ကိုမက်စ်)ကတည်ဆောက်ထားခြင်းဖြစ်သည်။


အမေရိကန်နိုင်ငံအခြေစိုက် ဘိုးအင်းကုမ္ပဏီနှင့် ဥရောပအခြေစိုက်အဲဘတ်စ်ကုမ္ပဏီတို့လွှမ်းမိုးထားသော နိုင်ငံတကာလေကြောင်းဈေးကွက်ကို စီ ၉၁၉ လေယာဉ်များဖြင့်ထိုးဖောက်ရန် တရုတ်နိုင်ငံက ရည်ရွယ်ထားသည်။

စီ ၉၁၉ လေယာဉ်သည် ဟောင်ကောင်နိုင်ငံတကာလေဆိပ်၌ ဒီဇင်ဘာ ၁၇ ရက်ထိရှိနေမည်ဖြစ်ပြီး ဟောင်ကောင်တာဝန်ရှိသူများ၊ လေကြောင်းလုပ်ငန်းတာဝန်ရှိသူများ၊ လူငယ်လူရွယ်များလေ့လာခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာ၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်က ကွန်ပျူတာစနစ်ပြဿနာကြောင့် မည်သည့်သတင်းအချက်အလက်ကိုမျှ ပြန်လည်ပေးပို့နိုင်မှုမရှိသေး



**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ကွန်ပျူတာစနစ်ပြဿနာတစ်ရပ်ကြောင့် မည်သည့်သတင်းအချက်အလက်ကိုမျှ ပြန်လည်ပေးပို့နိုင်မှု မရှိသေးကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

သက်တမ်း ၄၆ နှစ်ရှိပြီဖြစ်သည့် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် မြေပြင်မှပေးပို့သည့်သတင်းအချက်အလက်များကို လက်ခံနိုင်သော်လည်း ယာဉ်၏ကွန်ပျူတာစနစ်များတွင် ပြဿနာတစ်ရပ်ရှိနေပုံရကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ကွန်ပျူတာစနစ် ပြဿနာကြောင့် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်၏ ပျံသန်းမှုအချက်အလက်စုဆောင်းရေးစနစ်သည် မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အဆက်အသွယ်မလုပ်နိုင်သေးကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ပျံသန်းမှုအချက်အလက်ရယူရေးစနစ် (FDS) သည် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်၏ ပျံသန်းမှုအချက်အလက်များနှင့် စူးစမ်းလေ့လာရေးကိရိယာများမှ သတင်းအချက်အလက်များကို ရယူစုဆောင်းပေးသောစနစ်ဖြစ်သည်။

နာဆာအဖွဲ့သည် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်နှင့် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်ကို ၁၉၇၇ ခုနှစ်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ အာကာသယာဉ်နှစ်စင်းသည် ကမ္ဘာမြေနှင့် မိုင်ပေါင်း ၁၅ ဘီလီယံကျော်အကွာ အာကာသဟင်းလင်းပြင်အတွင်း ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## စပိန်သိပ္ပံပညာရှင်များက ကြယ်စုချင်းဆက် ကြယ်မျှင်တန်းတစ်ခုကို ပထမဆုံးအကြိမ်အဖြစ် မမျှော်လင့်ဘဲ ရှာဖွေတွေ့ရှိခဲ့

**မက်ဒရစ် ဒီဇင်ဘာ ၁၃**

စပိန်နိုင်ငံမှ သိပ္ပံပညာရှင်များသည် ကြယ်စုချင်းဆက် ကြယ်မျှင်တန်းတစ်ခုကို ပထမဆုံးအကြိမ်အဖြစ် မမျှော်လင့်ဘဲ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကြယ်မျှင်တန်းသည် အလျားအားဖြင့် နဂါးငွေ့တန်းကြယ်စုထက် ၁၀ ဆပို၍ရှည်လျားကြောင်း စပိန်နိုင်ငံ ကနေရီကျွန်းစုနက္ခတ္တရူပဗေဒအင်စတီကျူမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ကြယ်မျှင်တန်းများသည် တစ်စင်းနှင့်တစ်စင်း ဒြပ်ဆွဲအားဖြင့် စည်းနှောင်ထားသောကြယ်မျှင်တန်းများဖြစ်သည်။

ယခင်က သိပ္ပံပညာရှင်များသည် နဂါးငွေ့တန်းကြယ်စုအပါအဝင် ကြယ်စုအများအပြားတွင်တည်ရှိနေသည့် ကြယ်မျှင်တန်းများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ကြယ်စုကြီးများကြားတည်ရှိနေသည့် ကြယ်မျှင်တန်းများကိုမူ သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကြယ်မျှင်တန်းသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၃၂၀ သန်းအကွာတွင် တည်ရှိသည့် အေဘယ်လ်-၁၆၅၅ အမည်ရှိ ကြယ်စုအစုအဝေးအတွင်း ရှည်လျားစွာ ဖြန့်ကြက်တည်ရှိနေကြောင်း သိရသည်။



Ref : Russia Today

Trs : KKO

## ယောင်ကန်း- ၃၉ အုပ်စုဝင်ဂြိုဟ်တုသစ်သုံးစင်းကို လောင်းမတ်ချ်-၂ ဒုံးပျံဖြင့် တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်ခဲ့

**ပေကျင်း ဒီဇင်ဘာ ၁၃**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လောင်းမတ်ချ်ဒုံးပျံများ၏ အကြိမ် ၅၀၀ မြောက် အာကာသမစ်ရှင်အဖြစ် ယောင်ကန်း-၃၉ အုပ်စုဝင်ဂြိုဟ်တုသစ်သုံးစင်းကို ဒီဇင်ဘာ ၁၀ ရက်က လောင်းမတ်ချ်-၂ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

ယောင်ကန်း-၃၉ ဂြိုဟ်တုသစ်သုံးစင်းကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၂ ဒုံးပျံကို ရှီချန်းအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ ဒုံးပျံသည် ယောင်ကန်း-၃၉ ဂြိုဟ်တုများကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၀၇ မိုင်တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၀ ရက်က လွှတ်တင်ခဲ့သည့် အဆိုပါဂြိုဟ်တုသုံးစင်းသည် ပဥ္စမမြောက်အသုတ် ယောင်ကန်း-၃၉ ဂြိုဟ်တုများဖြစ်ကြကြောင်း သိရသည်။

ယောင်ကန်း-၃၉ ဂြိုဟ်တုများကို တရုတ်အာကာသနည်းပညာအကယ်ဒမီနှင့် ရှန်ဟိုင်းအာကာသနည်းပညာအကယ်ဒမီတို့က တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံက လွှတ်တင်ခဲ့သည့် လောင်းမတ်ချ်ဒုံးပျံမစ်ရှင် ၅၀၀ အနက် ၂၀၃ ခုကို တရုတ်အာကာသနည်းပညာအကယ်ဒမီက လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဆီရိုတိုနင်ဟော်မုန်းကျဆင်းမှုက ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှုနှင့်ဆက်စပ်နိုင်

**နယူးယောက် ဒီဇင်ဘာ ၁၃**

ဆီရိုတိုနင် (Serotonin) ခေါ် ဦးနှောက်ဟော်မုန်းတစ်မျိုးကျဆင်းမှုသည် အသက်ကြီးလာချိန်တွင် ဦးနှောက်စွမ်းဆောင်ရည် ကျဆင်းမှုနှင့်ဆက်စပ်နိုင်ကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုပြဿနာရှိနေသူများ၏ ဦးနှောက်အတွင်း ဆီရိုတိုနင်ဟော်မုန်းစုစည်းမှု အဆင့်သည် ကျန်းမာရေး ကောင်းသူများနှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်း တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အထက်ဖော်ပြပါလူနာများ၌ ဦးနှောက်အတွင်း အမီလွိုက်ဘီတာပရိုတင်း စုစည်းမှုအဆင့်မှာလည်း ပုံမှန်ထက် ပိုမြင့်မားနေတတ်ကြောင်း သိရသည်။

အမီလွိုက်ဘီတာပရိုတင်းသည် အယ်ဇိုင်းမားရောဂါလူနာများ၏ ဦးနှောက်အတွင်း စုစည်းနေတတ်သည့် ပရိုတင်းတစ်မျိုးဖြစ်သည်။

သို့ဖြစ်ရာ ဦးနှောက်၏အဓိကနယ်မြေများအတွင်း ဆီရိုတိုနင်ဟော်မုန်းကျဆင်းမှုသည် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှုနှင့် ဆက်စပ်နေနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းနေသူ ၄၉ ဦးနှင့် ကျန်းမာရေးကောင်းမွန်သူ ၄၅ ဦး၏ ဦးနှောက်ဓာတ်မှန် ရလဒ်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စိတ်ဖိအားဝင်နေစဉ် အဆီဓာတ်မြင့်မားသည့် အစားအစာများစားသုံးပါက စိတ်ဖိအားပိုဆိုးနိုင်

**လန်ဒန် ဒီဇင်ဘာ ၁၃**

စိတ်ဖိအားဝင်နေစဉ်အတွင်း အဆီဓာတ်ပါဝင်မှု မြင့်မားသည့် အစားအစာများ စားသုံးခဲ့ပါက စိတ်ဖိအား ပိုဆိုးလာနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

စိတ်ဖိအားဝင်နေစဉ်ကာလများအတွင်း အဆီပါဝင်မှုမြင့်မားသည့်အစားအစာများ စားသုံးမှုကြောင့် စိတ်ဖိအားအကျိုးသက်ရောက်မှုများမှ ပြန်လည်နာလန်ထနိုင်စွမ်း ထိခိုက်ပျက်စီးသွားနိုင်ကြောင်း ဗြိတိန်နိုင်ငံ ဘာမင်ဂမ် တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ဖိအားဝင်နေစဉ်အတွင်း အဆီဓာတ်မြင့်မားသည့် အစားအစာများစားသုံးမှုကြောင့် ဦးနှောက်အတွင်း သွေးကြောဆိုင်ရာ လုပ်ဆောင်ချက်များ ကျဆင်းသွားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် စိတ်ဖိအားဝင်နေချိန်တွင် အဆီဓာတ်ပါဝင်မှုမြင့်မားသည့် အစားအစာများစားသုံးပါက နှလုံးသွေးကြောများ၏ စွမ်းဆောင်ရည် ကျဆင်းလာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ စိတ်ဖိအားဝင်ရောက်ချိန် အဆီဓာတ်မြင့်မားသည့်အစားအစာများစားသုံးမှုသည် စိတ်ဖိအားဝင်နေသူများ၏ စိတ်အခြေအနေများအပေါ် အကျိုးသက်ရောက်မှုရှိနေနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စိတ်ဖိအားဝင်နေချိန် အဆီဓာတ်များသည့် အစားအစာများ စားသုံးမှုသည် စိတ်ဖိအားဒဏ်မှ ပြန်လည်နာလန်ထူနိုင်စွမ်း ကျဆင်းမှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဂျူဗင်တပ်ခံစစ်ကစားသမားဟောင်း ချီလီနီ ကစားသမားဘဝမှအနားယူကြောင်း ထုတ်ပြန်ကြေညာ

**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

အမေရိကန် မေဂျာလိဂ်ကလပ် အယ်အေအက်ဖ်စီအသင်းနှင့်ကစားနေသည့် ဂျူဗင်တပ်အသင်းကစားသမားဟောင်းချီလီနီသည် ကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

၎င်းသည် ပြီးခဲ့သည့်စနေနေ့က မေဂျာလိဂ်ဖလားဗိုလ်လုပွဲစဉ်တွင် ကိုလံဘတ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် ပါဝင်ကစားပေးခဲ့ပြီးနောက် ဒီဇင်ဘာ ၁၂ ရက်က ကစားသမားဘဝမှ အနားယူရန် အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက် ၃၉ နှစ်ရှိ ခံစစ်ကစားသမားသည် ၂၀၀၀ ပြည့်နှစ်က အီတလီကလပ် လီဗော်နိုအသင်းနှင့် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို စတင်ခဲ့ပြီးနောက် ၂၀၀၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ဂျူဗင်တပ်အသင်းတွင် ပြိုင်ပွဲစုံ ၅၆၂ ပွဲကစားခဲ့ရာ ခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းနှင့်အတူ ၎င်း၏အမည်ကိုရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

ချီလီနီသည် ဘယ်တောင်ပံခံစစ်ကစားသမား တစ်ဦးဖြစ်သော်လည်း ဂျူဗင်တပ်အသင်းအနေဖြင့် စီးရီးဘီသို့ ရောက်ရှိခဲ့သည့်နှစ်တွင် အသင်းဗဟိုခံစစ်ပိုင်း၌ ပါဝင်ကာ အသင်းကိုဆုဖလားရယူ၍ စီးရီးအေသို့ တန်းတက်ခွင့်ရရှိအောင် ကူညီနိုင်ခဲ့ပြီး အသင်းနှင့်ကစားခဲ့သည့် ၁၇ နှစ်ကာလအတွင်း စီးရီးအေဆုဖလား ကိုးကြိမ်၊ ကိုပါအီတာလီယာဖလားငါးကြိမ် ရရှိခဲ့သကဲ့သို့ နိုင်ငံလက်ရွေးစင် အီတလီအသင်းတွင်လည်း ပြိုင်ပွဲစုံ ၁၁၇ ပွဲ ပါဝင်ခဲ့ရာတွင် ၂၀၂၀ ယူရိုဖလားရရှိအောင်ကူညီနိုင်ခဲ့သူဖြစ်သည်။

၎င်းသည် ၂၀၂၂ ခုနှစ်က မေဂျာလိဂ်ကလပ်သို့ ပြောင်းရွှေ့ခဲ့သည့် ပထမဆုံးဘောလုံးရာသီတွင်လည်း အသင်းဖော်ဂါရက်ဘေး၊ ကားလိုဗီလာတို့နှင့်အတူ မေဂျာလိဂ်ချန်ပီယံဆုဖလား ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- Puma အားကစားကုမ္ပဏီက လာမည့် ၂၀၂၄ ခုနှစ်တွင် အစ္စရေးနိုင်ငံလက်ရွေးစင်အသင်း၊ ဆားဘီးယားလက်ရွေးစင် အသင်းတို့နှင့် စပွန်ဆာစာချုပ် ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- ဖီဖာကထုတ်ပြန်သည့် တစ်နှစ်တာအကောင်းဆုံးနည်းပြဆု ဆန်ခါတင်စာရင်းတွင် အမျိုးသားဆုအတွက် နည်းပြဂွါဒီယိုလာနှင့်အမျိုးသမီးဆုအတွက် နည်းပြဝိုင်ဂ်မန်းတို့ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း သိရသည်။
- စိန့်ဂျိုလိုစီအသင်းနှင့် ကစားမည့်ယူရိုပါလိဂ်ပွဲစဉ်တွင် ဂိုးသမား အယ်လစ်ဆင်၊ ခံစစ်ကစားသမား အာနိုးနှင့်ဗန်ဒိုက်၊ တိုက်စစ်မှူး ဆာလာဟ်တို့ပါဝင်မည်မဟုတ်ကြောင်း လီဗာပူးအသင်းက ထုတ်ပြန်ခဲ့သည်။

**ML**

# ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ပြီးဆုံးချိန်တွင် မန်ယူအသင်း ဥရောပပြိုင်ပွဲမှထွက်ခွာခဲ့ရ



**မန်ချက်စတာ ဒီဇင်ဘာ ၁၃**

မန်ယူအသင်းသည် ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အမှတ်ပေးဇယားအောက်ဆုံးတွင်သာ ရပ်တည်နိုင်ခဲ့သဖြင့် ဥရောပပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။

မန်ယူအသင်းသည် အုပ်စုပွဲစဉ် ငါးပွဲအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်ထားသဖြင့် ကိုပင်ဟေဂင်နှင့် ဂါလာတာစာရေးအသင်းတို့အနေဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပါက မန်ယူအသင်းသည် ဘိုင်ယန်မြူးနစ်ကိုအနိုင်ကစားနိုင်လျှင် ချန်ပီယံလိဂ်အုပ်စုအဆင့်မှ တက်ရောက်နိုင်မည့် အခွင့်အရေး ရှိနေခဲ့သည်။

သို့သော် မန်ယူအသင်းသည် ယခုပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းကို ပွဲကစားချိန် မိနစ် ၇၀ အရောက်တွင် ကင်စလေကိုးမန်း၏ သွင်းဂိုးဖြင့် တစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သကဲ့သို့ အခြားပွဲစဉ်မှ ကိုပင်ဟေဂင်အသင်းကလည်း ဂါလာတာစာရေးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သောကြောင့် မန်ယူအသင်းသည် အမှတ်ပေးဇယားအောက်ဆုံးတွင်ရောက်ရှိခဲ့သဖြင့် ဥရောပပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အုပ်စုပွဲစဉ် ပြီးဆုံးချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းက ငါးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၆ မှတ်ဖြင့် အုပ်စုပထမ၊ ကိုပင်ဟေဂင်အသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယတို့ဖြင့် (၁၆)သင်းရှုံးထွက် တက်ရောက်နိုင်ခဲ့ပြီး ဂါလာတာစာရေးအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး အုပ်စုတတိယဖြင့် ယူရိုပါလိဂ် play-off အဆင့်မှ ဝင်ရောက်ကစားခွင့်ရရှိခဲ့သော်လည်း မန်ယူအသင်းအနေဖြင့် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံး အုပ်စုနောက်ဆုံးဖြင့် ဥရောပပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ကစားသမားသစ်ခေါ်ယူရာတွင် အများဆုံး ငါးနှစ်စာချုပ်ချုပ်ဆိုရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ သဘောတူ

**လန်ဒန် ဒီဇင်ဘာ ၁၃**

ပရီးမီးယားလိဂ်ဘုတ်အဖွဲ့နှင့် အသင်းပိုင်ရှင်များ ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ကလပ်အသင်းများအနေဖြင့် ကစားသမားသစ်ခေါ်ယူရာ၌ အများဆုံးငါးနှစ်စာချုပ်သာချုပ်ဆိုရန် မဲပေးဆုံးဖြတ်ခဲ့ရာတွင် သဘောတူညီမှုရရှိခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပရီးမီးယားလိဂ်အသင်းပိုင်ရှင်များက ယူအီးအက်ဖ်အေကချမှတ်ထားသည့်စည်းမျဉ်းအတိုင်း ကစားသမားသစ်ခေါ်ယူရာတွင် အရစ်ကျပေးချေသည့်စနစ်ကို သဘောတူလက်ခံခဲ့ပြီး ကစားသမားသစ်များစာချုပ်ချုပ်ဆိုခြင်းနှင့်သက်တမ်းတိုးစာချုပ်များတွင် အများဆုံး ငါးနှစ်သက်တမ်းသာချုပ်ဆိုမည့် သဘောတူညီမှုကိုလည်း ရယူခဲ့ကြသည်။

ထို့ပြင် ကလပ်အသင်းအားလုံးအနေဖြင့် အခြားအောက်တန်းကလပ်အသင်းများ သို့မဟုတ် ချန်ပီယံရှစ်ကလပ် အသင်းများကို ကစားသမား အပြောင်းအရွှေ့အတွက်ပေးချေရန် ကြွေးမြီရှိပါက ကစားသမားသစ်ထပ်မံခေါ်ယူခြင်းမပြုလုပ်ရန်၊ပြောင်းရွှေ့ကြေးကြွေးမြီ ပေးချေပြီးမှသာ ထပ်မံခေါ်ယူနိုင်ရန် အသင်းပိုင်ရှင်များနှင့် ပရီးမီးယားလိဂ်အဖွဲ့ချုပ်တို့ သဘောတူညီမှုရယူခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ချဲလ်ဆီးအသင်းသည် အန်ဇိုဖာနန်ဒက်စ်၊ မက်ဒရိုင်းစ်၊ ကာစီဒိုတို့ကို ခေါ်ယူရာတွင် ရှစ်နှစ်သက်တမ်းရှိသည့် ကာလရှည်စာချုပ် ချုပ်ဆိုခဲ့ပြီး ပြောင်းရွှေ့ကြေးကိုအရစ်ကျပေးရန် သဘောတူညီမှုရရှိခဲ့သောကြောင့် ကလပ်အသင်းအနေဖြင့် ကစားသမားဝယ်ယူရာတွင် ကြွေးမြီကျန်ရှိနေသော်လည်း ကာလရှည်အရစ်ကျပေးချေမှုကြောင့် ဝင်ငွေ၊ ထွက်ငွေ စည်းမျဉ်းနှင့်ကိုက်ညီနေသည့်အတွက် ကစားသမားသစ်ထပ်မံခေါ်ယူခွင့်ရရှိခဲ့သဖြင့် ယခုအခါ ပရီးမီးယားလိဂ်ဘုတ်အဖွဲ့နှင့် ကလပ်အသင်းအားလုံးက ကစားသမားတစ်ဦးလျှင် ငါးနှစ်စာချုပ်သာ အများဆုံးချုပ်ဆိုရန် ဆန္ဒမဲပေး၍ ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ATP Tour ၏ ၂၀၂၃ ခုနှစ်အတွက် ပရိသတ်အနှစ်သက်ဆုံးဆုကို အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာ ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၃**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် ATP Tour က ယခုနှစ်အတွက် ပရိသတ်အနှစ်သက်ဆုံး ကစားသမားဆုမဲပေးရွေးချယ်မှုပြုလုပ်ခဲ့ရာတွင် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာက မဲအများဆုံးဖြင့် ပရိသတ်အနှစ်သက်ဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ဆင်နာသည် ယခုနှစ် တင်းနစ်ရာသီအတွင်း Tour Level တင်းနစ်ပြိုင်ပွဲ လေးရပ်တွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် အီတလီအသင်းနှင့်အတူ Davis Cup တင်းနစ်ပြိုင်ပွဲတွင် ၁၉၇၆ ခုနှစ်နောက်ပိုင်းပထမဦးဆုံးအကြိမ်အဖြစ် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည်။

ဂျန်နစ်ဆင်နာသည် ယခုနှစ်အတွင်း ပြသနိုင်ခဲ့သောစွမ်းဆောင်ရည်များနှင့် အောင်မြင်မှုများကြောင့် ကမ္ဘာ့အဆင့်ရပ်တည်ချက်တွင် အဆင့်(၄)နေရာဖြင့် တင်းနစ်ရာသီကို အဆုံးသတ်နိုင်ခဲ့သည်။

ဂျန်နစ်ဆင်နာသည် မကြာသေးမီကကျင်းပခဲ့သော တစ်နှစ်တာအကောင်းဆုံးကစားသမားဆုချီးမြှင့်ပွဲတွင်လည်း ယခုနှစ်အတိုးတက်ဆုံးကစားသမားဆုနှင့် Stefan Edberg Sportsmanship Award ဆုကိုပါ ဆွတ်ခူးခဲ့သည်။




ဂျန်နစ်ဆင်နာ ယခုနှစ်အတွင်း ရရှိခဲ့သောအောင်မြင်မှုများကြောင့် ဂျန်နစ်ဆင်နာ၏နည်းပြများဖြစ်သည့် ဒါရင့်ကာဟေးလ်နှင့် ဆီမွန်နီတို့မှာလည်း တစ်နှစ်တာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့ကြသည်။

အခြားသော ဆုတစ်ဆုအဖြစ် တစ်နှစ်တာပရိသတ်အနှစ်သက်ဆုံး အမျိုးသားနှစ်ယောက်တွဲ တင်းနစ်အတွဲအဖြစ် ရုရှားတင်းနစ်ကစားသမားများဖြစ်ကြသည့် ကာချန်နော့ဗ်နှင့် ရူဘလက်ဗ်တို့အတွဲက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ လေးခုတွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် အယ်အီတီဟတ်အသင်းတိုက်စစ်မှူး ဘင်ဇီးမား မှတ်တမ်းဝင်




**ရီယာ့ဒ် ဒီဇင်ဘာ ၁၃**

ဆော်ဒီကလပ် အယ်အီတီဟတ်အသင်းတိုက်စစ်မှူး ဘင်ဇီးမားသည် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ လေးခုတွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အယ်အီတီဟတ်အသင်းက နယူးဇီလန်ကလပ် အော့ကလန်စီးတီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် မိနစ် ၄၀ ၌ အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် လက်ရှိကမ္ဘာ့အကောင်းဆုံးကစားသမားများအဖြစ်ရပ်တည်နေသည့် စီရော်နယ်ဒိုနှင့် မက်ဆီတို့မရခဲ့ဖူးသည့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ လေးခုတွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံး ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဘင်ဇီးမားသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းဟောင်း ရီးရဲလ်မက်ဒရစ် အသင်းနှင့်အတူ ပြိုင်ပွဲသုံးခုတွင် ဂိုးသွင်းယူနိုင်ခဲ့ပြီး ယခုအခါတွင်လည်း အယ်အီတီဟတ်အသင်းနှင့် ထပ်မံဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အယ်အီတီဟတ်အသင်းသည် ဒုတိယအဆင့်တွင် အာဖရိကကိုယ်စားပြုကလပ်အသင်းဖြစ်သည့် အယ်ဟိုင်လာအသင်းနှင့် ထပ်မံကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : STA

# အိုင်ယာလန်နိုင်ငံ တစ်နှစ်တာအကောင်းဆုံးအမျိုးသား ဂေါက်သီးရိုက်ကစားသမားဆုကို မက်ကင်ဘင် ဆွတ်ခူး

**ဒပ်ဗ်လင် ဒီဇင်ဘာ ၁၃**

အိုင်ယာလန်နိုင်ငံ Irish Golf Writers' Association က ယခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးအမျိုးသားဂေါက်သီးရိုက်ကစားသမားနှင့် အမျိုးသမီးဂေါက်သီးရိုက်မယ်တို့ကို ရွေးချယ်ချီးမြှင့်ခဲ့ရာ မက်ကင်ဘင်က တစ်နှစ်တာအကောင်းဆုံးအမျိုးသားဂေါက်သီးရိုက်ကစားသမားဆုကို ဆွတ်ခူးခဲ့ပြီး မက်ဂွဲယားက တစ်နှစ်တာအကောင်းဆုံးအမျိုးသမီး ဂေါက်သီးရိုက်မယ်ဆုကို ဆွတ်ခူးခဲ့ကြောင်း Irish Golf Writers' Association က ထုတ်ပြန်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ သာရှိသေးသည့် မက်ကင်ဘင်သည် ပြီးခဲ့သောဇွန်လက Porsche European Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့သူဖြစ်ပြီး အိုင်ယာလန်အမျိုးသား ဂေါက်သီးရိုက်လောကတွင် အလားအလာအကောင်းဆုံးလူငယ်ဂေါက်သီးရိုက်ကစားသမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

မက်ဂွဲယားသည် အိုင်ယာလန်အမျိုးသမီးဂေါက်သီးရိုက် လောကတွင် အောင်မြင်မှုအများဆုံး ဂေါက်သီးရိုက်မယ်အဖြစ် သတ်မှတ်ခံထားရသလို ယခုနှစ်ဂေါက်သီးရိုက်ရာသီတွင်လည်း Meijer LPGA Classic ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို ဆွတ်ခူးခဲ့သလို European Team နှင့်အတူ Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သူလည်း ဖြစ်သည်။

မက်ကင်ဘင်က "ဒီနှစ်အတွင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့တဲ့ ပြိုင်ပွဲတွေမှာ ကျွန်တော့်အနေနဲ့အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ PGA Tour တွေမှာ အောင်မြင်မှုရယူချင်တယ်။ လာမဲ့နှစ်မှာ အဓိကဆုဖလားတွေကို စိန်ခေါ်နိုင်အောင်လဲ ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL



# အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်ကစားမည့် ရှမ်းယူနိုက်တက်အသင်းနှင့် ဖနွမ်းပင်ခရောင်းအသင်းတို့ သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားမည့် ရှမ်းယူနိုက်တက်အသင်းနှင့်ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းတို့ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ ရှမ်းယူနိုက်တက်အသင်းနည်းပြ ဦးဟန်ဝင်းအောင်၊ ခံစစ်ကစားသမား နန္ဒကျော်၊ ဖနွမ်းပင်ခရောင်းအသင်း နည်းပြစတာယန်စကီးနှင့် ခံစစ်ကစားသမား စိုးမိုးကျော်တို့ တက်ရောက်ခဲ့ကြပြီး ဒေသတွင်းမီဒီယာများ၏ မေးမြန်းမှုများကို အသီးသီးဖြေကြားခဲ့ကြသည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြ ဦးဟန်ဝင်းအောင်က "နောက်ဆုံးပွဲစဉ်ကို အိမ်ကွင်းမှာကစားရတာကြောင့် ရလဒ်ကောင်းရရှိအောင် ကြိုးစားသွားမှာပါ။ ပေးဂိုးအများအပြားပေးနေရတာကိုလဲ အကောင်းဆုံးပြင်ဆင်သွားမှာပါ။ကျွန်တော်တို့ ရာသီမစခင်က ပြိုင်ပွဲနှစ်ခုအတွက် ကစားသမားကောင်းတွေခေါ်ထားတယ်ဆိုပေမဲ့ ကစားသမားတွေရဲ့ အနာဂတ်အတွက် အသင်းက ထွက်ခွာခွင့်ပေးထားလို့ အသင်းအတွက် နစ်နာခဲ့ရပါတယ်။ အေအက်ဖ်စီဖလားပြိုင်ပွဲဝင်အခြားအသင်းတွေက နိုင်ငံခြားသားကစားသမားခြောက်ဦးထိ ခေါ်ထားတဲ့အပြင် တခြားနိုင်ငံသားခံယူထားတဲ့ ကစားသမားတွေ အများအပြား ပါဝင်နေလို့ ကစားရတာခက်ခဲပါတယ်"ဟု ပြောကြားခဲ့သည်။

အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ဖနွမ်းပင်ခရောင်းအသင်းတို့သည် ဒီဇင်ဘာ ၁၄ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံစိန်ခေါ်ပွဲအတွက် လှေ့ကျင့်မှုပြုလုပ်နေကြောင်း တိုင်ဆန်ဖျူရီ ထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၁၃**

ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီနှင့် ယူကရိန်းလက်ဝှေ့သမား အလက်ဇန်းဒါးအူဆက်ခ်တို့သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ထိုးသတ်ရန် သဘောတူညီချက်ရရှိခဲ့ပြီးနောက် တိုင်ဆန်ဖျူရီက စိန်ခေါ်ပွဲအတွက် ပြင်ဆင်လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ထုတ်ပြန်လာခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ တိုင်ဆန်ဖျူရီနှင့် WBA (Super)၊IBF၊WBO၊IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ အလက်ဇန်းဒါးအူဆက်ခ်တို့သည် ယခုနှစ်အတွင်းထိုးသတ်ရန် သဘောတူညီချက်ရရှိခဲ့ဖူးသော်လည်း ထိုးသတ်ကြေး ညှိနှိုင်းမရသည့်အတွက် သဘောတူညီချက် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

တိုင်ဆန်ဖျူရီသည် အလက်ဇန်းဒါးအူဆက်ခ်နှင့် မထိုးသတ်ရဲသည့်အတွက် အလက်ဇန်းဒါးအူဆက်ခ်၏စိန်ခေါ်မှုများကိုငြင်းဆန်နေခြင်းဖြစ်ကြောင်း လက်ဝှေ့လောကသားများက ဝေဖန်မှုများပြုလုပ်လာခဲ့သည့်အတွက် တိုင်ဆန်ဖျူရီက အလက်ဇန်းဒါးအူဆက်ခ်နှင့် ထိုးသတ်ရန် ဆုံးဖြတ်ခဲ့သည်။

တိုင်ဆန်ဖျူရီနှင့် အလက်ဇန်းဒါးအူဆက်ခ်တို့ စိန်ခေါ်ပွဲထိုးသတ်ရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် လက်ဝှေ့လောက၏ သမိုင်းဝင်ပွဲတစ်ပွဲ ဖြစ်လာနိုင်သည်ဟု လက်ဝှေ့လောကသားများကသုံးသပ်ထားကြကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးခံစစ်ကစားသမားအဖြစ် ဆီဗီလာအသင်းခံစစ်ကစားသမား ရာမို့စ် စံချိန်သစ်တင်



**မက်ဒရစ် ဒီဇင်ဘာ ၁၃**

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် ဆီဗီလာအသင်းနှင့်လန်းအသင်းတို့ပွဲစဉ်တွင် ဆီဗီလာအသင်းခံစစ်ကစားသမား ရာမို့စ်သည် ပင်နယ်တီမှတစ်ဆင့် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် သွင်းဂိုးအများဆုံးသွင်းယူနိုင်ခဲ့သည့် ခံစစ်ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်။

လန်းအသင်းက ဆီဗီလာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ် ပွဲချိန် ၇၉ မိနစ်တွင် ဆီဗီလာအသင်းက ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ကာ ရာမို့စ်က ကန်သွင်းယူခဲ့ပြီး ဂိုးသမား ဆမ်ဘာကကာကွယ်နိုင်ခဲ့သော်လည်း ဆမ်ဘာအနေဖြင့် ဂိုးစည်းကို ခြေထောက်မထိဘဲ ဖမ်းခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီးက ဆီဗီလာအသင်းကို နောက်တစ်ကြိမ် ထပ်မံကန်သွင်းခွင့်ပြုခဲ့ရာ ရာမို့စ်က အမှားအယွင်းမရှိ ကန်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ရာမို့စ်သည် လန်းအသင်းနှင့် ပွဲစဉ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၁၇ ဂိုး ရှိလာခဲ့ပြီးနောက် ဘာစီလိုနာအသင်းဖော်ဟောင်း တစ်ဦးဖြစ်သည့် ပီကေးနှင့် ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း ရော်ဘတ်တိုကားလို့စ်တို့၏ ၁၆ ဂိုး စံချိန်ကို တစ်ဂိုးအသာဖြင့်ကျော်ဖြတ်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ခံစစ်ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ရာမို့စ်အနေဖြင့် စံချိန်သစ်တင်နိုင်ခဲ့သော်လည်း ဆီဗီလာအသင်းအနေဖြင့် လန်းအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုခြောက်ပွဲကစားခဲ့ရာ နိုင်ပွဲမရှိခဲ့ဘဲ နှစ်ပွဲသရေ လေးပွဲရှုံးရလဒ်ဖြင့်အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : STA

# အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်မှုနှင့် အောင်မြင်မှု

မောင်သောင်းဝင်း(တမန်ဟောင်း)

လူတစ်ဦးတစ်ယောက်၏အောင်မြင်မှုသည် ထိုသူ၏အချိန်ကို မည်သို့မည်ပုံအသုံးချသွားသည်ဆိုသော အချက်နှင့် ကြိုးပမ်းအားထုတ်မှုအပေါ်တွင် များစွာမူတည်လျက်ရှိသည်။ အချိန်ကို အကျိုးရှိစွာအသုံးချသူများသည် ဘဝတွင် အောင်မြင်မှုဆိုသောပန်းတိုင်ကို ဆွတ်ခူးနိုင်ကြသည်။ အချိန်ဖြုန်းတီးသူများကတော့ မပြည့်စုံမှုများ၊ ကျရှုံးမှုများနှင့်သာ ရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်သည်။ အချိန်ကို အကျိုးရှိစွာအသုံးပြုသူများနှင့် ဖွဲ့စည်းထားသော Institution များနှင့် တိုင်းပြည်များသည် အောင်မြင်တိုးတက်ကြပြီး အချိန်ဖြုန်းတီးသူများနှင့် ဖွဲ့စည်းထားသော Institution များနှင့် နိုင်ငံများကတော့ ဆုံးရှုံးမှုများ၊ ဆင်းရဲမှုများနှင့်သာ သံသရာလည်နေမည်ဖြစ်သည်။

**အချိန်ဖြုန်းတီးသူများ**

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရှိ အချို့သောသူများသည် တန်ဖိုးရှိသောအချိန်ကို ဖောဖောသီသီ ဖြုန်းတီးလျက်ရှိကြသည်။ မြန်မာလူမျိုးအများစုသည် ဖုန်းပွတ်ရင်း အချိန်ဖြုန်းကြသည်။ လူမှုကွန်ရက်မှ အနှစ်သာရမဲ့သောအကြောင်းအရာများကို အချိန်ကုန်ခံဖတ်ကာငြင်းခုံကြသည်။ အပြန်အလှန်ထိုးနှက်တိုက်ခိုက်ကြသည်။ ဝေဖန်ကြသည်။ ဆဲဆိုကြသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် မည်သည့်ကောင်းကျိုးမျှ ထွက်ပေါ်လာခြင်းမရှိဘဲ အချိန်ကုန်လူပန်းသာဖြစ်ရသည်။ အလုပ်ပျက်အကိုင်ပျက်ဖြစ်လာပြီဆိုလျှင် စီးပွားရေးလည်းပျက်လာမည်မှာ အသေအချာပင်ဖြစ်သည်။

အချို့သောလူငယ်များသည် နေ့မအားညမအား ညဉ့်နက်သန်းခေါင်အချိန်ထိ ဝိုင်းဖွဲ့ကာ အွန်လိုင်းဂိမ်းကစားကြသည်။ မိဘများကိုယ်တိုင်ကလည်း ဖုန်းပွတ်နေကြသဖြင့် သား၊ သမီးများကိုတော်တည့်မှန်ကန်စွာ ထိန်းကျောင်းနိုင်စွမ်းမရှိကြတော့ပေ။ အကျိုးဆက်အနေဖြင့် ကလေးများသည် ပညာရေးဆုံးခန်းတိုင်အောင်မသင်ကြားနိုင်တော့ဘဲ အချိန်မတိုင်မီ ကျောင်းထွက်ကုန်ကြသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုကြသည်။ စားဝတ်နေရေးအတွက် လက်လုပ်လက်စားဘဝဖြင့် ရပ်တည်ကြရတော့သည်။ သား၊ သမီးများကိုလည်း ပညာအမွေမပေးနိုင်သဖြင့် ထူးချွန်ထက်မြက်သောမျိုးဆက်ကို ထူထောင်နိုင်ခြင်းမရှိတော့ပေ။ ယခုလိုသာဆက်သွားနေမည်ဆိုလျှင် တစ်ဦးချင်းကုန်ထုတ်လုပ်မှုကျဆင်းလာပြီး တိုင်းပြည်စီးပွားရေးမှာလည်း ချွတ်ခြုံကျလာမည်ဖြစ်ပေသည်။

**ဝိုင်းဖွဲ့ အရက်သောက်**

အချို့သောလူလတ်ပိုင်းအရွယ်များသည် အချိန်ရပြီဆိုသည်နှင့် အရက်ကိုဝိုင်းဖွဲ့သောက်ကြသည်။ အရက်ဝိုင်းတွင် အရည်မရ၊ အဖတ်မရ သိမ်ဖျင်းသောစကားများကိုပြောဆိုကာ တန်ဖိုးရှိသောအချိန်များကို ဖြုန်းတီးပစ်ကြသည်။ တချို့ဆိုလျှင် အရက်ဝိုင်းတွင် ငြင်းခုံစကားများကာ ရန်ဖြစ်ကြရာမှ လူသတ်မှုထိ ဖြစ်ကြသည်။ အကျိုးဆက်အနေဖြင့် ပြစ်မှုကျူးလွန်သူက ထောင်ကျပြီး မိသားစုက အကြီးအကျယ်ဒုက္ခရောက်တော့သည်။ သား၊ သမီးများလည်း လူမွေးလူတောင်မပြောင်တော့ပေ။ အချိန်ကို အကျိုးရှိစွာ အသုံးချကာ ကြိုးပမ်းခဲ့မည်ဆိုလျှင် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်မည်ဖြစ်သည်။ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်နိုင်မည်ဖြစ်သည်။ စင်စစ်အားဖြင့် အရက်သောက်ခြင်းသည် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့ကို ထိခိုက်စေနိုင်သည့်အပြင် သူတစ်ပါး၏ သားပျို၊ သမီးပျိုကိုပင်လျှင် ပစ်မှားမိနိုင်ပေသည်။

**လောင်းကစားပြုလုပ်**

အချို့သောသူများသည် လက်ထဲတွင် ငွေစလေးနည်းနည်းရှိပြီဆိုသည်နှင့် လောင်းကစားလုပ်ကာ အချိန်ဖြုန်းတီးကြသည်။ ဝိုင်းဖွဲ့ကာ ဖဲရိုက်ကြသည်။ ညလုံးပေါက်ဖဲကစားသူများကိုတွေ့ဖူးသည်။ ၎င်းတို့သည် နေ့ခင်းဘက်တွင် ဘာအလုပ်မှမလုပ်နိုင်ဘဲ တစ်နေကုန်အိပ်ကြသည်။ နောက်ထပ်ဖဲရိုက်ရန်အတွက် ပိုက်ဆံမရှိလျှင် ရှိသည့်ပစ္စည်းကို ပေါင်နှံထုခွဲရောင်းချကာ ထပ်မံဖဲကစားကြသည်။ လောင်းကစားသမားများသည် အလုပ်ကို လက်ကြောတင်းအောင်မလုပ်ဘဲ ပေါ့ပေါ့နေပေါ့ပေါ့စားသမားများပင်ဖြစ်သည်။ မိသားစုစားဝတ်နေရေးအတွက် အိမ်ရှင်မများကသာ ရုန်းကန်ကြရတော့သည်။ သား၊ သမီးများကိုလည်း ကျောင်းမထားနိုင်တော့ပေ။ တန်ဖိုးရှိသောအချိန်ကို အကျိုးရှိစွာအသုံးမချဘဲ လောင်းကစားလုပ်သူများသည် ဘဝတွင် အရှုံးနှင့်သာရင်ဆိုင်ကြရသည်။

**တိုတောင်းလွန်း**

အချိန်သည် လူတိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သောအရာပင်ဖြစ်သည်။ သုံးစွဲကုန်ကျသွားသော ငွေကြေးနှင့်ပစ္စည်းများကို ပြန်လည်ရှာဖွေနိုင်သော်လည်း အကျိုးမဲ့ကုန်ဆုံးသွားသောအချိန်ကိုမူ ပြန်လည်အစားထိုး၍မရနိုင်တော့ပေ။ ဆိုရလျှင် အချိန်သည် လူတိုင်းအတွက် အသက်တမျှ အရေးပါလှသည်။ စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လတို့သည် ကုန်ဆုံးမှုမြန်ဆန်လွန်းလှသည်။ ထို့ကြောင့် တစ်နှစ်ဆိုသောအချိန်ကာလသည် လွန်စွာတိုတောင်းလှသည်။ လူ့သက်တမ်းသည် ၁၀၀ ဆိုသော်လည်း လူတိုင်းအသက် ၁၀၀ နေနိုင်ကြမည်မဟုတ်ချေ။ အထူးသဖြင့် မြန်မာတို့၏ပျမ်းမျှသက်တမ်းသည် ၆၇ နှစ်ခန့်သာရှိသဖြင့် တိုတောင်းလွန်းလှသည့်ဘဝတွင် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်သူများသာလျှင် အောင်မြင်မှုရရှိကြပြီး အချိန်ကို တလွဲအသုံးချခဲ့သူများသည် ဘဝနေဝင်ချိန်တွင် ပင်ပန်းကြီးစွာဖြင့် ဖြတ်သန်းကြရသည်။

**အုပ်ထိန်းသူများတွင်တာဝန်ရှိ**

အမှန်တော့ ဘဝတွင် ငယ်ရွယ်စဉ်ကတည်းက အချိန်ကို စနစ်တကျစီမံခန့်ခွဲတတ်သူများသည် အောင်မြင်မှုရရှိကြသည်။ နုပျိုသောလူငယ်ဘဝတွင် အချိန်ကို တလွဲအသုံးချခဲ့သူများသည် အသက်အရွယ်ရလာသည့်အခါ ပင်ပန်းကြမ်းတမ်းစွာ ရုန်းကန်ကြရသည်။ ယနေ့ခေတ်လူငယ်တချို့သည် အချိန်ကို ဖောဖောသီသီသုံးနေကြသည်။ လမ်းဘေးလက်ဖက်ရည်ဆိုင်တွင် အချိန်ကာလကြာမြင့်စွာထိုင်ပြီး ဖုန်းပွတ်ကြသည်။ ဘောလုံးပွဲကြည့်ပြီး အချိန်ဖြုန်းကြသည်။ အချို့သောလူငယ်များသည် ညဉ့်နက်သန်းခေါင်အချိန်ထိ လျှောက်လည်ကြသည်။ လမ်းထဲတွင် အော်ကြ၊ ဟစ်ကြ သီချင်းဆိုကြသည်။ လူငယ်သဘာဝဟုဆိုသော်လည်း တန်ဆေးလွန်ဘေးဖြစ်သည်။ အချို့သောမိဘများသည် သား၊ သမီးများကိုမနိုင်၍ လွှတ်ထားကြသည်။ ထိုသို့ နေချင်သလိုနေဟုဆိုကာ ပစ်ထားခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်နေသည်။

အချို့သောလူငယ်များ၏မျက်လုံးသည် ရီဝေဝေဖြစ်နေကြသည်။ လူငယ်တို့တွင်ရှိသည့် လန်းဆန်းတက်ကြွသောမျက်လုံးအရောင်များကို မတွေ့ရတော့ချေ။ မည်သည့်အတွက်ကြောင့်နည်း။ အချိန်မှန်အိပ်၊ အချိန်မှန်မစားနိုင်ကြသောကြောင့်ဖြစ်သည်။ လူငယ်များသည် ပျော့ပျောင်းသောဖယောင်းနှင့်တူသည်။ လူငယ်များသည် ပတ်ဝန်းကျင်၏လွှမ်းမိုးမှုကို ခံရလေ့ရှိသည်။ အချို့သောလူငယ်များသည် မွေးရာပါဗီဇကောင်းမွန်သည့်တိုင်အောင် ပတ်ဝန်းကျင်ကြောင့် အရောင်ပြောင်းသွားတတ်ကြသည်။ လူတိုင်း ကျေးညီနောင်ပုံပြင်ကိုဖတ်ဖူးမည်ဟုထင်ပါသည်။ ထို့ကြောင့် လူငယ်များကို ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးသွားရန် လူကြီးမိဘများတွင် တာဝန်ရှိပေသည်။

လူငယ်များသည် လူကြီးမိဘများကို အတုခိုးတတ်သည်။ လူကြီးမိဘများကိုယ်တိုင်က အချိန်ဖြုန်းနေကြမည်ဆိုလျှင် လူငယ်များလည်း အချိန်ဖြုန်းကြမည်ဖြစ်သည်။ မိဘအုပ်ထိန်းသူများသည် သား၊ သမီးများကို လွှတ်ကဲစွာအလိုလိုက်မထားသင့်ပေ။ ဖြစ်သင့်ဖြစ်ထိုက်သည်ကို ကျိုးကြောင်းဆီလျော်စွာ ပြောဆိုဆုံးမလမ်းပြပေးသင့်သည်။ မိမိလည်းနေချင်ရာနေ သား၊ သမီးများကိုလည်း ဖြစ်သလိုပစ်ထားမည်ဆိုလျှင် လူငယ်များ၏အနာဂတ်သည် ရင်လေးစရာပင်ဖြစ်သည်။ အချို့သောကလေးများသည် အခြေခံပညာအဆင့်လောက်ကတည်းကပင် လူကြီးစိတ်ဝင်ပြီး စာကိုမကြိုးစားဘဲ မဟုတ်သည့်နေရာတွင် စိတ်ပါဝင်စားနေကြသည်။ ထိုသို့ဖြစ်နေခြင်းသည် မိဘအုပ်ထိန်းသူများ၏ ထိန်းကျောင်းကြပ်မတ်မှုအားနည်းခြင်းကြောင့်ပင်ဖြစ်သည်။

အထူးသဖြင့် လူငယ်များကို စာဖတ်တတ်သည့်အလေ့အထကောင်းတစ်ရပ် မွေးမြူပေးသင့်သည်။ မည်သို့မွေးမြူသွားမည်နည်း။ လွယ်ပါသည်။ လူကြီးမိဘများကိုယ်တိုင် အကျိုးပြုစာပေများကို ဖတ်သွားရန်လိုသည်။ မိဘများသည် သား၊ သမီးများ၏ စံပြပုဂ္ဂိုလ်များဖြစ်ကြသည်။ မိမိတို့၏ သား၊ သမီးများကို အမှန်တကယ်ချစ်မြတ်နိုးသည်ဆိုလျှင် စာကြည့်တိုက်များသို့ခေါ်သွားသင့်သည်။ တတ်နိုင်ပါက စာအုပ်ဆိုင်များသို့ လိုက်ပို့ပေးသင့်သည်။ ထိုမှတစ်ဆင့် စာအုပ်စာပေကို ချစ်မြတ်နိုးတတ်သည့် လူငယ်များဖြစ်လာအောင် တဖြည်းဖြည်းချင်းပြုစုပျိုးထောင်သွားရန် လိုအပ်သည်။

**အတွေးအခေါ်ရင့်သန်လာ**

စာပေဝါသနာပါလာသော လူငယ်များသည် အချိန်ကို အလဟဿမဖြုန်းတတ်ပေ။ နှစ်စဉ်တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သောကလေးများသည် စာပေကိုချစ်မြတ်နိုးပြီး အချိန်ကို စနစ်တကျစီမံခန့်ခွဲတတ်သူများဖြစ်ကြသည်။ လူငယ်များသည် စာအုပ်စာပေများကို ဖတ်ရှုခြင်းအားဖြင့် တန်ဖိုးမဖြတ်နိုင်သော အတွေးအခေါ်များကို တူးဆွနိုင်သည်။ အကျိုးပြုစာပေများ၊ အထူးသဖြင့် ဗုဒ္ဓတရားတော်များသည် လူငယ်များကို မှန်ကန်သောအတွေးအခေါ်များပေးစွမ်းသည်။ အတွေးအခေါ်မှန်သောလူငယ်များဖြင့် တည်ဆောက်ထားသည့် လူ့အသိုက်အဝန်းသည် အေးချမ်းသာယာမှုရှိနေမည်ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် အစွန်းရောက်အတွေးအခေါ်များ ကိန်းအောင်းနေသော လူ့အသိုက်အဝန်းသည် သတ်ဖြတ်ညှဉ်းပန်းနှိပ်စက်မှုများထူပြောနေမည်ဖြစ်သည်။

**အောင်မြင်မှုရရှိ**

နည်းပညာတိုးတက်နေသောခေတ်ကြီးတွင် အပျင်းထူနေသူများသည် နောက်ကျကျန်နေမည်ဖြစ်သည်။ လူငယ်များသည် အချိန်နှင့်အမျှ လေ့လာသင်ယူအားထုတ်နေရန်လိုအပ်သည်။ လုပ်ငန်းရှင်များသည် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခု ကျွမ်းကျင်သူများကိုသာ အလုပ်အကိုင်ပေးလိုကြသည်။ နယ်ပယ်တစ်ခုခုတွင် ဝမ်းစာပြည့်နေသောလူငယ်များသည် ဝင်ငွေလစာများကောင်းကြသည်။ အချိန်ကို စနစ်တကျ စီမံခန့်ခွဲကြိုးပမ်းခဲ့ကြသောကြောင့် ထိုသို့ရပ်တည်နိုင်ကြခြင်းဖြစ်သည်။

ငယ်ရွယ်နုပျိုသောလူငယ်တို့၏ဘဝသည် ကုန်ဆုံးမှုမြန်ဆန်လွန်းလှသည်။ အချို့သောလူငယ်များသည် ထိုသို့တန်ဖိုးရှိသည့် လူငယ်ဘဝကို အလဟဿဖြုန်းတီးခဲ့ကြသည်။ သတိမထားမိလိုက်သည့်တစ်ခဏအတွင်း လူငယ်ဘဝသည် ကုန်ဆုံးသွားကြသည်။ ထိုအချိန်မှ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုကို စတင်သင်ယူမည်ဆိုလျှင် နောက်ကျသွားပြီဖြစ်သည်။ မျှော်မှန်းသလောက် ခရီးပေါက်မည်မဟုတ်ချေ။ လူ့ဘဝသည် အချိန်ကိုက်ဆောင်ရွက်သွားမှသာလျှင် အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

လူ့ဇာတ်ခုံတွင် အချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်သူများသည် နယ်ပယ်တစ်ရပ်ရပ်တွင် ဇာတ်လိုက်များအဖြစ် ဦးဆောင်မှုအခန်းကဏ္ဍမှ ကပြကြရသည်။ ငယ်စဉ်က အချိန်ဖြုန်းခဲ့ကြသူများသည် ဇာတ်ရန်အဖြစ်သာ သရုပ်ဆောင်ကြရသည်။ ဤနေရာတွင် အောင်မြင်မှုကို ငွေကြေး၊ ရာထူးဖြင့်တိုင်းတာနိုင်မည်မဟုတ်ချေ။ ကိုယ်ကျင့်တရားဖြင့်သာ တိုင်းတာနိုင်သည်။ လူသားတို့၏စွမ်းအားသည် ကိုယ်ကျင့်တရားသာဖြစ်သည်။ မည်မျှပင်တိုးတက်ကြီးပွား၊ ရာထူးမြင့်မားနေစေကာမူ ကိုယ်ကျင့်တရားမရှိသူသည် စာရိတ္တဆင်းရဲသောသူသာဖြစ်သည်။ လူငယ်များအနေဖြင့် စာရိတ္တချမ်းသာအောင် ကြိုးစားသွားသင့်သည်။

**အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်မှုနှင့် အောင်မြင်မှု**

ဆိုရလျှင် စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ်များသည် ကုန်ဆုံးမှုမြန်ဆန်လွန်းလှသည်။ အချိန်ကုန်ဆုံးမှုမြန်ဆန်လွန်းသောကြောင့် လူ့ဘဝသက်တမ်းသည် တိုတောင်းလွန်းလှသည်။ ထိုသို့တိုတောင်းလှသော လူ့ဘဝအတွင်း လောကလူ့ရွာကို အကျိုးပြုသူအဖြစ်ဖြတ်သန်းနိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ ထိုသို့ အကျိုးပြုလူသားတစ်ဦးအနေဖြင့် နေထိုင်နိုင်ရန်အတွက် ငယ်စဉ်ကတည်းကပင် အချိန်ကို စနစ်တကျစီမံခန့်ခွဲသွားရန်လိုသည်။ နေ့စဉ်တန်ဖိုးရှိသောအချိန်များကို အလဟဿမဖြုန်းတီးဘဲ ကြိုးပမ်းသွားကြရန်လိုအပ်သည်။ အထူးသဖြင့် အချို့သောလူငယ်များသည် နုပျိုသောလူငယ်ဘဝကို အချည်းနှီးဖြုန်းတီးပစ်ကြသည်။ အကျိုးဆက်အနေဖြင့် အသက်အရွယ်ရလာသည့်အခါ ဘဝကို ပင်ပန်းကြမ်းတမ်းစွာရုန်းကန်ကြရသည်။ ထိုသို့မဖြစ်ရလေအောင် ငယ်စဉ်ကတည်းကပင် တန်ဖိုးရှိသောအချိန်ကို အကျိုးရှိစွာအသုံးချပြီး စာကောင်းပေမွန်များကိုဖတ်ရှုလျက် စဉ်ဆက်မပြတ်လေ့လာသင်ယူကြိုးပမ်းအားထုတ်နေမှသာလျှင် အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။

❖ လူငယ်များသည် အချိန်နှင့်အမျှ လေ့လာသင်ယူအားထုတ်နေရန်လိုအပ်သည်။ လုပ်ငန်းရှင်များသည် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခု ကျွမ်းကျင်သူများကိုသာ အလုပ်အကိုင်ပေးလိုကြသည်။ နယ်ပယ်တစ်ခုခုတွင် ဝမ်းစာပြည့်နေသောလူငယ်များသည် ဝင်ငွေလစာများကောင်းကြသည်။ အချိန်ကို စနစ်တကျစီမံခန့်ခွဲကြိုးပမ်းခဲ့ကြသောကြောင့် ထိုသို့ရပ်တည်နိုင်ကြခြင်းဖြစ်သည်။ ငယ်ရွယ်နုပျိုသောလူငယ်တို့၏ဘဝသည် ကုန်ဆုံးမှုမြန်ဆန်လွန်းလှသည်။ အချို့သောလူငယ်များသည် ထိုသို့တန်ဖိုးရှိသည့် လူငယ်ဘဝကို အလဟဿဖြုန်းတီးခဲ့ကြသည်။ ❖

# ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းနှင့် သရုပ်ဆောင် ဟေလာရီစိုးတို့၏နှစ်ပါးခွင်ကို M Entertainment Channel မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဒီဇင်ဘာ ၁၃**

မာလာမြိုင်သဘင်ပွဲတော်တွင် ထင်ရှားအောင်မြင်နှစ်ပါးခွင် အစီအစဉ်အဖြစ် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းနှင့် သရုပ်ဆောင် ဟေလာရီစိုးတို့၏ နှစ်ပါးခွင်ကို M Entertainment Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ပြောပြ၍ သိရသည်။

M Entertainment Channel မှ ထုတ်လွှင့်တင်ဆက်နေသည့် မာလာမြိုင်သဘင်ပွဲတော်ကို The Tree Entertainment မှ ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၉ နာရီတွင် ထုတ်လွှင့်လျက်ရှိကြောင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် ထုတ်လွှင့်မည့် မာလာမြိုင်သဘင်ပွဲတော်တွင်လည်း အောင်မြင်သည့် သဘင်နှင့်ရုပ်ရှင်အနုပညာရှင်များ၏ ထင်ရှားအောင်မြင်နှစ်ပါးခွင်အစီအစဉ်ကို ထည့်သွင်းကာ ထုတ်လွှင့်သွားမည်ဖြစ်သည်။

“ဒီတစ်ပတ် မာလာမြိုင်သဘင်ပွဲတော်မှာ ရှုမြင်ကြရမှာကတော့ ပရိသတ်အချစ်တော် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းနဲ့ သရုပ်ဆောင် ဟေလာရီစိုးတို့ရဲ့ နှစ်ပါးခွင်ဖြစ်ပါတယ်။ ဒီနှစ်ပါးခွင်မှာ ပင်တိုင်မင်းသားကြီးတွေဖြစ်တဲ့ ဘွန်း၊ ရဲရင့်ထက်အောင်၊ ဆန်းနေအောင်တို့နဲ့ တွဲဖက်တင်ဆက်မှာဖြစ်ပါတယ်။ လူရွှင်တော်တွေကတော့ နေကျော်၊ တိုးတက်၊ ချက်ပေါက်၊ ဖွေးဖွေး၊ တူးနိုင်း၊ လကျော်တို့ဖြစ်ပါတယ်။ စောင့်မျှော်အားပေးကြပါအုံး”ဟု ပတ္တမြားကေခိုင်က ပြောပြသည်။

မာလာမြိုင်သဘင်ပွဲတော်ကို သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကာ မာလာမြိုင်သဘင်အဖွဲ့သားများက ပါဝင်အားဖြည့် ပံ့ပိုးပေးထားကြောင်း၊ အဆိုပါပွဲတော်ကို The Tree Entertainment နှင့် Marlarmyaing Group ဆိုရှယ်မီဒီယာ ပလက်ဖောင်းများမှလည်း စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၇ နာရီ မိနစ် ၃၀ တွင် တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Napoleon ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၀ ဒသမ ၈ သန်းရရှိ

**နယူးယောက် ဒီဇင်ဘာ ၁၃**

Apple စတူဒီယို၏ Napoleon ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၀ ဒသမ ၈ သန်းထိ ရရှိထားကြောင်း ဒီဇင်ဘာ ၁၂ ရက် သတင်းများအရ သိရသည်။

အထူးသဖြင့် Napoleon ဇာတ်ကားသည် နိုင်ငံတကာစျေးကွက်၌ အောင်မြင်မှုရရှိခဲ့ပြီး နိုင်ငံတကာဝင်ငွေအမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၇ သန်းထိ ရရှိခဲ့သည်။

Napoleon သည် ပြင်သစ်စစ်ဘုရင်နပိုလီယန်၏ ဘဝတစ်စိတ်တစ်ဒေသကို အခြေခံရိုက်ကူးထားသော သမိုင်းနောက်ခံရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာရစ်ဒလေစကော့က ရိုက်ကူးပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ယိုအာကွင်းဖီးနစ်က နပိုလီယန်အဖြစ် သရုပ်ဆောင်ထားပြီး နပိုလီယန်၏မိဖုရား ဂျိုးဆက်ဖင်းအဖြစ် မင်းသမီး ဗင်နက်ဆာကာဘီက သရုပ်ဆောင်ထားသည်။

Apple စတူဒီယိုသည် Napoleon ဇာတ်ကားကို Apple TV + အွန်လိုင်းရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသရန် စီစဉ်ထားပြီး စတင်ထုတ်လွှင့်ပြသမည့်ရက်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ရန်ကုန်တိုင်းဒေသကြီး နိဗ္ဗာန်ကုန်စျေးကွက်အတွင်း ပလ္လင်နှင့်တံကဲများ ဝင်ရောက်လာ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး နိဗ္ဗာန်ကုန်စျေးကွက်အတွင်းသို့ ပလ္လင်နှင့်တံကဲများ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်အနီးရှိ မိဘမေတ္တာနိဗ္ဗာန်ကုန်ဆိုင်ပိုင်ရှင် ဦးခင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါပလ္လင်နှင့် တံကဲများမှာ ကျွန်းသားဖြင့်ထုလုပ်ထားခြင်းဖြစ်ပြီး အရွယ်အစားမှာ ၁၂ လက်မ ပတ်လည်ရှိကြောင်း၊ ပလ္လင်နှင့်တံကဲများမှာ ဗောဓိပင်နောက်ခံတံကဲ၊ ကြာဖူးနောက်ခံတံကဲ၊ သီဟသနနောက်ခံ တံကဲ စသည်ဖြင့် ပုံစံရှစ်မျိုးခန့် ဝင်ရောက်လာခြင်းဖြစ်ပြီး အဆိုပါပလ္လင်နှင့်တံကဲများမှာ မန္တလေးတိုင်းဒေသကြီး နိဗ္ဗာန်ကုန်စျေးကွက်မှ ရန်ကုန်တိုင်းဒေသကြီး နိဗ္ဗာန်ကုန်စျေးကွက်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

“အခုဒီဇင်ဘာလထဲမှာ လူတော်တော်များများ အဝယ်များတာကတော့ အရွယ်အစားသေး ပလ္လင်နဲ့တံကဲတစ်တွဲတည်း ကျွန်းသားနဲ့ ထုလုပ်ထားတဲ့ ပလ္လင်ခုံတွေဖြစ်ပါတယ်။ အခုဒီဇင်ဘာလမှ မန္တလေးကနေ စျေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ စျေးနှုန်းကလဲ ထုလုပ်ထားတဲ့ဒီဇိုင်းပေါ်မူတည်ပြီးတော့ ငွေကျပ် ၂၀၀၀၀၊ ၃၀၀၀၀ လောက်ကွာသွားတယ်။ ပလ္လင်တံကဲတွဲရက်တစ်ခုကို ငွေကျပ် ၁၀၀၀၀၀ ဖြစ်ပါတယ်။ နောက်ခံတံကဲဒီဇိုင်းပေါ်မူတည်ပြီး တချို့ပလ္လင်တံကဲတွဲရက်တွေကျတော့ ငွေကျပ် ၁၃၀၀၀၀ လောက်စျေးရှိပါတယ်”ဟု ဦးခင်ဝင်းက ပြောပြသည်။



အဆိုပါပလ္လင်နှင့်တံကဲများမှာ ရန်ကုန်တိုင်းဒေသကြီး နိဗ္ဗာန်ကုန်စျေးကွက်အတွင်းသို့ အခုရေ ၅၀ ခန့်ဝင်ရောက်ထားကာ လက်ရှိတွင် ၁၀ ခုခန့် ရောင်းချထားကြောင်း သိရသည်။

ASH

# ရွှေကမ္ဘာလုံးဆုအတွက် ဆန်ခါတင်စာရင်းဝင် ဇာတ်ကား၊ သရုပ်ဆောင်၊ ဒါရိုက်တာများ ကြေညာ

**နယူးယောက် ဒီဇင်ဘာ ၁၃**

အကြိမ် ၈၀ မြောက် ရွှေကမ္ဘာလုံးရုပ်ရှင်ဆုပေးပွဲ ရွှေကမ္ဘာလုံးဆုများအတွက် ဆန်ခါတင်စာရင်းဝင်သည့် ဇာတ်ကားများ၊ သရုပ်ဆောင်များနှင့် ဒါရိုက်တာများစာရင်းကို ဒီဇင်ဘာ ၁၂ ရက်တွင် ဆုပေးပွဲစီစဉ်သူများက ကြေညာခဲ့ကြောင်း သိရသည်။

ရွှေကမ္ဘာလုံးရုပ်ရှင်ဆုပေးပွဲ (၂၀၂၄)၏ရွှေကမ္ဘာလုံးဆု ဆန်ခါတင်စာရင်းတွင် ဒါရိုက်တာ ဂရီတာဂျားဝစ်၏ Barbie ဇာတ်ကားက ဆုပေါင်းကိုးဆု၏ ဆန်ခါတင်စာရင်းတွင် ပါဝင်လျက်ရှိပြီး ဒါရိုက်တာ ခရစ္စတိုဖာနိုလန်၏ Oppenheimer ဇာတ်ကားကမူ ဆုပေါင်းရှစ်ဆု၏ ဆန်ခါတင်စာရင်းတွင် ပါဝင်နေကြောင်း၊ ဒါရိုက်တာ မာတင်စကော်စီစီ၏ Killers of the Flower Moon ဇာတ်ကားကမူ ဆုပေါင်းခုနစ်ဆု၏ ဆန်ခါတင်စာရင်းတွင် ပါဝင်လျက်ရှိသည်။

Barbie ဇာတ်ကား ဆန်ခါတင်ပါဝင်နေသည့် ရွှေကမ္ဘာလုံးဆုများထဲတွင် အကောင်းဆုံးဒါရိုက်တာဆု၊ အကောင်းဆုံးဇာတ်ညွှန်းဆု၊ အကောင်းဆုံး ဇာတ်မြူးရုပ်ရှင်ဆု၊ မင်းသမီး မားဂေါ့ရော့ဘီနှင့် မင်းသား ရိုင်ယန်ဂိုးစလင်းတို့အတွက် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုနှင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုများလည်း ပါဝင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မြို့သစ် ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်မြသက်ထွေးနှင့် မြို့သစ်မြို့နယ်မှ အင်ဂျင်နီယာဝန်ထမ်းများသည် တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ သန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ အောက်ခံလွှာကျောက်ရောမြေခင်းခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်မြသက်ထွေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၀၃ ဒသမ ၅၆ သန်းဖြင့် ရွှေပန္နက်ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက သန်းကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ လယ်ယာစိုက်ပျိုးရေးဧက ၃၈၀ တွင်စိုက်ပျိုးထားသော ဒေသထွက်ကုန်သီးနှံမျိုးစုံကို ရာသီမရွေး စျေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**

# Ceremony to present National Lifetime Awards for Literary Achievement, National Literary Awards, Sarpay Beikman Manuscript Awards for 2022 held

## Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and Daw Kyu Kyu Hla grace the ceremony with their presence



Senior General Min Aung Hlaing and Daw Kyu Kyu Hla watch MRTV staff performing dances.

**Nay Pyi Taw December 13**

A ceremony to present National Lifetime Awards for Literary Achievement, National Literary Awards and Sarpay Beikman Manuscript Awards for 2022 was held at MICC2 here this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla.

Also present were the Joint SAC Secretary and wife, SAC members and wives, union ministers and wives, union level officials and wives, senior military officers and wives, the Nay Pyi Taw Command commander, deputy ministers, National Literary Award Selection Committee members, award winners, literary scholars, artists, literary enthusiasts and officials.

Before the start of the ceremony, the Senior General and attendees looked around the biographies, photos, award-winning works of the award winners, and books and periodicals displayed on the ground floor of MICC2.

At the ceremony, the Senior General and attendees enjoyed the song entitled "national cultural heritage" in honour of the ceremony, and a video clip "move forward towards the goal with the might of pen."

In his address, the Senior General said the Myanmar month of Nattaw, which is also called "Hemanta ratu" is a time to hightlight the essence of the works of the men of letters of the successive periods and to honour them. Men of letters have created an endless array of works with good intentions. The results of today's national developments stand witness to the fact that books are the main source of knowledge and skills. Literature is also the provider of a large variety of priceless knowledge and aesthetic value. As an acknowledgement of the virtues of the veteran writers, ceremonies honoring the men of letters or the Sarsodaw Day are held in Nattaw.

As literature is the birthplace of art from where music, movie and dramatic art branch out. So, it is the source of all the branches of national culture, and a medium to showcase the nature of Myanmar internationally.

Myanmar literary world has shined and served the interest of the country and people throughout the successive years of the country's long history till now. The might of pen was a force to be reckoned with in the history of Myanmar. Men of letters have aroused patriotism, nationalistic fervour, the love for Myanmar literature and endurance of the people.

The poem composed by men of letters, Shin Maha



Senior General Min Aung Hlaing addresses the award ceremony.

Ratha, a Buddhist monk, is a teaching for the people **to continuously read and study all kinds of poems and songs.** The poem and the works of other men of letters are a valuable heritage that stands the test of time.

Sarpay Beikman established under the directive of General Aung San, the father of country's independence, in August 1947, has published translated works as a door for national people to study international knowledge, and the **Sarpay Beikman modern novel award** was initiated in 1948 for progress of Myanmar literature.

The award was also presented under various titles such as **Sarpay Beikman Award, Literary Award, National Literary Award.** Till now, the prize money and the categories of awards have been increased. This year marks the Diamond Jubilee of the award presentation ceremony. Nineteen genres of National Literary Awards and 13 genres of Sarpay Beikman Manuscript Awards have been presented annually.

In addition, the "National Literary Lifetime Award" has been presented every year since 2001, in recognition of great literary scholars who have served the benefit of Myanmar literature in the country with great excellence and who have worked tirelessly to write and develop literature throughout their lives.

See Page 13



Senior General Min Aung Hlaing hears report on literary works.



Senior General Min Aung Hlaing views award-winning books.



Senior General Min Aung Hlaing views publications displayed at the ceremony.



Senior General Min Aung Hlaing presents prize to an award winner.

field of Myanmar language. I would like to say that I am extremely proud and happy that the State has the chance to honour all of these great scholars as lifetime winners of national literature.

The SAC government is trying to build a peaceful and prosperous future for the country and the people. In building a modern developing country, it is very important to have a high



Senior General Min Aung Hlaing presents cash reward to an award winner.



Senior General Min Aung Hlaing presents prize to award winner.



Senior General Min Aung Hlaing presents cash reward to an award winner.

From Page 12

The prize money awarded to literati has increased year by year. To be able to choose the truly worthy books and manuscripts and present awards deservingly, the scholars carried out three stages: preliminary selection, nomination and confirmation.

Out of the 754 books published for the first time in 2022, 11 of the 19 subjects specified for the National Literature Award were screened. Moreover, 29 manuscripts worthy of being awarded for all 13 subjects out of the 277 manuscripts entered in the Sarpay Beikman Manuscript Award were selected, so these awards will be presented at the ceremony today.

Studying the authors and books that have won the National Literature Award and the Sarpay Beikman Manuscript Award, there were novice penmanship, medium penmanship and doyen penmanship. The award selection committee considered and chose the works of contemporary thoughts, fictions reflecting the views of the times and increasing sympathy with a generous mind, domestic and international modern technologies that should be provided for the country's development and security, and scientific literature written in a way that is easy for the public to understand but written at a high level of literature. Among the award winners are nationally known writers, departmental staff, doctors, military personnel and retired civil servants as well as literature enthusiasts who are trying to enter the field of pleasure based on their hobby.

In awarding the National Literary Lifetime Award, the number of awardees has been increasing year by year, in respect for doyen literati. This year, up to four doyen literati will be awarded. All the National Literary Lifetime Award-winning doyen literati are great scholars who are full of academic and literary qualities. Sayagyi Dr. Than Oo is a great figure in Myanmar's academic world, and he is a great scholar who is still striving for the development of Myanmar's education sector even at the age of 96. Sayagyi Dr. Chit San is also a literary scholar who has constantly written and given lectures on the development of Myanmar literature and literary research. Sayamagyi Daw Kyu Kyu Thin is a writer who has consistently written fiction and worked diligently in the development of Myanmar literature. Sayagyi Dr. Tun Tint is a great scholar who has been writing and distributing his works for the development of the level of education and critical thinking of the citizens. Particularly in the rural areas where the majority of the population lives, there was a lack of education. Along with the weakness of education, there were needs in thinking. To fulfil these needs, a comprehensive education system and illiteracy eradication activities See Page 14




Senior General Min Aung Hlaing and Daw Kyu Kyu Hla pose a group photo together with award winners.



Senior General Min Aung Hlaing chats with an award winner.



Lunch being hosted in honour of the award ceremony.

# Authorities plan to carry out dredging operations in severely restricted areas in Ayeyawady River



Dredging work in progress.

**Mandalay December 13**

Dredging operations will be carried out in case of severely restricted areas in the Ayeyawady River, according to U Ye Tun Lin Aung, assistant director of water navigation department under the Directorate of Water Resources and Improvement of River Systems for Region-5, Mandalay Region.

"Recently, there are hardly any places in the Ayeyawady River where the water is too tight. If there are areas where the water is too tight for cargo ships and passenger ships, we will do the dredging with dredging machines," he continued.

Currently, there are changes in the water flow in the Ayeyawady River. It is reported that the waterways have changed in Myingyan and Myinmu towns, and there is a little traffic congestion, but it is convenient for ships to travel.

Therefore, passenger and cargo ships that will travel along the Ayeyawady River from Mandalay Port need to pay special attention to the navigation marks.

184

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Wuntho Township completes harvest of more than 12,000 acres of monsoon paddy

**Wuntho December 13**

Wuntho Township Agriculture Department stated that local farmers have harvested 12,285 acres of monsoon paddy in the township of Katha District in Sagaing Region.

Harvesting of monsoon paddy started in Wunthu Township in October this year, and local farmers have so far harvested 12,285 acres of farmlands, yielding 81.46 baskets per acre.

"This year, farmers have completed harvest of monsoon paddy on all sown acreage. It yields more than 80 baskets per acre. The remaining paddy plantations are also being harvested," said U Tint Swe, Head of Wuntho Township Agriculture Department.

The township slated to grow 38,989 acres of monsoon paddy in 2023-24 financial year. Starting from June this year to September, they started cultivation of monsoon on 38,991 acres of lands.

In 2022-23 financial year, Wuntho Township cultivated 38.989 acres of monsoon paddy with yield of 97.70 baskets per acre.



Monsoon paddy being harvested with the help of machinery.

Township Agriculture Department provides agricultural techniques, technologies of making natural fertilizers, and timely cultivation of paddy to the local farmers.

The Township Department of Agriculture distributed quality paddy strains such as Hmawby-2, Hsin Ekari, Eyamin, Yayanelo-7 and Hmawby Kaukhnyinhmwe to local farmers in time. 206

# Cabbage from Pyin Oo Lwin, Aungban marketable in Mandalay market

**Mandalay December 13**

Cabbages which flow from PyinOoLwin and Aungban regions are marketable in Thiri Marlar green grocery market in Aungmyethazan Township of Mandalay Region, said U Aung Moe Naing, owner of Aung green grocery depot in Mandalay.

Three to four truckloads of cabbage flow from PyinOoLwin and Aungban regions into Mandalay market on a daily basis. At present, a piece of cabbage fetches K600 to K700.

"Abundance of cabbage comes from hilly regions to Mandalay market at present. Other regions are yet to produce cabbage. So, cabbage is marketable," said U Aung Moe Naing.

Other vegetables such as potato, cucumber, tomato, mustard, chilli, eggplant, chick pea and cauliflower are getting good prices in the market. 185

**From Page 13**

are also being carried out, he said.

To develop ways of thinking keeping up with the times, attendees including literary scholars, writers, publishers, distributors, libraries and well-wishers are especially requested to make concerted efforts to make books and literature accessible in the entire country and to encourage the people to study literature.

Literature is a pillar of the culture of the people and books are the mirror of the history of humans. Books and literature are friends of the people and high standards of literature are the pride of the people. Literature can enhance cultural standards and national spirit. I would like to caution that it is the responsibility of all citizens to continue to make efforts to prevent disappearance of the culture and to preserve it by observing the saying "Disappearance of a culture amounts to disappearance of its people."

In conclusion, the Senior General expressed thanks to literary experts, prize winners and chairmen, members and scholars form the prize selection committees for national literary awards and Sarpay Beikman manuscript awards, who exerted efforts to select winners successfully and urged them to create fine literature that enhance the image of the country by serving the interests of race and religion.

Then, the Senior General and wife presented lifetime literary awards, cash rewards and honorary gifts for 2022 to winners including scholar Dr Tun Tint (Dr Tun Tint-Myanmarsar), scholar Dr Chit San (Chit San Win) and scholar Daw Khin Than Win (Kyu Kyu Thin) and Secretary U Aye Kyaing of Than Oo Foundation, who accepted the award on behalf of scholar Dr Than Oo (Pyi Soe Min).

Afterward, Joint Secretary Lt-Gen Ye Win Oo and members General Mya Tun Oo, Admiral Tin Aung San, General Maung Maung Aye, Lt-Gen Yar Pyae, and Lt-Gen Nyo Saw of the SAC, and union minister U Win Shein and U Maung Maung Ohn presented awards to winners of national literary awards and Sarpay Beikman manuscript awards.

Then, scholar Dr Tun Tint (Myanmarsar) spoke words of thanks while the message of thanks sent by scholar Dr Than Oo (Pyi Soe Min) was read out by the master of ceremonies.

Afterward, staff from Myanmar Radio and Television performed music and dances honoring literature.

Then, the Senior General and wife and attendees posed for documentary photographs with the award winners.

After the ceremony, the Senior General and wife and party enjoyed luncheon together with the award winners, artists and scholars.

After the luncheon, the Senior General and wife cordially greeted the award winners, artists and scholars.

100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Lockheed Martin ကုမ္ပဏီက ဘယ်လ်ဂျီယံလေတပ်အတွက် ပထမဆုံးထုတ်လုပ်သော F-35A ဘက်စုံသုံးတိုက်လေယာဉ်ကို လေယာဉ်ထုတ်လုပ်ရေးစက်ရုံတွင် မိတ်ဆက်ပြသ



Lockheed Martin ကုမ္ပဏီသည် ဘယ်လ်ဂျီယံနိုင်ငံလေတပ်အတွက် ပထမဆုံးထုတ် F-35A Lightning II ကိုယ်ပျောက်ဘက်စုံသုံး တိုက်လေယာဉ်ကို တက္ကဆက်ပြည်နယ် Fort Worth တပ်မြို့ရှိ ကုမ္ပဏီ၏လေယာဉ်ထုတ်လုပ်ရေးစက်ရုံတွင် မိတ်ဆက်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ F-35A တိုက်လေယာဉ်သည် ဘယ်လ်ဂျီယံလေတပ်၏ F-16 Fighting Falcons တိုက်လေယာဉ်များနေရာတွင် အစားထိုးအသုံးပြုရန်အတွက် ၂၀၁၈ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၃ ဘီလီယံတန်ဖိုးရှိသော နိုင်ငံခြားစစ်ဘက်ရောင်းချမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

စာချုပ်တွင် သမားရိုးကျ ပျံသန်း၊ ဆင်းသက်မှုသာ ပြုလုပ်နိုင်သော F-35A တိုက်လေယာဉ် ၃၄ စီး၊ လေယာဉ်အင်ဂျင်များနှင့် လေကြောင်းချီစစ်ဆင်ရေး သဏ္ဌာန်တူလေ့ကျင့်မှုများဆောင်ရွက်နိုင်သော ဆင်မြူလေတာတစ်စုံပါရှိခဲ့သည်။

ဘယ်လ်ဂျီယံလေတပ်သည် ၂၀၂၄ ခုနှစ်တွင် ပထမဆုံးတိုက်လေယာဉ်ကို လက်ခံရရှိလိမ့်မည်ဖြစ်သည်။ ၎င်းကို အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ နိုင်ငံခြားသားလေတပ်သားများ လေ့ကျင့်ရေးဌာနတည်ရှိရာ အရီဇိုးနားပြည်နယ်ရှိ Luke လေတပ်အခြေစိုက်စခန်းတွင် ကနဦးစခန်းချရပ်နားထားမည်ဖြစ်သည်။

အနာဂတ် F-35 တိုက်လေယာဉ်အုပ်သည် ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ မိတ်ဖက်တပ်ဖွဲ့များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို ပိုမိုတိုးမြှင့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံလေတပ်အတွင်း F-35 အသုံးပြုလာနိုင်မှုသည် NATO၊ EU နှင့် အခြားနိုင်ငံများရှိ ကျွန်ုပ်တို့၏ မဟာမိတ်များ၊ မိတ်ဖက်များနှင့် ပူးပေါင်းပြီး လာမည့်ဆယ်စုနှစ်များအတွင်း ကျွန်ုပ်တို့၏ မစ်ရှင်အားလုံးကို ဆက်လက်ဖြည့်ဆည်းဆောင်ရွက်နိုင်စေမည်ဟု ဘယ်လ်ဂျီယံကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Michel Hofman က ပြောကြားသွားခဲ့သည်။

F-35 A တိုက်လေယာဉ် ဝယ်ယူရေးသည် ဘရပ်ဆဲလ်မြို့ရှိ Essential Security Interest အစီအစဉ်မှတစ်ဆင့် အရည်အသွေးမြင့်၊ ရေရှည်အလုပ်အကိုင်အခွင့်အလမ်းများကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း Lockheed Martin ကုမ္ပဏီက မှတ်ချက်ပြုခဲ့သည်။ အဆိုပါအစီအစဉ်သည် ဘယ်လ်ဂျီယံနိုင်ငံ၏ လာမည့် F-35 တိုက်လေယာဉ်အုပ်နှင့် ဆက်နွယ်နေသည့် ပေါင်းစပ်အစိတ်အပိုင်းများနှင့် အခြားစက်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်နှင့် ဘယ်လ်ဂျီယံနိုင်ငံနှစ်နိုင်ငံကာကွယ်ရေး စက်မှုလုပ်ငန်းတို့ကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

ဘယ်လ်ဂျီယံအစိုးရနှင့် စက်မှုလုပ်ငန်းစုများရှိ ကျွန်ုပ်တို့၏ ရင်းနှီးသောမိတ်ဖက်များထံမှ ခိုင်မာအားကောင်းသောပံ့ပိုးကူညီမှုများမပါဘဲ ယနေ့သမိုင်းမှတ်တိုင်သည် ဖြစ်လာနိုင်မည်မဟုတ်ဟု Lockheed Martin ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Essential Security Interest အစီအစဉ်မှတစ်ဆင့် Lockheed Martin ကုမ္ပဏီသည် ခေတ်မီကုန်ထုတ်လုပ်မှုနည်းပညာများနှင့် အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးမည်ဖြစ်ပြီး ဘယ်လ်ဂျီယံနိုင်ငံစက်မှုလုပ်ငန်းရှိ ကျွမ်းကျင်မှုနှင့် အသိပညာများကိုတိုးချဲ့ကာ လာမည့်ဆယ်စုနှစ်များအတွင်း ဘယ်လ်ဂျီယံနိုင်ငံသားများအတွက် အဆင့်မြင့်နည်းပညာဆိုင်ရာအလုပ်အကိုင်များ ပံ့ပိုးပေးနိုင်မည်ဖြစ်သည်ဟူ၍လည်း ဖော်ပြသည်။

Lockheed Martin ကုမ္ပဏီသည် ခန့်မှန်းခြေအားဖြင့် လေယာဉ်မှူးဦးရေ ၂,၂၅၀ နှင့် ကွင်းဆိုင်ထိန်းသိမ်းပြုပြင်ရေးမှူး ၁၅,၁၂၅ ဦးတို့အတွက် သင်တန်းများဖွင့်လှစ်ပေးနိုင်ရန် နိုင်ငံတကာလေတပ်အခြေစိုက်စခန်း ၃၁ ခုသို့ F-35 တိုက်လေယာဉ်အစင်း ၉၈၀ ကျော် ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ F-35 တိုက်လေယာဉ်အုပ်ကြီးအနေဖြင့် ပျံသန်းမှုနာရီပေါင်း ၇၆၈,၀၀၀ ကျော် အောင်မြင်စွာပျံသန်းနိုင်ခဲ့ပြီးလည်းဖြစ်သည်။

**Lockheed Unveils First Belgian Air Force F-35A Fighter Jet. ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံက ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များ တပ်ဆင်ထားသည့်ဒရုန်းများကို ထုတ်ဖော်ပြသ

အီရန်နိုင်ငံသည် ၎င်း၏လက်နက်တိုက်တွင် ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များ တပ်ဆင်ထားသည့်ဒရုန်းများကို ထုတ်ဖော်ပြသခဲ့ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာက ဒီဇင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

"ဝေဟင်ကနေ ဝေဟင်ပစ်ဒုံးကျည်တွေ တပ်ဆင်ထားတဲ့ Karrar ဒရုန်းတွေကို နိုင်ငံရဲ့နယ်စပ်ဒေသအားလုံးမှာ လေကြောင်းရန်ကာကွယ်ရေးအတွက် အင်အားဖြည့်တင်းထားပါတယ်"ဟု အီရန်နိုင်ငံပိုင် IRNA သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

စစ်ဆင်ရေးအကွာအဝေး ကီလိုမီတာ ၁၀၀၀ (မိုင် ၆၂၀) ထိ တိုက်ပွဲဝင်နိုင်သော အဆိုပါဒရုန်းများကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် အီရန်နိုင်ငံရှိ စစ်သင်တန်းကျောင်း၌ အခမ်းအနားတစ်ခုအတွင်း ခင်းကျင်းထားမှုကို နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သေးသည်။

အီရန်နိုင်ငံ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များသည် ပိုမိုအားကောင်းလာသောကြောင့် ရန်သူများသည် ၎င်းတို့၏မဟာဗျူဟာများကို ပြန်လည်စဉ်းစားရလိမ့်မည်ဟု အီရန်နိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Abdolrahim Mousavi ၏ ပြောကြားချက်ကို ကိုးကား၍ IRNA သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အောက်တိုဘာလတွင် ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုအတွင်း ဒရုန်းနှင့် ဒုံးကျည်တို့တွဲဖက်၍ စစ်ဆင်ရေးစမ်းသပ်မှုများ အောင်မြင်စွာ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း အီရန်နိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Abdolrahim Mousavi က ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာလက်နက်တိုက်များ ဖွံ့ဖြိုးတိုးတက်လာမှုသည် နိုင်ငံအများအပြား အထူးသဖြင့် အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့ကြား စိုးရိမ်မှုဖြစ်စေခဲ့သည်။



အရှေ့အလယ်ပိုင်းရှိ ၎င်း၏မဟာမိတ်အဖွဲ့များဖြစ်သော လက်ဘနွန်ရှီးယိုက်အဖွဲ့ဟစ်ဇ်ဘိုလာနှင့် ယီမင်ရှိ ဟူသီသူပုန်တို့ကို အီရန်နိုင်ငံက တိုက်ခိုက်ရေးဒရုန်းများ ထောက်ပံ့ပေးနေကြောင်း အမေရိကန်နှင့် မဟာမိတ်အစ္စရေးနိုင်ငံတို့က စွပ်စွဲပြောကြားထားသည်။

အောက်တိုဘာ ၇ ရက်က အစ္စရေးနှင့် ပဋိပက္ခတွင်ပါဝင်နေသည့် ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ ဟားမတ်စ်ကို အီရန်က ထောက်ခံထားသည်။ ယူကရိန်းပဋိပက္ခတွင် အသုံးပြုရန်အတွက် ရုရှားနိုင်ငံကို ဒရုန်းများ ပေးအပ်နေသည်ဟု ယူကရိန်းနိုင်ငံနှင့် အနောက်မဟာမိတ်နိုင်ငံများက အီရန်နိုင်ငံကို စွပ်စွဲထားပြီး အီရန်ဘက်ကလည်း တုံ့ပြန်ငြင်းဆိုထားသည်။ သို့သော်လည်း အနောက်နိုင်ငံအစိုးရများသည် လက်နက်ရောင်းချမှုနှင့်ပတ်သက်၍ အီရန်အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများစွာ ချမှတ်ခဲ့သည်။ အီရန်နိုင်ငံသည် အီရတ်နှင့် ရှစ်နှစ်ကြာပဋိပက္ခအတွင်း ၁၉၈၀ ပြည့်နှစ်များတွင် ဒရုန်းများကို စတင်ထုတ်လုပ်ခဲ့ခြင်းလည်းဖြစ်သည်။

**Iran Unveils Drones Armed With Air-to-Air Missiles ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့က ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့်(ဒေါက်တာထွန်းတင့်-မြန်မာစာ)ကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီးဒေါက်တာထွန်းတင့်(ဒေါက်တာထွန်းတင့်-မြန်မာစာ)က ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့ကြသည့် တစ်သက်တာလုံးစာပေကို တစိုက်မတ်မတ်အားထုတ်ရေးသားပြုစုခဲ့သည့်စာပေပညာရှင်ကြီးများကိုလည်း အသိအမှတ်ပြုသည့်အနေဖြင့် **"အမျိုးသားစာပေတစ်သက်တာဆု"**ကို ၂၀၀၁ ခုနှစ်မှစပြီး နှစ်စဉ် ချီးမြှင့်ပေးအပ်လျက်ရှိပါကြောင်း၊ စာပေပညာရှင်များကို ချီးမြှင့်သည့် ဆုငွေများကိုလည်း တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးတက်ချီးမြှင့်နိုင်ခဲ့ပါကြောင်း၊ အမှန်တကယ်ထိုက်တန်သော စာအုပ်၊စာမူများကို ရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ပဏာမရွေးချယ်မှုအဆင့်၊ ဆန်ခါတင်ရွေးချယ်မှုအဆင့်၊ အတည်ပြုရွေးချယ်မှုအဆင့်ဟူ၍ အဆင့်သုံးဆင့်ဖြင့် ပညာရှင်များက စိစစ်ရွေးချယ်ခဲ့သည်ကို တွေ့ရပါကြောင်း။

၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့်စာအုပ် ၇၅၄ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၁ မျိုးကို စိစစ်ရွေးချယ်ခဲ့နိုင်ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၇၇ ခုထဲမှ ဘာသာရပ် ၁၃ မျိုးစလုံးအတွက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူ ၂၉ ခုကို ရွေးချယ်ခဲ့ပြီးဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်တို့ပါဝင်ပြီး ခေတ်အတွေး၊ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်ဖြင့် စာနာစိတ်ထားများ ပွားများစေနိုင်သည့် ရသစာပေများ၊နိုင်ငံဖွံ့ဖြိုးရေးနှင့်လုံခြုံရေးအတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်းပြည်ပဆိုင်ရာခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများ နားလည်လွယ်အောင် ရေးသားထားသည့်သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားပါကြောင်း၊ ဆုရရှိကြသူများထဲတွင် နိုင်ငံ့သိစာရေးဆရာကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာဝန်များ၊ တပ်မတော်သားများ၊ အငြိမ်းစားဝန်ထမ်းများပါဝင်ကြသကဲ့သို့ ဝါသနာကို အရင်းတည်ပြီး မွေ့လျော်ရာစာပေနယ်ကို တိုးဝင်ရန် ကြိုးပမ်းလာကြသည့်စာပေဝါသနာရှင်များပါဝင်ကြသည်ကို တွေ့ရသည့်အတွက် လွန်စွာကျေနပ်အားရမိပါကြောင်း။

**အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုး၍ ချီးမြှင့်လာခဲ့**ပါကြောင်း၊ **ယခုနှစ်တွင်လည်း စာပေပညာရှင်ကြီး လေးဦးထံ ချီးမြှင့်သွားမည်ဖြစ်ပြီး အမျိုးသားစာပေတစ်သက်တာဆုချီးမြှင့်ခံရသည့် ဆရာကြီး၊ ဆရာမကြီးတို့အားလုံးသည် ပညာဂုဏ်ရည်၊ စာပေဂုဏ်ရည်များ ပြည့်ဝကြသည့် ပညာရှင်ကြီးများဖြစ်**ပါကြောင်း၊ ဆရာကြီးဒေါက်တာသန်းဦးဆိုပါက မြန်မာနိုင်ငံ ပညာရေးလောက၏ ဦးသျှောင်ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံပညာရေးလောကဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခု အသက် ၉၆ နှစ်တိုင် ဘဝတစ်လျှောက်လုံး ကြိုးပမ်းဆောင်ရွက်နေဆဲ ပညာရှင်ကြီးဖြစ်ပါကြောင်း၊ ဆရာကြီးဒေါက်တာချစ်စံ ဆိုပါကလည်း မြန်မာစာပေဖွံ့ဖြိုးရေးနှင့်စာပေသုတေသနလုပ်ငန်းများကို အစဉ်တစိုက်ရေးသားပြုစုဟောပြောပေးခဲ့သည့် စာပေပညာရှင်ကြီးဖြစ်ပါကြောင်း၊ **စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၏ ဇနီးက အမှတ်တရလက်ဆောင်ပန်းချီများ ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့်စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့်(ဒေါက်တာထွန်းတင့်-မြန်မာစာ)ကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့်ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များနှင့်စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ဆရာမကြီးဒေါ်ကြူကြူသင်းဆိုပါကလည်း ရသစာပေကို တစိုက်မတ်မတ်ရေးသားပြုစုခဲ့ပြီး မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် စာရေးဆရာမကြီးဖြစ်ပါကြောင်း၊ ဆရာကြီးဒေါက်တာထွန်းတင့်ဆိုပါကလည်း မြန်မာစာ၊ မြန်မာဘာသာစကားနယ်ပယ်ဖွံ့ဖြိုးတည်တံ့အောင် အစဉ်အဆက်ရေးသားပြုစုဖြန့်ဝေပေးခဲ့သည့် ပညာရှင်ကြီးဖြစ်ပါကြောင်း၊ အဆိုပါပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိဂုဏ်ယူဝမ်းမြောက်သည်ကို ပြောကြားလိုပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့်အနာဂတ်၊ကောင်းမွန်သည့်ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါကြောင်း၊ **ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသူ၊နိုင်ငံသားများ၏ ပညာနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားရန်အထူးအရေးကြီး**လှပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်သည့် ကျေးလက်ဒေသများတွင် ပညာရေးအားနည်းခဲ့ပါကြောင်း၊ ပညာရေးအားနည်းချက်နှင့်အတူ တွေးခေါ်မြော်မြင်မှုတွင် လိုအပ်ချက်များရှိခဲ့ပါကြောင်း၊ အဆိုပါလိုအပ်ချက်များကိုပြုပြင်ရန် ဘက်စုံပညာရေးစနစ်နှင့် စာမတတ်သူပပျောက်ရေးလုပ်ငန်းများကိုလည်းဆောင်ရွက်လျက်ရှိပါကြောင်း၊**ခေတ်စနစ်နှင့်အညီ တွေးခေါ်မြော်မြင်မှုများတိုးတက်အောင် လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် စာအုပ်စာပေများကို လက်လှမ်းမီစွာရရှိရန်၊ စာပေကိုဖတ်ရှုလေ့လာကြရန် တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် မြန်မာစာပေနယ်မှစာပေရေးသားပြုစုသူများ၊ ထုတ်ဝေသူများ၊ဖြန့်ချိသူများ၊စာကြည့်တိုက်များနှင့်စေတနာရှင်များက ဝိုင်းဝန်းကူညီကြရန် အထူးပင်မေတ္တာရပ်ခံလို**ပါကြောင်း။

စာပေသည်လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပါကြောင်း၊စာအုပ်မျိုးစုံသည်လူသားများ၏ခေတ်ကြေးမုံဖြစ်ပါကြောင်း၊စာအုပ်စာပေများသည်လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ပင်ဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးပါကြောင်း၊**"ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်"**ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်းလိုက်နာပြီး ဒီယဉ်ကျေးမှုမပျောက်ပျက်အောင်၊ခိုင်မြဲတည်တံ့အောင်ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်ကို အသိပေးပြောကြားလိုပါကြောင်း။

ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများ၊စာပေဆုရရှိသူများ၊ စာပေဆုများ အောင်မြင်စွာချီးမြှင့်နိုင်အောင် စာပေစေတနာအပြည့်အဝနှင့်ဆောင်ရွက်ပေးခဲ့ကြသည့်အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ပညာရှင်များအားလုံးကိုအထူးကျေးဇူးတင်ရှိပါကြောင်းနှင့်အမျိုးဘာသာ၊သာသနာကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပြီး နိုင်ငံ၏ပုံရိပ်ကိုမြှင့်တင်ပေးနိုင်သည့် စာကောင်းပေမွန်များ ဆက်လက်ရေးသားပွဲ့ဆိုနိုင်ကြပါရန် တိုက်တွန်းမေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိကြသည့်စာပေပညာရှင်ဆရာကြီး ဒေါက်တာထွန်းတင့်(ဒေါက်တာထွန်းတင့်-မြန်မာစာ)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာချစ်စံ(ချစ်စံဝင်း)၊ စာပေပညာရှင်ဆရာမကြီး ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)၊ စာပေပညာရှင် ဆရာကြီးဒေါက်တာသန်းဦး(ပြည်စိုးမင်း) ကိုယ်စားသန်းဦးဖောင်ဒေးရှင်း အတွင်းရေးမှူးဦးအေးကြိုင်တို့ကို ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့်အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဒေါက်တာထွန်းတင့်(မြန်မာစာ)က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဒေါက်တာသန်းဦး(ပြည်စိုးမင်း)ကပေးပို့သည့် ကျေးဇူးတင်လွှာကိုအခမ်းအနားမှူးက ဖတ်ကြားတင်ပြသည်။

၎င်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက စာပေဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ဇနီးနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ဇနီးနှင့်အဖွဲ့သည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့က ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုး၊မွေးမြူရေးခြံမှ စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု၊ ဥစားကြက်၊ အသားစားကြက်၊ DYL ဝက်၊ နို့စားနွားနှင့် ဆိတ်မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်းရှိ စိုက်ပျိုး၊မွေးမြူထားရှိသော စင်တင်သီးနှံ၊ ရာသီသီးနှံ၊ နေကြာ၊ ပြောင်း၊ နဂါးမောက်နှင့် တစ်သျှူးငှက်ပျောစိုက်ပျိုးထားရှိမှု၊ နွေစပါးပျိုးထောက်ထားရှိမှု၊ DYL ဝက်၊ ငါးရှူ့၊ တီလားပီးယားငါး၊ဘဲ၊ဥစားကြက်၊ဒေသနွားနှင့် နို့စားနွားမွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

# မြန်မာအပေါ် စွပ်စွဲပုတ်ခတ်ခြင်းဖြင့် သင်တို့အချိန်မကုန်ပါစေနှင့်

ကနောင်



❖ အရှေ့တီမောလို့ မြန်မာပြည်သူတွေခေါ်ဆိုကြတဲ့ တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရဟာ အခုမှ မြန်မာပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ပုတ်ခတ်တာမဟုတ်ပါဘူး။ နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမယ့် လုပ်ရပ်တွေဖြစ်တဲ့ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုတွေကိုအားပေးအားမြှောက်ပြုတာ၊ အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်း NUG နဲ့ ထိတွေ့ဆက်ဆံတာတွေကိုဆက်တိုက်လုပ်ဆောင်ခဲ့သလို မဟုတ်မမှန်စွပ်စွဲပုတ်ခတ်မှုတွေကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းအကြားပြုလုပ်ခဲ့ပါသေးတယ်။

❖ တီမောက လက်ရှိမှာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ထင်ပေါ်လာစေဖို့အတွက် ဒီမိုကရေစီအရေးတက်ကြွတဲ့နိုင်ငံတစ်ခုအဖြစ်အသံကုန်ဟစ်ရင်း နေရာရယူဖို့ကြိုးပမ်းနေတာကိုလည်းတွေ့ရှိရပါတယ်။ တီမောအနေနဲ့ မိမိတို့မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကို အလုံးစုံမသိ၊ သိအောင်လည်းမကြိုးပမ်းဘဲ ဝေဖန်နေခြင်းထက် တီမောလက်စ်တေရဲ့အနာဂတ်အတွက် စီးပွားရေးတိုးတက်မြင့်မားဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖော်ဆောင်ပေးနိုင်ဖို့နဲ့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်မြောက်မှုနှုန်းမြင့်တက်လာဖို့ အစရှိတာတွေကို တွေးတောကြံဆနေသင့်တယ်လို့ထင်ပါတယ်။

မျက်မှောက်ခေတ် နိုင်ငံတကာမျက်နှာစာတွေမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးစတဲ့ခေါင်းစဉ်တွေနဲ့ စွပ်စွဲမှုအမျိုးမျိုးအသုံးပြုလို့ နိုင်ငံနဲ့လူမျိုးပုံရိပ်တွေကို ဆိုးရွားအောင်ပုံဖော်ကြတာ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံတွေရဲ့ ပြည်တွင်းရေးတွေမှာ ဝင်ရောက်စွက်ဖက်ခြယ်လှယ်ဖို့ အားထုတ်နေကြတာတွေကို စိတ်ပျက်ဖွယ်မြင်တွေ့နေရပါတယ်။

အထူးသဖြင့် ပထဝီနိုင်ငံရေးအရ အရှေ့တောင်အာရှရဲ့အရေးပါတဲ့နေရာမှာတည်ရှိနေတဲ့ မိမိတို့နိုင်ငံကို အကြောင်းရှာပုတ်ခတ်မှုတွေက တစ်နေ့တစ်မျိုးမရိုးရအောင်မြင်တွေ့နေရပါတယ်။ ကာကွယ်ရေးအင်အားစုတွေဖြစ်တဲ့ တပ်မတော်နဲ့ ပြည်သူလူထုတွေ၊ တိုင်းရင်းသားလူမျိုးစုတွေအကြားအမုန်းတရားတွေဖြစ်ပေါ်စေဖို့၊ ရန်မီးပွားသည်ထက်ပွားအောင်၊ တည်ငြိမ်မှုပျက်ပြားသည်ထက်ပျက်ပြားအောင်၊ ဖွံ့ဖြိုးမှုနောက်ကျသည်ထက်နောက်ကျအောင် ပုံဖော်ကြိုးပမ်းနေကြတာက အထင်အရှားပါပဲ။

## မမှန်ကန်တဲ့စွပ်စွဲချက်တွေ

ဒီဇင်ဘာလ ၉ ရက်နေ့မှာ အကြမ်းဖက်အဖွဲ့အစည်းဖြစ်တဲ့ NUG က အွန်လိုင်းကနေ ရုပ်သံတစ်ခုကို လွှင့်တင်ထားပါတယ်။ တီမောလက်စ်တေနိုင်ငံ သမ္မတဂျိုဆေးရာမို့စ်ဟော်တာပြောကြားထားတဲ့ ရုပ်သံဖိုင်တစ်ခုဖြစ်ပြီး သူက မြန်မာနိုင်ငံနဲ့ပတ်သက်လို့ တိုက်ရိုက်ဖြောင့်ကျကျ ဝင်ရောက်စွက်ဖက်ပြောကြားထားတာကို အဆိုပါရုပ်သံဖိုင်အတွင်းတွေ့ရှိခဲ့ရပါတယ်။

အရှေ့တီမောသမ္မတက သူ့ရဲ့ရုပ်သံဖိုင်မှာ မြန်မာ့တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေဟာ ပြည်သူတွေကို ဖိနှိပ်နေတယ်၊ အပြစ်မဲ့တဲ့ကလေးတွေ၊ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေ၊ ကျောင်းဆရာ၊ ဆရာမတွေ၊ ဘဏ်ဝန်ထမ်းတွေနဲ့ လယ်သမားတွေကို သတ်ဖြတ်နေတယ်လို့ စွပ်စွဲပုတ်ခတ်ထားတာကိုမြင်တွေ့ရတဲ့အခါ နိုင်ငံဦးဆောင်နေရတဲ့ သမ္မတတစ်ဦးအနေနဲ့ အခြားနိုင်ငံတစ်နိုင်ငံအကြောင်း တိတိပပစေ့စေ့ငုငုခြင်းမရှိ အခုလိုဝေဖန်ပုတ်ခတ်နိုင်တာကို နိုင်ငံသားတစ်ဦးအနေနဲ့ အတော်လေးအံ့အားသင့်မိပါတယ်။

မိမိတို့နိုင်ငံမှာ အကြမ်းဖက်အဖွဲ့အစည်း CRPH, NUG တို့ရဲ့ မြှောက်ပင့်ပေးမှုနဲ့ အကြမ်းဖက် PDF အဖွဲ့တွေကြောင့် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ပျက်စီးရတာ၊ ဝန်ထမ်းတွေ CDM မလုပ်တဲ့အခါ ရက်ရက်စက်စက်သတ်ဖြတ်ခံရတာ၊ ဆရာဝန်တွေကို ဆေးမကုနိုင်အောင်တားဆီးတာ၊ ကျောင်းသားတွေ စာသင်ကျောင်းတွေဆီမသွားရဲအောင် တားဆီးခြိမ်းခြောက်တာ၊ အပြစ်မဲ့ပြည်သူတွေကို ဒလန်လို့ စွပ်စွဲညှဉ်းပန်းသတ်ဖြတ်တာ၊ အများပြည်သူသွားလာနေတဲ့ လမ်းတွေ၊ တံတားတွေ ဖျက်ဆီးခံရတာ၊ ယုတ်စွအဆုံး နိုင်ငံတစ်ဝန်းက သံဃာတော်တွေ၊ ပညာသင်ကြားပေးနေကြတဲ့ ဆရာ၊ ဆရာမတွေကိုလူမဆန်စွာသတ်ဖြတ်တာ၊ ဖမ်းဆီးခေါ်ဆောင်တာတွေအားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီလို PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ကာကွယ်တားဆီးပြီး ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်တွေကို အကာအကွယ်ပေးနေတဲ့ ပြည်သူ့ဝန်ထမ်း တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေကို အရှေ့တီမောသမ္မတက ပြောင်းပြန်စွပ်စွဲပုတ်ခတ်ထားတာပါ။

သူ့အနေနဲ့ မြန်မာနိုင်ငံရေးကို အရှေ့တောင်အာရှနိုင်ငံတွေအတွင်းမှာ အတွင်းကျကျသိရှိထားပြီးသူတစ်ဦးအဖြစ် ကိုယ်ရည်သွေးပြောဆိုထားပေမယ့် မိမိတို့နိုင်ငံရဲ့ တကယ့်သတင်းအချက်အလက်အမှန်တွေကိုမသိရှိဘဲ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ မဟုတ်မမှန်လီဆယ်စကားတွေကိုသာ ယုံကြည်လက်ခံပေးနေတယ်ဆိုတာ သူ့ပြောစကားအရ ခန့်မှန်းရပါတယ်။

လက်ရှိနိုင်ငံရေးအပြောင်းအလဲ ဘာကြောင့် ဖြစ်ပေါ်ခဲ့ရတယ်ဆိုတာကိုတော့ သူ့ရုပ်သံဖိုင်အတွင်း ထည့်သွင်းပြောကြားထားတာ မတွေ့ရှိရပါဘူး။ မဲမသမာမှုတွေနဲ့ ဒီမိုကရေစီကို ခုတုံးလုပ်အသုံးချသူတွေကြောင့် တိုင်းပြည်အတွက် ဒီမိုကရေစီလမ်းကြောင်းလွဲခဲ့ရတာ၊ တပ်မတော်က နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲဖို့နဲ့ မှန်ကန်တဲ့ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိအောင် တည့်မတ်လျက်ရှိတဲ့အနေအထား၊ လက်ရှိပြည်တွင်းပဋိပက္ခတွေအပေါ် ကိုင်တွယ်ဖြေရှင်းပေးနေတဲ့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်ကဆောင်ရွက်ပေးနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့လုပ်ဆောင်ချက်တွေကို လျစ်လျူရှုဝေဖန်တိုက်ခိုက်မှုသက်သက်လို့သာ ဆိုရမှာဖြစ်ပါတယ်။

## ဥပဒေအတိုင်းသာ

ရုပ်သံဖိုင်အတွင်းမှာ တီမောသမ္မတက မြန်မာလက်နက်ကိုင်တပ်ဖွဲ့တွေအနေနဲ့ စစ်ပွဲတွေဆက်မတိုက်ကြဖို့၊ ပြည်သူတွေကို မတိုက်ကြဖို့၊ လမ်းပေါ် ထွက်ရင် လက်နက်တွေယူမသွားကြဖို့နဲ့ ကလေးတွေ၊ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေ၊ အနုပညာရှင်တွေ၊ စီးပွားရေးသမားတွေ၊ ပညာရှင်တွေ၊ သတင်းထောက်တွေကို ထောင်သွင်းအကျဉ်းချတာ၊ သတ်ဖြတ်တာတွေမလုပ်ကြတော့ဖို့ဆိုပြီး တိုက်တွန်းထားတာကလည်း လက်ရှိမြန်မာနိုင်ငံရဲ့ အခြေအနေကို မသိဘဲ ထင်ရာမြင်ရာပြောဆိုနေတယ်ဆိုတာ အထင်အရှားပေါ်လွင်နေပါတယ်။

မိမိတို့နိုင်ငံအနေနဲ့ လွတ်လပ်၍အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ လက်ရှိအစိုးရအနေနဲ့ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားတဲ့ အခွင့်အာဏာတွေကို အပြည့်အဝကျင့်သုံးပိုင်ခွင့်ရှိပါတယ်။ နိုင်ငံသားတိုင်းက တရားဥပဒေနဲ့အညီ တန်းတူအခွင့်အရေးများရရှိပြီး အခြေခံလူ့အခွင့်အရေးဆိုင်ရာ အကာအကွယ်တွေကိုလည်း တန်းတူရရှိတဲ့နိုင်ငံဖြစ်ပါတယ်။ အပြစ်မဲ့ပြည်သူတွေကို တရားဥပဒေက အပြည့်အဝကာကွယ်ပေးထားသလို မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးစနစ်က လွတ်လပ်မှုရှိပြီး ပြည်ထောင်စုအတွင်းက မှီတင်းနေထိုင်သူအားလုံးကို သာတူညီမျှရှိတဲ့ဥပဒေတွေကို ကျင့်သုံးဆောင်ရွက်နေတာဖြစ်ပါတယ်။

**အရှေ့တီမောလို့ မြန်မာပြည်သူတွေခေါ်ဆိုကြတဲ့ တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရဟာ အခုမှ မြန်မာပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ပုတ်ခတ်တာမဟုတ်ပါဘူး။ နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေမယ့်လုပ်ရပ်တွေဖြစ်တဲ့ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုတွေကိုအားပေးအားမြှောက်ပြုတာ၊ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဆောင်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်း NUG နဲ့ ထိတွေ့ဆက်ဆံတာတွေကို ဆက်တိုက်လုပ်ဆောင်ခဲ့သလို မဟုတ်မမှန် စွပ်စွဲပုတ်ခတ်မှုတွေကိုလည်း နိုင်ငံတကာ အသိုင်းအဝိုင်းအကြား ပြုလုပ်ခဲ့ပါသေးတယ်။**

## သံတမန်များဖယ်ရှားထွက်ခွာ

ဒါကြောင့် မြန်မာအစိုးရက သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းနဲ့ မကိုက်ညီတဲ့ တီမောလက်စ်တေအစိုးရရဲ့ ပြောကြားချက်နဲ့ လုပ်ဆောင်ချက်တွေကို ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့တာ၊ သတိပေးခဲ့တာတွေ ပြုလုပ်ခဲ့သည့်တိုင် မရပ်တန့်ခဲ့တဲ့အတွက် မြန်မာနိုင်ငံအတွင်းက သံရုံးယာယီတာဝန်ခံကိုလည်း ယခုနှစ်စက်တင်ဘာလ ၁ ရက်နေ့မတိုင်မီ မြန်မာနိုင်ငံကနေထွက်ခွာခဲ့ဖို့ သံတမန်စာနဲ့ အကြောင်းကြားထွက်ခွာစေခဲ့ပါတယ်။

ယခုအကြိမ်မှာလည်း တီမောလက်စ်တေသမ္မတရဲ့ အဆင်အခြင်မဲ့တဲ့လုပ်ရပ်နဲ့ အပြောအဆိုတွေက နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေနိုင်တဲ့အပြင် အကြမ်းဖက်မှုကို အားပေးအားမြှောက်ပြုရာရောက်ပြီး အပြစ်မဲ့ပြည်သူအများအပြား သေကျေဒဏ်ရာရ၊ အစိုးရနဲ့ပုဂ္ဂလိကပိုင်အဆောက်အဦတွေ၊ ပစ္စည်းတွေကို ပျက်စီးစေခဲ့တဲ့ မတရားအသင်းနဲ့ အကြမ်းဖက်အဖွဲ့ဖြစ်တဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) အမည်ခံ အကြမ်းဖက်အဖွဲ့တွေ ဆက်လက်ကျူးလွန်နေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို မျက်ကွယ်ပြုရာရောက်တဲ့အပြင် တီမောအနေနဲ့ မြန်မာ့ပြည်တွင်းရေးကို ဖြောင့်ကျကျဝင်ရောက်စွက်ဖက်တယ်၊ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာကိုထိပါးလာတယ်လို့ မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ ရှုမြင်စိတ်ပျက်မိပါတယ်။

## ကိုယ်တိုင်သည်ပင် ရုန်းကန်နေရဆဲ

ဆက်စပ်ပြီး စာရေးသူအနေနဲ့ တီမောလက်စ်တေနိုင်ငံအကြောင်းကို လေ့လာသုံးသပ်ကြည့်တဲ့အခါ ၅၄၀၀ စတုရန်းမိုင်ကျယ်ဝန်းတဲ့ အရှေ့တီမောဟာ ၁၆ ရာစုကတည်းက တိုင်းတစ်ပါးနိုင်ငံတွေ လက်အောက်ကျရောက်ခဲ့ပြီး နှစ်ပေါင်း ၄၀၀ လောက်အကြာ ၂၀၀၂ ခုနှစ်မှသာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ်ရောက်ရှိလာနိုင်ခဲ့ပါတယ်။ ကိုလိုနီလက်အောက်ခံဘဝ ရုန်းရင်းဆန်ခတ်မှုတွေကြောင့် ၁၇၀၀ ပြည့်နှစ်မတိုင်မီက နိုင်ငံ့သမိုင်းကြောင်း မှတ်တမ်းမှတ်ရာတွေ ဆုံးရှုံးခဲ့ရပါတယ်။

ပြည်တွင်းမတည်ငြိမ်မှု၊ မငြိမ်းချမ်းမှုနဲ့ မညီညွတ်မှုတွေကြောင့် တိုင်းတစ်ပါးလက်အောက်မှာ နှစ်ပေါင်းရာချီနေခဲ့ကြရပါတယ်။ လက်ရှိနိုင်ငံ့လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းက အလုပ်လက်မဲ့တွေဖြစ်ကြသလို နိုင်ငံ့လူဦးရေရဲ့ထက်ဝက်နီးပါး စာတတ်မြောက်မှုအားနည်းပြီး ငွေကြေးဖောင်းပွတာစတဲ့ အခက်အခဲများအကြား ရုန်းကန်နေရတဲ့ နိုင်ငံဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးမှာ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ ဩစတြေးလျတို့နဲ့အဆင်ပြေဖို့က သူတို့ရဲ့နိုင်ငံခြားရေးထိပ်သီးမူဝါဒဖြစ်သလို မကြာသေးမီနှစ်အနည်းငယ်ကအထိ တီမောနိုင်ငံရဲ့ ဘဏ္ဍာငွေအများစုက နိုင်ငံတကာ ကူညီထောက်ပံ့မှုတွေနဲ့ရပ်တည်နေခဲ့ရ၊ ကိုယ်ပိုင်ငွေကြေးမရှိဘဲ အမေရိကန်ဒေါ်လာကိုသာ အသုံးပြုတဲ့ နိုင်ငံတစ်ခုလည်းဖြစ်ခဲ့ပါတယ်။

**တီမောက လက်ရှိမှာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ထင်ပေါ်လာစေဖို့အတွက် ဒီမိုကရေစီအရေးတက်ကြွတဲ့နိုင်ငံတစ်ခုအဖြစ် အသံကုန်ဟစ်ရင်း နေရာရယူဖို့ကြိုးပမ်းနေတာကိုလည်းတွေ့ရှိရပါတယ်။ တီမောအနေနဲ့ မိမိတို့မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို အလုံးစုံမသိ၊ သိအောင်လည်း မကြိုးပမ်းဘဲ ဝေဖန်နေခြင်းထက် တီမောလက်စ်တေရဲ့ အနာဂတ်အတွက် စီးပွားရေးတိုးတက်မြင့်မားဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖော်ဆောင်ပေးနိုင်ဖို့နဲ့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်မြောက်မှု နှုန်းမြင့်တက်လာဖို့ အစရှိတာတွေကို တွေးတောကြံဆနေသင့်တယ်လို့ ထင်ပါတယ်။**

မိမိတို့နိုင်ငံက နိုင်ငံတကာဆက်ဆံရေးကို လုပ်ဆောင်တဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့အတိုင်း လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ယနေ့တိုင်ကျင့်သုံးနေတဲ့နိုင်ငံဖြစ်ပြီး နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူနဲ့အညီ နိုင်ငံအားလုံးနဲ့သင့်မြတ်စွာ ဆက်ဆံလျက်ရှိပါတယ်။

စာမျက်နှာ ၂၁ သို့

# မြန်မာနိုင်ငံအရေးစွက်ဖက်သော တီမောလက်စ်တေသမ္မတ၏ ပြောစကားမှာ လေကန်ခြင်းသာသက်ရောက်ကြောင်းနှင့် နိုင်ငံ့အကြီးအကဲအဖြစ် ၎င်း၏သိက္ခာပင်ကျဆင်းဟု နိုင်ငံရေးအသိုင်းအဝိုင်းတွင် ဝေဖန်မှုများရှိနေ၊ ၎င်း၏ပြောစကားကို ဝိုင်းဆန်းကန့်ကွက်သင့်

မြန်မာနိုင်ငံအရေးစွက်ဖက်သော တီမောလက်စ်တေနိုင်ငံသမ္မတ၏ ပြောစကားမှာလေကန်ခြင်းသာသက်ရောက်ကြောင်းနှင့် နိုင်ငံ့အကြီးအကဲအဖြစ် ၎င်း၏သိက္ခာပင်ကျဆင်းစေကြောင်း နိုင်ငံရေးအသိုင်းအဝိုင်းတွင် ဝေဖန်မှုများရှိနေကာ ၎င်း၏ပြောစကားကိုဝိုင်းဝန်းကန့်ကွက်သင့်ကြောင်းလည်း ပြောကြားမှုများရှိနေသည်။

မြန်မာ့တပ်မတော်သားများအနေဖြင့် တပ်မတော်လက်အောက်ကထွက်ခွာကြရန် တီမောလက်စ်တေနိုင်ငံသမ္မတဂျိုဆေးရာမို့စ်ဟော်တာက ဗီဒီယိုမိန့်ခွန်းဖြင့် တိုက်တွန်းခြင်းအပေါ် အထက်ပါအတိုင်း ဝေဖန်ပြောကြားမှုများရှိနေခြင်းဖြစ်သည်။

ပြည်ပြေးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော NUG နှင့်တွေ့ဆုံခဲ့သည့် တီမောလက်စ်တေအစိုးရသည် နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သော မဟုတ်မမှန်သတင်းများစွပ်စွဲပြောဆိုမှုများကြောင့် မြန်မာနိုင်ငံရှိ တီမောလက်စ်တေသံရုံးတာဝန်ခံကို မြန်မာနိုင်ငံအတွင်းက ထွက်ခွာသွားရန် အမိန့်ထုတ်ခဲ့ကာ အဆိုပါနိုင်ငံနှင့် သံတမန်ဆက်ဆံရေးကိုလည်း ရပ်တန့်ထားသည်။

"အစိုးရအချင်းချင်းဆက်ဆံရေးကို ဖောက်ဖျက်ရာကျတာပေါ့။ သူတစ်ပါးနိုင်ငံရဲ့ပြည်တွင်းရေးနဲ့ အချုပ်အခြာအာဏာကို ဖောက်ဖျက်ရာကျတာပေါ့။ အကယ်၍ ရိုးရိုးအရပ်သားတစ်ယောက်၊ နိုင်ငံရေးအာဏာမရှိဘူး၊ သမ္မတလည်းမဟုတ်ဘူး၊ ဝန်ကြီးချုပ်လည်းမဟုတ်ဘူး၊ အလွတ်သဘောမျိုးပြောကြတယ်ဆိုရင်တော့တစ်မျိုးပေါ့လေ။အခုက သူကတာဝန်ရှိတဲ့အစိုးရလည်းဖြစ်တယ်။သမ္မတလည်းဖြစ်တယ်။နိုင်ငံအချင်းချင်းစောင့်ထိန်းရမယ့်ဟာကိုတော့ နားလည်ရမှာပေါ့။ ပြောတာတော့နည်းနည်းများသွားတယ်လေ။ ဒါကြောင့် သူ့ဒီလိုလုပ်ပုံလုပ်နည်းကအနည်းဆုံးသူပြောရမှာက အာဆီယံမူလောက်ကို ထောက်ခံတယ်။ အာဆီယံမူလောက်ကို လိုက်လုပ်ပေးဖို့လိုတယ်လောက်တိုက်တွန်းရင်တော်သေးတယ်လေ။ အခုကတော့ ရဲဘော်တွေအားလုံးလက်နက်ချကြ၊ ဘာလုပ်ကြဆိုတော့သူက NUG အစိုးရအဖွဲ့ဝင်တစ်ယောက်လိုပြောသလိုဖြစ်နေတယ်။ သူ့ကိုယ်သူဈေးကျသလိုဖြစ်တယ်။NUG အငှားဘက်ကပြောသလိုဖြစ်သွားတော့ သူ့ခမျာလည်း နိုင်ငံအကြီးအကဲသိက္ခာကျတာပေါ့။ ဘယ်ဘက်ရှုထောင့်က ပဲကြည့်ကြည့်မဖြစ်သင့်တဲ့ဟာပါ"ဟု ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၏ ဥက္ကဋ္ဌ ဦးဆောင်နာယက ဗိုလ်မှူးကြီးခွန်ဥက္ကာက ပြောပြသည်။

တီမောလက်စ်တေသမ္မတက ယခုကဲ့သို့ပြောဆိုခဲ့ခြင်းကြောင့် ၎င်းသည် အကြမ်းဖက်အစစ်ဖြစ်သွားကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့ဖူးသူ ဦးကျော်ဇေယျက ဆိုသည်။

"သူက အလံဖြူထောင်ဖို့သဘောမျိုးသက်ရောက်တဲ့စကားကို အခုလိုပြောဆိုတာဟာ တကယ့်အကြမ်းဖက်အစစ်ဖြစ်သွားပြီ။ တကယ်လို့သာ အာဆီယံမှာ သူလေ့လာသူအဖြစ်တက်ခဲ့တယ်ဆိုရင် သူ့ကိုကန့်ကွက်လို့ရတယ်။ အခုလိုပြောဆိုလိုက်တာကြောင့် အာဆီယံမှာ မှတ်တမ်းဝင်ဖြစ်သွားပြီ။ သမိုင်းမှာအကြမ်းဖက်ဆိုတာမှတ်တမ်းဝင်သွားပြီ။ တီမောဆိုတာ ပထဝီအနေအထားအရ မြန်မာနိုင်ငံနဲ့ဆက်စပ်မှုမရှိတဲ့နိုင်ငံပါ။ နိုင်ငံသေးသေးလေးပါ။ တကယ့်ကိုမြေမျက်နှာပြင်ဆက်စပ်တဲ့ ဘာသာအယူအဆလည်းတူတဲ့နိုင်ငံမဟုတ်ဘူး။မဟုတ်ဘဲနဲ့အာဆီယံနိုင်ငံတွေထဲမှာ အဖွဲ့ဝင်နိုင်ငံတောင်မဖြစ်သေးဘူး။ဒါကအားလုံးဝိုင်းပြီးကန့်ကွက်သင့်တယ်"ဟု ၎င်းက ဆိုသည်။

တီမောသမ္မတသည် မြန်မာနိုင်ငံ၏သမိုင်းကို ဦးစွာသိအောင်ပြုလုပ်သင့်ကြောင်း အသက် ၆၅ နှစ်ကျော်အရွယ် ပါတီနိုင်ငံရေးနယ်ပယ်မှ နိုင်ငံရေးသုံးသပ်လေ့လာသူတစ်ဦးက တုံ့ပြန်ပြောကြားသည်။

"မြန်မာနိုင်ငံအကြောင်းကိုပြောချင်ရင် မြန်မာနိုင်ငံရဲ့သမိုင်းကို အရင်ဆုံးသိအောင်လုပ်ပါလို့ပြောချင်ပါတယ်။ သမိုင်းကြောင်းကိုမသိဘဲဝေဖန်တယ်ဆိုရင် ဒါကဝေဖန်တာနဲ့မတူဘဲ တစ်ခါတစ်ရံကျတော့လေကန်တာမျိုးဖြစ်သွားတတ်တယ်။ လေကန်တယ်ဆိုတာမျိုးက အထောက်အထားပြရမယ့်အရာတွေ၊ ကိုးကားရမယ့်အရာတွေမသိဘဲနဲ့ပြောတာမျိုးကို လေကန်တယ်လို့ပြောကြတာပေါ့"ဟု အထက်ပါနိုင်ငံရေးသုံးသပ်လေ့လာသူက ဆိုသည်။

ပြီးခဲ့သည့်ရွေးကောက်ပွဲကာလအတွင်းက နှစ်ခါမကသုံးခါထိမဲပေးခွင့်ရခဲ့သူများပင်ရှိခဲ့ကာ ထိုသို့ဖြစ်စဉ်မျိုးသည်အောက်ခြေကပင်ဖြစ်သည်ဖြစ်စေ ခေါင်းဆောင်ကသာ ဖြေရှင်းရပြီး အဆိုပါဖြစ်စဉ်မျိုးကို တီမောသမ္မတအနေဖြင့် သိရှိနားလည်ထားမည်ဟုမထင်ကြောင်း ၎င်းကဆိုသည်။

"တစ်ခုလောက်မေးစမ်းပါရစေ။၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှာ အာဏာထိန်းပြီးကတည်းက ဒီနေ့အထိ သံရုံးတွေတံခါးပိတ်ပြီး မြန်မာနိုင်ငံကပြန်သွားတာ ဘယ်နှနိုင်ငံရှိပါသလဲခင်ဗျာ။ တီမောသမ္မတကြီးခင်ဗျာ။ မြန်မာနိုင်ငံသံရုံးတွေကို ဘယ်နိုင်ငံက တံခါးပိတ်ပြီး မင်းတို့ပြန်တော့လို့ ပြောတာရှိပါသလဲခင်ဗျာ။ တပ်မတော်ကိုခွဲတာက တိုင်းပြည်ကိုခွဲတာနဲ့အတူတူဖြစ်ပါတယ်။ မြောက်ဗီယက်နမ်၊ တောင်ဗီယက်နမ် ကွဲသွားခဲ့ဖူးပါတယ်။ တောင်ကိုရီးယား၊မြောက်ကိုရီးယားကွဲသွားခဲ့ပါတယ်။ဗီယက်နမ်ကပေါင်းပေမယ့် ကိုရီးယားကတော့ကွဲမြဲပါ။ ဒီလိုမျိုးတွေမဖြစ်ဖို့ ဝိုင်းဝန်းထိန်းသိမ်းပြီး ဘိုးဘွားအစဉ်အဆက်တည်ရှိတဲ့နယ်နိမိတ်တွေကဆက်တည်ရှိပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံဟာ ပြည်တွင်းရေးကို ဝင်မစွက်ဖက်ဘဲ ဖေးမကူညီခြင်းဟာအကောင်းဆုံးဖြစ်ပါတယ်"ဟု အထက်ပါသုံးသပ်လေ့လာသူက ဆိုသည်။

တီမောနိုင်ငံအနေဖြင့် နိုင်ငံငယ်သာဖြစ်ပြီး အနောက်အုပ်စုနိုင်ငံမှပိုက်ဆံရရှိရန်အတွက် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို ပြောနေခြင်းသာဖြစ်ပြီး တီမောသမ္မတက ပြောသည့်အတွက် တပ်မတော်သည်ပြိုသွားမည်မဟုတ်၊ ရှုံးသွားမည်မဟုတ်ကြောင်း မြန်မာ့နိုင်ငံအရေးသုံးသပ်လေ့လာသူတစ်ဦးဖြစ်သည့် ဦးဘိုဘိုကျော်ငြိမ်းက ဆိုသည်။

"ကျွန်တော်ကတော့ တီမောသမ္မတပြောလည်း သူကပြောနေတာအလကားသက်သက်ပဲ။ ဘာမှမဖြစ်ဘူး။ တီမောသမ္မတက ဘာပြောလို့ညာပြောလို့ဆိုတာစိတ်မပူပါဘူး။ လေကန်တာပဲရှိပါတယ်"ဟု ၎င်းက ဆိုသည်။

တီမောသမ္မတ၏ပြောကြားချက်သည် နိုင်ငံရေးမျက်နှာစာတွင်ထင်ပေါ်စေရန်အတွက် လုပ်ဆောင်ခြင်းဟုသာ ရှုမြင်မိကြောင်းနှင့်တီမောသမ္မတပြောကြားချက်ကိုငြင်းဆိုလိုကြောင်း ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေက သုံးသပ်ပြောကြားသည်။

"သူတို့ကိုယ်သူတို့ Role တင်တယ်လို့ ကျွန်တော်ကတော့ မြင်ပါတယ်။စွက်ဖက်တာကတော့ ကမ္ဘာ့နိုင်ငံကြီးတွေကလည်း စွက်ဖက်နေတာပဲ။ ပြောချင်တာက ကျွန်တော်တို့က ဖွဲ့စည်းပုံအတိုင်းသွားနေတာကို ဘယ်နိုင်ငံကမှ Mother law ကို စွက်ဖက်လို့မရဘူး"ဟု ၎င်းက ဆိုသည်။

**မျိုးနိုင်၊ ထက်ဦးမောင်**




## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းအောင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။



လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက လှူဒါန်းသော ထောပတ်ထမင်းဘူးများကို တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

စာမျက်နှာ ၂၀ မှအဆက်

### မည်သူတရားပျက်ပျက် ကိုယ်မပျက်

မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာအသိအမှတ်ပြု သံတမန်ဆက်ဆံရေးနဲ့ စပ်လျဉ်းတဲ့ ကွန်ဗင်းရှင်းများကို လေးစားလိုက်နာခဲ့တဲ့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့လည်း ရုရှားမီဒီယာတစ်ခုနဲ့ တွေ့ဆုံဖြေကြားစဉ်အတွင်းမှာ မြန်မာနိုင်ငံမှာ ရန်သူနိုင်ငံမရှိဘဲ မိတ်ဆွေနိုင်ငံတွေသာရှိပြီး မိမိတို့အပေါ် စိတ်ရင်းစေတနာကောင်းထားတဲ့နိုင်ငံတွေနဲ့ ပိုမိုချစ်ကြည်စွာဆက်ဆံသွားမယ်လို့ပြောကြားခဲ့ဖူးပြီး လက်တွေ့မှာလည်း မိမိတို့နိုင်ငံဘက်က ရပ်တည်ပေးခဲ့ကြတဲ့ နိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးစွာဆက်ဆံလျက်ရှိနေပါတယ်။

ပြည်ပနိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံအပေါ် ဝေဖန်ထောက်ပြတဲ့အခါ မှန်ကန်တဲ့သတင်းအချက်၊ ဆင်ခြင်တုံတရားပြည့်ဝတဲ့အပြုအမူအပြင် ကောင်းမြတ်တဲ့စိတ်နှလုံးတို့နဲ့ ပူးပေါင်းထောက်ပြသင့်သလို မြန်မာနိုင်ငံဘက်ကလည်း မည်သူတရားပျက်ပျက် မြန်မာတို့မပျက်ဘဲ ချစ်ကြည်ရင်းနှီးတဲ့ဆက်ဆံရေးကိုသာ တိုးမြှင့်ဖော်ဆောင်ရင်းဖြင့် မြန်မာ့အနာဂတ်၊ မြန်မာ့ဒီမိုကရေစီနိုင်ငံသစ်ကို ကမ္ဘာ့နိုင်ငံများအားလုံးရှေ့မှောက်တွင် ဦးလည်မသုန် အကောင်းဆုံးပုံဖော်ဖန်တီးတည်ဆောက်သွားမည်သာဖြစ်ပါကြောင်း။ ။

# KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက မြဝတီမြို့နယ်၊ သက်နှီးညီနောင်ရှိ 230 KV ဓာတ်အားခွဲရုံကို Drop Bombများဖြင့် ပစ်ချတိုက်ခိုက်ဖျက်ဆီးခြင်းနှင့် ကျောက်တံခါးမြို့နယ်အတွင်း မန္တလေး-ရန်ကုန်လူစီးရထားအား ရီမုမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ပြည်သူလူထု လူမှုစီးပွားဘဝထိခိုက်စေရန်နှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့မှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့၊ နမ့်ခမ်းမြို့၊ ရခိုင်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ မြောက်ဦးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာရဲစခန်းတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မနက် ၆ နာရီ ၁၅ မိနစ် အချိန်လောက်မှာ KNLA ၊ PDF အကြမ်းဖက်သောင်းကျန်းသူတွေက မြဝတီမြို့နယ် သက်နှီးညီနောင်မှာရှိတဲ့ 230 KV ဓာတ်အားခွဲရုံကို Drop Bomb နဲ့ပစ်ချတိုက်ခိုက်ခဲ့ပါတယ်။ ဒါကြောင့် ဓာတ်အားခွဲရုံမှာရှိတဲ့ ဓာတ်အားခွဲရုံသုံးပစ္စည်းတွေ၊ အဆောက်အအုံတွေ ပျက်စီးခဲ့တာရှိပါတယ်။အဲဒါကြောင့် သက်နှီးညီနောင်-မြဝတီဘက်မှာတော့ လျှပ်စစ်ဓာတ်အားပေးပို့မှုပြတ်တောက်လျက်ရှိပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးစဉ်းစားကြည့်ရင် လျှပ်စစ်ဓာတ်အားဆိုတာက အဲဒီဒေသမှာရှိတဲ့ ပြည်သူလူထုကသုံးစွဲတာဖြစ်ပါတယ်။လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဒဏ်ကို ပြည်သူလူထုပဲခံရတာဖြစ်ပါတယ်။သောင်းကျန်းသူတွေအနေနဲ့ကတော့ ဒါတွေကို ထည့်တွက်မှာမဟုတ်ပါဘူး။ သူတို့ရဲ့လိုလားချက်က သူတို့ရဲ့ ဘဏ္ဍာငွေရရှိရေး၊ အကြောက်တရားနဲ့ ခြိမ်းခြောက်ရေး၊ပြည်သူလူထုရဲ့လူမှုစီးပွားဘဝပျက်စီးစေရေး ဒါတွေကိုပဲ သူတို့ဆောင်ရွက်မှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားဆိုတာက ဘယ်အစိုးရပဲတက်တက် ပြည်သူတွေသုံးစွဲတာပဲဖြစ်တယ်။ပြည်သူတွေအတွက် အစိုးရအဆက်ဆက်က လုပ်ဆောင်ပေးခဲ့တာဖြစ်ပါတယ်။ ဒီ့ပြင်ပြောရမယ်ဆိုရင် အဲဒီဒေသတွေမှာ KNLA၊ PDFအကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အမျိုးအဆွေတွေပါ အဲဒီမြို့နယ်တွေမှာနေတာပဲဖြစ်ပါတယ်။သူတို့ပဲသုံးစွဲနေတာဖြစ်ပါတယ်။သူတို့လည်း သုံးစွဲနေတာဖြစ်ပါတယ်။ ဒီလိုမျိုးဖျက်ဆီးခဲ့တဲ့ဖြစ်စဉ်ပေါင်းမြောက်မြားစွာရှိပါပြီ။လျှပ်စစ်တာဝါတိုင်တွေကို မိုင်းထောင်ဖောက်ခွဲတာတွေ၊ ဓာတ်အားခွဲရုံတွေကို ဖျက်ဆီးတာတွေ၊ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်ဓာတ်အားနဲ့ပတ်သက်ပြီး လိုအပ်ချက်ရှိနေတဲ့ကြားမှာ ဒီလိုဆောင်ရွက်တဲ့ကိစ္စတွေက ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ရမယ့်လုပ်ငန်းတွေဖြစ်ကြောင်း ပြောလိုပါတယ်။ ဒီလိုပါပဲ ဒီအဖွဲ့ပါပဲ KNLA ၊ KNU၊ PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ ဒီနေ့မနက် ၃ နာရီခွဲလောက်မှာ ကျောက်တံခါးဘူတာကနေ ထွက်လာတဲ့ ရန်ကုန်-မန္တလေး အမှတ်(၆)အစုန် လူစီးအမြန်ရထားကို မိုင်တိုင်အမှတ်(၁၀၄)နဲ့(၁၀၃) နေရာမှာ ရထားလမ်းကို မိုင်းထောင်ဖောက်ခွဲခဲ့ပါတယ်။ ဒါကြောင့် ရထားစက်ခေါင်းနဲ့အတူ လူစီးတွဲသုံးတွဲလမ်းချော်မှုဖြစ်ပွားခဲ့ပါတယ်။လမ်းခရီးမှာခရီးသည် စုစုပေါင်း ၉၀၀ ဦးလောက် လမ်းခရီးကြန့်ကြာမှုအခက်အခဲများဖြစ်ပေါ်ခဲ့ပါတယ်။ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေနဲ့ အချိန်နဲ့တစ်ပြေးညီ ပြုပြင်မွမ်းမံမှုများဆောင်ရွက်လျက်ရှိပါတယ်။ခရီးသည်တွေအတွက်အဆင်ပြေအောင် ထမင်းဘူးတွေဝေငှပေးတာတွေ၊ သောက်သုံးရေအဆင်ပြေအောင်ဆောင်ရွက်ပေးတာတွေဆောင်ရွက်ခဲ့ရပါတယ်။ ရထားလမ်းဆိုတာက တိုင်းပြည်ရဲ့ကုန်စည်ပို့ဆောင်ရေး၊ တိုင်းပြည်ရဲ့အခြေခံလူတန်းစားတွေ အများဆုံးအသုံးပြုကြတဲ့ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းဖြစ်ပါတယ်။ ဒီလိုဟာတွေကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကနေစပြီး ဒီနေ့ထိ ရထားလမ်းတွေ၊ ရထားဘူတာတွေကို မိုင်းထောင်၊ မိုင်းခွဲဖျက်ဆီးတာ ၁၂၉ ကြိမ်ရှိပါပြီ။ တံတားတွေကို မိုင်းထောင်၊ မိုင်းခွဲဖျက်ဆီးတာ ၄၆ ကြိမ်ရှိပါပြီ။ ပြည်သူလူထုရဲ့လူမှုစီးပွားဘဝ၊ နိုင်ငံတော်ရဲ့အခြေခံအဆောက်အအုံတွေကို အခြေခံကျကျဖျက်ဆီးပစ်နေတာပဲဖြစ်ပါတယ်။ ဒီ့ပြင် မနေ့ကလည်း ကျွန်တော်ပြောခဲ့ပြီးပါပြီ။ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဆေးရုံ၊ ဆေးခန်းပေါင်း ၅၅ ခုကို မီးရှို့ဖျက်ဆီးတာ၊ မိုင်းထောင်ဖောက်ခွဲတာတွေလုပ်ခဲ့ပါတယ်။ ပြည်သူလူထုရဲ့ပညာရေးဖြစ်တဲ့ စာသင်ကျောင်းတွေနဲ့ ပညာရေးနဲ့ပတ်သက်တဲ့ အဆောက်အအုံ ၇၇၃ လုံးကိုဖျက်ဆီးခဲ့တယ်။ မိုင်းထောင်ဖောက်ခွဲခဲ့တယ်။ဒီ့ပြင်တချို့နေရာတွေမှာဆိုရင်စာသင်ကျောင်းတွေကို သူတို့ရဲ့စစ်ရေးအရအသုံးပြုပြီး သင်တန်းကျောင်းတွေလုပ်တာတွေ၊ စစ်ရေးအရအသုံးပြုပြီး စာသင်ကျောင်းထဲမှာ ဘန်ကာတွေဆောက်၊ဆက်သွယ်ရေးမြောင်းတွေတူးပြီး စစ်စခန်းအဖြစ်အသုံးပြုခဲ့တာတွေအကြိမ်ကြိမ်ရှိပြီးဖြစ်ပါတယ်။ ဒါတွေက တိုင်းပြည်ရဲ့ယခုလက်ရှိ ပစ္စုပ္ပန်ကာလကိုရော၊ အနာဂတ်ကာလကိုရော ဖျက်ဆီးပစ်နေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့လိုပါတယ်။ ဒီလိုမှမဟုတ်ဘဲနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို အားပေးနေမယ်ဆိုရင် မိမိကိုယ်တိုင်နေတဲ့နေအိမ်၊ မိမိကိုယ်တိုင်နေတဲ့အသိုက်အမြုံကို မိမိကိုယ်တိုင်ဖျက်ဆီးပစ်နေတာနဲ့တူတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။



ဖြစ်စဉ်များအနေနဲ့ကတော့ ဒီနေ့မှာတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ နမ့်ဆန်မှာထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ နမ့်ခမ်းဘက်မှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ မြောက်ဦးဘက်မှာ တပ်ကို မြောက်ဦးမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်ဘုရားတွေကြားထဲမှာပဲ ဘုရားစေတီတွေကြားထဲမှာပဲ AA အနေနဲ့ခံကတုတ်တွေ၊ယာယီနေရာတွေပြုလုပ်ပြီး ပစ်ခတ်တိုက်ခိုက်ခဲ့တာရှိပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဆိုလဲ အဓိကဖြစ်စဉ်က TNLA အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ဖြစ်နေတာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးဘက်မှာတော့ ဖြူးမြို့နယ် ညောင်ပင်သာရဲစခန်းကို ဒီနေ့မနက်ပိုင်းမှာ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ အဲ့ဒီမှာရှိတဲ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ရှုပ်ရှုပ်ချွံချွံခုခံမှုကြောင့် ရန်သူစခန်းထဲကို အနည်းငယ်ဝင်ရောက်ပြီး နောက်ပိုင်းမှာ အကျအဆုံးများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားခဲ့ရကြောင်း ကျွန်တော်တို့တွေ့ရပါတယ်။

ဒီနေ့မှာတော့ ထူးခြားမှုအနေနဲ့ TNLA၊ AA ရဲ့သူတို့ပြုလုပ်နေတဲ့ သတင်းမီဒီယာတွေထဲမှာ ဘာတွေတွေ့ရတုန်းဆိုတော့ သူတို့ကိုတပ်မတော်ကပဲ စတိုက်သယောင် လေသံပြောင်းလာတာကို တွေ့ရပါတယ်။ ဘာကြောင့်ဒီလိုလေသံပြောင်းတယ်ဆိုတာကတော့ အားလုံးယခင်ကတည်းက ကျွန်တော်ပြောခဲ့တဲ့စကားတွေနဲ့ဆက်စပ်ပြီးရင် သုံးသပ်ကြည့်မိမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားဒေသတွေ၊ သူတို့လှုပ်ရှားနေတဲ့ဒေသတွေမှာ စတင်တိုက်ခိုက်မှု မရှိခဲ့ပါဘူး။ ၎င်းတို့ကသာ စတင်တိုက်ခိုက်ခဲ့တာဖြစ်ပါတယ်။ ယခင်တုန်းက သူတို့တိုက်ခိုက်ခဲ့တဲ့ဟာတွေကို ဂုဏ်ယူဝင့်ကြွားစွာနဲ့တင်နေတဲ့အဖွဲ့တွေက ဒီနေ့ကျမှလေသံပြောင်းပြီး တပ်မတော်က စတင်တိုက်ခိုက်တယ်ဆိုတဲ့ပုံစံမျိုး လေသံပြောင်းပြီး တိုက်ခိုက်နေတာမျိုးတွေရှိပါတယ်။ လေသံပြောင်းပြီးဆောင်ရွက်နေတာမျိုးတွေရှိပါတယ်။ ဒီလိုအခြေအနေမျိုးတွေဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ ငြိမ်းချမ်းရေးကို ဆောင်ရွက်နေတဲ့အဖွဲ့များအားလုံး ငြိမ်းချမ်းရေးကို အကျိုးဆောင်နေတဲ့ ပြည်တွင်းပြည်ပအဖွဲ့များအားလုံးက သတိပြုမိဖို့လိုပါတယ်။ ဂရုစိုက်ဖို့လိုပါတယ်။ သူတို့ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာကို အားလုံးရိပ်မိကြမယ်လို့ထင်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသော တီမောလက်စ်တေနိုင်ငံနှင့် ပြည်ပနိုင်ငံများအား ဆန့်ကျင်ရှုတ်ချပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၃**

အမျိုးသားရေးတက်ကြွလှုပ်ရှားသူများအဖွဲ့ကဦးဆောင်ပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နေသော တီမောလက်စ်တေနိုင်ငံနှင့် ပြည်ပနိုင်ငံများကို ဆန့်ကျင်ရှုတ်ချပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေးယာဉ်ရပ်နားကွင်း၌ကျင်းပသည်။

ဦးစွာ နိုင်ငံတော်အလံအား အလေးပြု၍ နိုင်ငံတော်သီချင်းသီဆိုကာ အခမ်းအနားကိုဖွင့်လှစ်ပြီး အမျိုးသားရေးဆရာတော် ဘဒ္ဒန္တပညာဝံသက ဟောပြောဆွေးနွေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး (ဒို့အရေး)၊ သာသနာဖျက်အားပေး တီမောအလိုမရှိ၊ အကြမ်းဖက်အားပေး တီမော (အလိုမရှိ)၊ အကြမ်းဖက်NUG PDF(အလိုမရှိ)၊မြန်မာ့ပြည်တွင်းရေး(ဝင်မစွက်နဲ့)၊ ပြည်တွင်းရေးစွက်ဖက်သူ(ဒို့ရန်သူ)၊မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသော တီမောလက်စ်တေနိုင်ငံနှင့် ပြည်ပနိုင်ငံများကို(ဆန့်ကျင်ကြ)ကြွေးကြော်သံများကိုသံပြိုင်ကြွေးကြော်ကြသည်။

ယင်းနောက် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ဟောပြောဆွေးနွေးကြပြီး ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ ဇာတိမာန်သီချင်း သံပြိုင်သီဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါဆန့်ကျင်ရှုတ်ချပွဲကို အမျိုးသားရေး တက်ကြွလှုပ်ရှားသူများအဖွဲ့က ဦးဆောင်ပြီး နိုင်ငံရေးပါတီဝင်များ၊အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ကြသည့် ပြည်သူများ ပူးပေါင်းပါဝင်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။**အောင်မြင့်(ပြန်/ဆက်)**

# KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြဝတီမြို့နယ် သက်န်းညီနောင်ရှိ 230 KV ဓာတ်အားခွဲရုံကို Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်




50 MVA ကြွေသီးနှစ်လုံးပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။



50 MVA အအေးခံကိရိယာ ပေါက်ပြဲမှုမှတ်တမ်းဓာတ်ပုံ။



50 MVA Generator Circuit Breaker ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။



20 MVA အအေးခံကိရိယာ ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ထိခိုက်စေရန်နှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် စစ်ရေးပစ်မှတ် မဟုတ်သည့် နိုင်ငံတော်ပိုင်အဆောက် အအုံများ၊ အရပ်သားများနေထိုင်ရာ ရပ်ကွက်များ၊ မြို့ရွာများ၊ ပညာရေးကျောင်းများ၊ သာသနိကအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဆက်သွယ်ရေးတာဝါတိုင်များနှင့် လျှပ်စစ်ဓာတ်အားပေးတာဝါတိုင်များ၊ စက်ရုံများကို ဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် မြဝတီမြို့နယ် သက်န်းညီနောင်ရှိ 230 KV ဓာတ်အားခွဲရုံကို Drone ဖြင့် Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည်။ ယင်းသို့ တိုက်ခိုက်မှုကြောင့် ဓာတ်အားခွဲရုံရှိ 50 MVA Main Transfromer ၏ Generator Circuit Breaker ၊ အအေးခံကိရိယာနှင့် ကြွေသီးနှစ်လုံး၊ 20 MVA Main Transfromer ၏ အအေးခံကိရိယာများ ဗုံးစထိမှန်ပျက်စီးခဲ့ပြီး မြို့နယ်အတွင်း ဒေသခံပြည်သူများထံသို့ လျှပ်စစ်ဓာတ်အားပေးပို့မှု ပြတ်တောက်လျက်ရှိကြောင်းနှင့် အဆိုပါပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများစွာ ထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာအုပ်စု ပန်းချီကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းစဉ် သုံးဦးပစ်ခတ်ခံရပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု မဟုတ်မမှန်သတင်းအမှားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာအုပ်စု ပန်းချီကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းစဉ် သုံးဦးပစ်သတ်ခံရပြီး နေအိမ် ၃၀ ကျော်အား မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ဒီဇင်ဘာ ၁၂ ရက်တွင် ပန်းချီကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျေးရွာအတွင်း ဝင်ရောက်စီးနင်းခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း သိရှိရသည်။ တပ်မတော်သည် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက်လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထာဝစဉ်ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ ပြည်သူလူထု ထိခိုက်နစ်နာစေမည့်လုပ်ရပ်များကို မည်သို့သောအခါမျှ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ဒေသတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ပျက်စီးစေရန် လုပ်ဆောင်လျက်ရှိပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ဒေသခံပြည်သူများမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်၊ ပြည်သူနှင့်တပ်မတော် ပူးပေါင်း၍ အကြမ်းဖက်မှုချေမှုန်းရေး




စစ်ဆင်ရေး ဆောင်ရွက်နေမှုကို ထိခိုက်စေရန်အတွက် မဟုတ်မမှန်လုပ်ကြံ၍ သတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

## ဓားစာခံအဖြစ်အဖမ်းခံထားရသည့် မိဘမဲ့ဂေဟာမှ ကလေး ၃၅ ဦးနှင့် တာဝန်ရှိသူ လေးဦးကို ဒေသကာကွယ်ရေးတပ်ဖွဲ့များ ပြန်ကယ်ထုတ်နိုင်ဟု လူမှုကွန်ရက်စာမျက်နှာတွင် သတင်းတုသတင်းမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ခမ်းပါတ်မြို့ရှိ မိဘမဲ့ဂေဟာမှ ကလေးငယ် ၃၅ ဦးနှင့် တာဝန်ရှိသူ လေးဦးကိုတပ်မတော်မှ ဓားစာခံအဖြစ်ဖမ်းဆီးထားသဖြင့် ဒေသကာကွယ်ရေးတပ်ဖွဲ့များက ပြန်လည်ကယ်ထုတ်နိုင်ခဲ့သည်ဟု မဟုတ်မမှန် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရပါသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရှိ ဒေသခံတာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းရာ "သတင်းအမှားသာဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိရာ မည်သည့်အခါမျှ ပြည်သူလူထုကို အနိုင်ကျင့်ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြုလုပ်မှုမရှိကြောင်း၊ ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း" သတင်းရရှိသည်။



☆ ကျောဖုံးမှအဆက်

ခေတ္တပိတ်ထားခဲ့ရသည့်အတွက် အခြားလူစီးရထားများဖြစ်သည့် အမှတ်(၁) အဆန် လူစီး၊ ကုန်တင်ရထားသည် ပိန်းဇလုပ်ဘူတာ၌ နံနက် ၃ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ အမှတ် (၂) အစုန်လူစီး၊ ကုန်တင်ရထားသည် ကျောက်တံခါးဘူတာ၌ နံနက် ၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ အမှတ်(၄) အစုန် လူစီးအမြန်ရထားသည် ဖြူးဘူတာ၌ နံနက် ၄ နာရီ ၂၅ မိနစ်တွင်လည်းကောင်း သီးသီးရပ်တန့်ထားရှိခဲ့ရသည်။ လမ်းချော်ကျမှုဖြစ်ပွားသည့် အမှတ်(၆) အစုန် လူစီးအမြန်ရထားတွင် ခရီးသည် ၄၂၆ ဦး၊ အမှတ်(၄)အစုန် လူစီး အမြန်ရထားတွင် ခရီးသည် ၃၂၃ ဦး၊ အမှတ်(၁) အဆန်နှင့် အမှတ်(၂) အစုန် လူစီးကုန်ရထားများတွင်



ကျောက်တံခါး-ပိန်းဇလုပ်ဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရန်ကုန်ဘက် ဆက်လက်လိုက်ပါမည့် ခရီးသည်များကို မော်တော်ယာဉ်ဖြင့် ရွှေ့ပြောင်းပေးနေမှု မှတ်တမ်းဓာတ်ပုံ။



ကျောက်တံခါး-ပိန်းဇလုပ်ဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ပိတ်မိနေသော ခရီးသည်များကို နေ့လယ်စာထမင်းဘူးများ လိုက်လံဝေငှနေမှုမှတ်တမ်းဓာတ်ပုံ။



ကျောက်တံခါး-ပိန်းဇလုပ်ဘူတာကြား တံတားအမှတ်(၁၄၇) ရန်ကုန်ဘက် အထွက်တွင် မိုင်းပေါက်ကွဲမှုကြောင့် အမှတ်(၆)အစုန် အမြန်ရထားတိမ်းမှောက်မှု ဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



တံတားအမှတ်(၁၄၆) မိုင်းပေါက်ကွဲမှုနေရာအား မြန်မာ့မီးရထားဝန်ထမ်းများက ပြုပြင်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။

ခရီးသည်ဦးရေ ၁၀၀ ခန့်ပါရှိ၍ ရထားစီးခရီးသည်စုစုပေါင်းဦးရေ ၉၀၀ ခန့် လမ်းခရီး၌ ကြန့်ကြာမှု အခက်အခဲများကြုံတွေ့ခဲ့ကြရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်ကို နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များက အချိန်နှင့်တစ်ပြေးညီ နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများက မိုင်းပေါက်ကွဲမှုကြောင့် ပြတ်တောက်ပျက်စီးသွားသော ရထားသံလမ်း ၁၅ ပေခန့်နှင့် ကွန်ကရစ် ဇလီဖားတုံးများအား အစားထိုးလဲလှယ်ခြင်းနှင့် တံတားအမှတ်(၁၄၆)၏ ကွန်ကရစ်ကြမ်းခင်းရှစ်ပေခန့် ပေါက်ထွက်ပျက်စီးမှုများအား အမြန်ဆုံး အချိန်နှင့်တစ်ပြေးညီ ပြန်လည်မွမ်းမံပြုပြင်လျက်ရှိပြီး ရထားခရီးစဉ်များ ပုံမှန်ပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မြန်မာ့မီးရထား တာဝန်ရှိသူများက ရထားလမ်းချော်ကျမှုဖြစ်ပွားသည့် အမှတ်(၆) အစုန်ရထားမှ ကျန်ရှိသည့် ခရီးသည်များနှင့် ဖြူးဘူတာတွင်ရောက်ရှိနေသော အမှတ်(၄) အစုန် လူစီးအမြန်ရထားမှ ခရီးသည်များအတွက် နေ့လယ်စာထမင်းဘူးများ ဝေငှဖြည့်ဆည်းပေးခြင်းနှင့် သောက်ရေသုံးရေများ အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အမှတ်(၄)အစုန် ရထားဖြင့် လိုက်ပါလာသည့် ခရီးသည်များကို ဖြူးဘူတာမှ ရန်ကုန်ဘက်သို့ မော်တော်ယာဉ်ကြီး သုံးစီးဖြင့် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ အမှတ်(၆) အစုန်နှင့် အမှတ်(၂)အစုန် ရထားများဖြင့် လိုက်ပါလာသည့် ခရီးသည်များကို ကျောက်တံခါးဘူတာမှ ရန်ကုန်ဘက်သို့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း မော်တော်ယာဉ်ကြီး နှစ်စီးဖြင့် ပို့ဆောင်ပေးခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ရန်ကုန်နှင့် မန္တလေးဘူတာကြီးတို့မှ ယနေ့ထွက်ခွာမည့်လူစီးရထားခရီးစဉ်များကို ယာယီဖျက်သိမ်းထားခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲဖျက်ဆီးခြင်း ၁၂၉ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၆ကြိမ်၊ ဘူတာအဆောက်အအုံနှင့်ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၂ကြိမ် ကျူးလွန်ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်း အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းများနှင့် ရထားတွဲများ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ခရီးသွားပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး၊ ရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Sai Tay Za" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ Grand Master အရက်ချက်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် အက်ကြီးကျေးရွာနေ ရဲပြည့်စုံအား မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ "Phyo thiri(Smile)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက်နေ သွယ်သွယ်ဖြိုးအား ည ၁၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းမိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၂၃၇၇ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ကြက်သွန်စိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၂၃၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်းသီးနှံ ၂၉၇၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ စားဖိုဆောင်းသီးနှံဧက ၂၉၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ အခု ဧက ၂၃၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စားဖိုဆောင်းသီးနှံတွေကို GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်”ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် စားဖိုဆောင်းသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကြက်သွန်နီ ၁၂၇၄ ဧက၊ ကြက်သွန်ဖြူ ၅၆ ဧက၊ ငရုတ် ၁၀၄၇ ဧက စုစုပေါင်း ၂၃၇၇ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကြက်သွန်နီ ၁၇၇၁ ဧက၊ ကြက်သွန်ဖြူ ၆၂ ဧက၊ ငရုတ် ၁၁၄၆ ဧက စုစုပေါင်း ၂၉၇၉ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် စားဖိုဆောင်းသီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းရန်၊ ဈေးကွက်ရရှိအောင်စိုက်ပျိုးရန်၊ ပိုးမွှားကာကွယ်နှိမ်နင်းရန်၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်ရန် စသည့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စားဖိုဆောင်းသီးနှံ ၂၉၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကြက်သွန်နီ ၁၉၀၇ ဧက၊ ကြက်သွန်ဖြူ ၇၁ ဧက၊ ငရုတ် ၁၁၅၈ ဧက စုစုပေါင်း ၃၁၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ကော့မှူးမြို့နယ် တောင်ချောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ကော့မှူး ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် တောင်ချောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်း၊ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့်ဆောင်ရွက်သည့် တောင်ချောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးနေဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို မှာကြားသည်။

ကော့မှူးမြို့နယ် တောင်ချောင်ကျေးရွာ၌ အရှည် ပေ ၈၇၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၆ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာ ၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးပါက ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# သရက်မြို့နယ် ပြရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**သရက် ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြရေကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၂ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆၇ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပြရေကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၀ ဦးကို ငွေကျပ် ၁၆၈ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၄၀ ကို ငွေကျပ် ၁၆၇ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၁၁၆ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၁၅ ဒသမ ၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၂၀ ဦးကို ငွေကျပ် ရန်ပုံငွေကျပ် ၄၆၇ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်မာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၃-၁၂-၂၀၂၃**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေသေးသည့် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ

**နေရှား(သုတေသန)**

၂၀၂၃ ခုနှစ်အောက်တိုဘာ ၇ရက်တွင် ဟားမတ်စ်အဖွဲ့က ဂါဇာကမ်းမြောင်နှင့် ကပ်လျက်နယ်မြေများတွင် နေထိုင်သည့် အစ္စရေးတို့အပေါ် တိုက်ခိုက်ရာမှ အစပြုခဲ့သော အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခသည် နှစ်လကျော် ရောက်ရှိလာသည့်တိုင် အပြီးတိုင် ငြိမ်းချမ်းရေးလမ်းစ ပျောက်နေဆဲဖြစ်သည်ကို တွေ့ရှိရသည်။ နှစ်ဖက်အပြန်အလှန် တိုက်ခိုက်မှုများအတွင်း အများဆုံးထိခိုက်သေဆုံးမှုများသည် အရပ်သားများဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြီးမားဆုံးအန္တရာယ်ကို ပေါ်ပေါက်စေသည်။ ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေးများကို နိုင်ငံတကာအသိုက်အဝန်းနှင့် တရုတ်၊ ရုရှားကဲ့သို့သော အင်အားကြီးနိုင်ငံများက ကြိုးပမ်းသည့်တိုင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လေးရက်ကြာ အပစ်အခတ်ရပ်စဲရေးကိုသာရရှိခဲ့သည်။

**ငြိမ်းချမ်းရေးနှင့်ပဋိပက္ခအတွက် အမေရိကန်၏ရပ်တည်လှုပ်ရှားမှု**

ငြိမ်းချမ်းရေးအတွက်ကမ္ဘာလုံးဆိုင်ရာ တောင်းဆိုမှုများပေါ်ပေါက်နေချိန်တွင် အမေရိကန်သည်ဂါဇာကမ်းမြောင်ဒေသ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးချက်ချင်းတောင်းဆိုသည့်ဆုံးဖြတ်ချက်မူကြမ်းကို ဗီတိုအာဏာဖြင့် ထပ်မံပယ်ချခဲ့သည်။ အစ္စရေး-ပါလက်စတိုင်းအရေးဆိုင်ရာ လုံခြုံရေးကောင်စီအစည်းအဝေးတွင် အာရပ်စော်ဘွားများပြည်ထောင်စုက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဒီဇင်ဘာ ၈ ရက်က တင်သွင်းသည့်ဆုံးဖြတ်ချက်သည် လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအနက် ၁၃ နိုင်ငံကထောက်ခံမှုရရှိခဲ့ပြီး ဗြိတိန်က ကြားနေရပ်တည်ကာ အမေရိကန်က ကန့်ကွက်ခဲ့သည်။ အမေရိကန်သည် ၎င်းကို ကန့်ကွက်မဲပေးသည့်တစ်ခုတည်းသော လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ အမှန်တကယ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အမေရိကန်သည် အစ္စရေး-ပါလက်စတိုင်း အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်နှစ်ခုကို ဗီတိုအာဏာသုံး၍ ပယ်ချခဲ့ပြီးဖြစ်သည်။ အောက်တိုဘာ ၂၇ ရက်က ပြုလုပ်သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ရေရှည်ခံသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ချက်ချင်းပြုလုပ်ရေးတောင်းဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်ခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ချက်ချင်းဝင်ရောက်ရန် နိုင်ငံပေါင်း ၁၂၀ က ထောက်ခံမဲပေးချိန်တွင်လည်း အမေရိကန်က ကန့်ကွက်မဲပေးခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် ပဋိပက္ခဆက်လက်ဖြစ်ပွားပြီး အပြစ်မဲ့အရပ်သား ဦးရေ ၁၇၀၀၀ ကျော်သေဆုံးကာ ဆိုးရွားသော လူသားချင်းစာနာထောက်ထားမှုအခြေအနေများကို ဖြစ်ပေါ်စေခဲ့သည်။ ငြိမ်းချမ်းရေးကိုဆန့်ကျင်သည့် မည်သည့်ရပ်တည်ချက်မဆို ယုတ္တိမတန်ကာ တာဝန်မဲ့လျက်ရှိသည်။ ဂါဇာရှိအရပ်သားများ၏ ဘေးကင်းရေးနှင့်လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက်များအတွက် စိုးရိမ်ကြောင်းနှင့် အမျိုးသမီးများနှင့်ကလေးသူငယ်များကာကွယ်ရေးအတွက် လိုအပ်ကြောင်းဖော်ပြ၍ ပဋိပက္ခကို ဆက်လက်ဖြစ်ပွားစေခြင်းသည် အမေရိကန်၏ မလိုတစ်မျိုး၊ လိုတစ်မျိုး စံနှုန်းများကိုဖော်ပြရန်အတွက်သာ ဆောင်ရွက်ပေးနေသည်။

ကမ္ဘာ့စူပါပါဝါနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသည် ၎င်း၏တာဝန်ဝတ္တရားအဖြစ် ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းပြည်သူများအသက်ရှင်ရပ်တည်နိုင်ရေးမျှော်လင့်ချက်နှင့်အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးမျှော်လင့်ချက်ရရှိရန် ဂါဇာရှိပဋိပက္ခကို ချေမှုန်းရေးဘုံရည်မှန်းချက်ဆီသို့ ကြိုးပမ်းမှုအားလုံးကိုပေါင်းစည်းကာ အခြားလုံခြုံရေးကောင်စီအဖွဲ့ဝင်များနှင့်ပူးပေါင်းသင့်သည်ဟု ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

အပစ်အခတ်ရပ်စဲရေးအဆိုပြုမှုကို ဗီတိုအာဏာဖြင့်ပယ်ချရုံမက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အစ္စရေးသို့တင့်ကားခဲယမ်း ၁၄၀၀၀ လုံးကို အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၅ သန်းဖြင့် အရေးပေါ်ရောင်းချရန်အတည်ပြုခဲ့သည်ဟု သမ္မတဘိုင်ဒင်အစိုးရက ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အမေရိကန်အမျိုးသားလုံခြုံရေးအကျိုးစီးပွားအတွက် ခဲယမ်းများ ချက်ချင်းရောင်းချရန်လိုအပ်သည့် အရေးပေါ်အခြေအနေတစ်ရပ်ကို ဆုံးဖြတ်ပြီးနောက် ဒီဇင်ဘာ ၈ ရက်နှောင်းပိုင်းတွင် ရောင်းချရန်ကွန်ဂရက်ကို



အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါယူမှုသည် အများအားဖြင့် ပြည်ပစစ်ဘက်ရောင်းချမှုအတွက် လိုအပ်ချက်ဖြစ်သည့် လွှတ်တော်ပြန်လည်သုံးသပ်မှုကိုကျော်ဖြတ်မည်ဖြစ်သည်။ လွှတ်တော်၏သဘောတူညီချက်ကိုစောင့်ဆိုင်းခြင်းမပြုဘဲ အစိုးရက လက်နက်များပေးပို့ရန် အရေးတကြီးလိုအပ်နေသည်ကို တွေ့မြင်ရချိန်တွင် ၎င်းလုပ်ရပ်သည် ရှားရှားပါးပါးလုပ်ဆောင်မှုဖြစ်သည်။ ၁၉၇၉ ခုနှစ်မှစ၍ အနည်းဆုံးအစိုးရ လေးခုသည် ဤအခွင့်အာဏာကိုအသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်။

အမေရိကန်နိုင်ငံသည် အစ္စရေး၏ လုံခြုံရေးအတွက် ကတိပြုထားသည်။ ခိုင်မာပြီးအသင့်ရှိသော ကိုယ်ပိုင်ကာကွယ်ရေးစွမ်းရည်ကို ထိန်းသိမ်းရန်အတွက် အစ္စရေးအားကူညီပေးရန် အမေရိကန်အမျိုးသားအကျိုးစီးပွားအတွက်အရေးကြီးသည်။ ဤအဆိုပြုရောင်းချမှုသည် ၎င်းရည်ရွယ်ချက်များနှင့်ကိုက်ညီပြီး အမေရိကန်လက်နက်တိုက်များမှတိုက်ရိုက်ထုတ်ယူရောင်းချမည်ဖြစ်သည်။ ဤရောင်းချမှုတွင် ၁၂၀ မမ M830A1 ယမ်းအားမြင့်တင့်ဖျက်ကျည် (MPAT) များနှင့်ဆက်စပ်ပစ္စည်းများပါဝင်သည်ဟု ပင်တဂွန်စစ်ဌာနချုပ်ကဆိုသည်။ ယူကရိန်းအတွက် သမ္မတဂျိုးဘိုင်ဒင်၏ အမေရိကန်ဒေါ်လာ ၁၀၆ ဘီလီယံခန့် အကူအညီပေးရေးအစီအစဉ်အတွက် တောင်းဆိုမှုပြုလုပ်နေချိန်တွင် အစ္စရေးအတွက် ရောင်းချရေးကိစ္စထွက်ပေါ်လာခြင်းဖြစ်သည်။

**အစ္စရေးရပ်တည်ချက်**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျာမင်နေတန်ယာဟုက ဂါဇာရှိဟားမတ်စ်အဖွဲ့တို့ကို တိုက်ခိုက်သည့် အစ္စရေးစစ်ပွဲအတွက် အပစ်အခတ်ရပ်စဲရေးတောင်းဆိုမှုကို အမေရိကန်၏ဗီတိုအာဏာသုံးစွဲ ပိတ်ပင်မှုအတွက် ကျေးဇူးတင်ရှိသည်ဟု ဒီဇင်ဘာ ၉ ရက်က ပြောကြားခဲ့သည်။ အခြားနိုင်ငံများအနေဖြင့်လည်း ဟားမတ်စ်တို့ကို ချေမှုန်းရေးနှင့်ပတ်သက်၍ တစ်ဖက်သတ်ထောက်ခံရန်မဖြစ်နိုင်သကဲ့သို့ တစ်ဖက်၌ ပဋိပက္ခအဆုံးသတ်ရန်တောင်းဆိုမှုသည်လည်းဖြစ်နိုင်ဖွယ်မရှိဟူသည့်အချက်ကို နားလည်ရမည်ဟု ၎င်းက ပြောကြားခဲ့သည်။ ထို့ကြောင့် အစ္စရေးကဟားမတ်စ်တို့ကို ချေမှုန်းရန်နှင့် ပဋိပက္ခ၏အခြားရည်မှန်းချက်များကိုအကောင်အထည်ဖော်ရန် မိမိတို့၏ တရားမျှတသည့်စစ်ပွဲကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နေတန်ယာဟု ပြောကြားခဲ့သည်။ အစ္စရေးကလည်း ဂါဇာကမ်းမြောင်တောင်ပိုင်းတွင် ၎င်းတို့၏ စစ်ဆင်ရေးများကို တိုးချဲ့လုပ်ဆောင်နေသည်ဟု ဒီဇင်ဘာ ၉ ရက်က ပြောကြားခဲ့သည်။ အစ္စရေး အမျိုးသားလုံခြုံရေးအကြံပေး ဇာချီဟာနီဘီက အစ္စရေးတပ်ဖွဲ့များသည် ယခုအချိန်ထိ ဟားမတ်စ်အဖွဲ့ဝင် ဦးရေ ၇၀၀၀ ထက် မနည်းကိုသုတ်သင်ခဲ့ပြီးဖြစ်သည်ဟု ပြောကြားခဲ့သည်။

**တူကီယဲရပ်တည်ချက်**

တူကီယဲသမ္မတ ရီဆက်တာရစ်အာဒိုဂန်က ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ပြုပြင်ပြောင်းလဲရန် ဒီဇင်ဘာ ၉ ရက်က တောင်းဆိုခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသအတွက် အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို အခြားနိုင်ငံများက ထောက်ခံသည့်တိုင် အမေရိကန်က ဗီတိုအာဏာသုံးနိုင်သည်ဟူသောအချက်ကို ရှုတ်ချခဲ့သည်။ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တောင်းဆိုမှုကိုအမေရိကန်က ဗီတိုအာဏာသုံးပြီးပယ်ချခဲ့ရာ ဤအချက်သည် တရားမျှတမှုလားဟု အာဒိုဂန်က အစ္စတန်ဘူလ်တွင် ကျင်းပသည့် လူ့အခွင့်အရေးညီလာခံတွင် မေးခွန်းထုတ်ခဲ့သည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အထွေထွေအတွင်းရေးမှူး အာနက်ကာလာမာ့ဒ် (Agnes Callamard)က အမေရိကန်၏ ဗီတိုအာဏာကျင့်သုံးမှုကို သဘောမတူဘဲ အကာအကွယ်မဲ့ပြီး ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို တားဆီးရန်နှင့် နိုင်ငံတကာဥပဒေများကို လိုက်နာရန် ကျင့်ဝတ်အရ အမေရိကန်၏ တာဝန်ဝတ္တရားကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။ အပစ်အခတ်ရပ်စဲရေးကို ဆန့်ကျင်သည့် အမေရိကန်၏အကြောင်းပြချက်မှာ အမေရိကန်မှ သတ်မှတ်ထားသော အကြမ်းဖက်အဖွဲ့ဖြစ်သည့် ဟားမတ်စ်ကို ပြန်လည်စုဖွဲ့ပြီး အသစ်အသစ်သော ကျူးကျော်မှုများကို ဆောင်ရွက်ရန် ခွင့်ပြုသကဲ့သို့ဖြစ်စေနိုင်ခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။

ဂါဇာ၏ အဓိကတောင်ပိုင်းမြို့ Khan Younis မြို့အလယ်ဗဟိုရှိ နေထိုင်သူများကို ဒီဇင်ဘာ ၉ ရက်က ဘေးလွတ်ရာရွှေ့ပြောင်းရန် အစ္စရေးက အမိန့်ပေးခဲ့ပြီး သေဆုံးသူများနှင့်ဒဏ်ရာရသူများ Nasser ဆေးရုံတွင် စုပုံလျက်ရှိသည်ဟုဆိုသည်။ ယခုအချိန်ထိ ဂါဇာကမ်းမြောင်ဒေသတွင် နေထိုင်သူ ၂ ဒသမ ၃ သန်းမှ အများစုသည် ၎င်းတို့၏နေအိမ်များမှ ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး အများအပြားသည် အကြိမ်ပေါင်းများစွာ ထွက်ပြေးခဲ့ကြရသည်။ နယ်မြေအနှံ့တွင် တိုက်ပွဲများ တိုးမြင့်ဖြစ်ပေါ်လာခြင်းကြောင့် ဒေသခံများနှင့် ကုလသမဂ္ဂအေဂျင်စီများက ယခုအချိန်တွင် ထိရောက်စွာသွားနိုင်မည့် နေရာမရှိဟု ဆိုခဲ့ကြသည်။

**တရုတ်နိုင်ငံ၏ရပ်တည်မှု**

ဂါဇာတွင် အပစ်အခတ်ရပ်စဲရေးနှင့် ၎င်းနေရာတွင် ဖြစ်ပွားလျက်ရှိသည့် ကျန်းမာရေးအကျပ်အတည်းကိုတုံ့ပြန်ရန် တရုတ်နိုင်ငံက ဒီဇင်ဘာ ၁၀ ရက်တွင် တောင်းဆိုခဲ့ပြီး ဤပဋိပက္ခ၏ အခြေခံနည်းလမ်းမှာ နှစ်နိုင်ငံဖြေရှင်းချက်သာဖြစ်သည်ဟု အလေးပေးပြောကြားခဲ့သည်။ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ တရုတ်မစ်ရှင်အကြီးအကဲ ကျန်ဇုကအပစ်အခတ်ရပ်စဲရေးနှင့်အကြမ်းဖက်မှုများ အဆုံးသတ်ရေးအရေးတကြီး လိုအပ်သည်ဟု ပြောကြားခဲ့သည်။ သိမ်းပိုက်ခံထားရသော ပါလက်စတိုင်းပိုင်နက်အတွင်း ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ အမှုဆောင်ဘုတ်အဖွဲ့က စီစဉ်ကျင်းပသည့် အထူးအစည်းအဝေးတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသတွင် ပြန်လည်ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အထူးစိုးရိမ်လျက်ရှိသည့် တရုတ်နိုင်ငံကသက်ဆိုင်ရာအဖွဲ့အစည်းများကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန်၊ ငြိမ်းချမ်းရေးအတွက် အခွင့်အလမ်းများပေးရန်နှင့်ပြည်သူများကို ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးတို့ကိုပေးအပ်ရန် တောင်းဆိုထားသည်။ ဘက်စုံအပစ်အခတ်ရပ်စဲရေးမြှင့်တင်ရေး၊ အရပ်သားများ၏စားဝတ်နေရေးနှင့်ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို အကာအကွယ်ပေးရေးတွင် တာဝန်ရှိသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်ဟု ၎င်းကဆိုခဲ့သည်။ ကျန်းမာရေးအကျပ်အတည်းကို ဖြေရှင်းရန်အရေးကြီးကြောင်း သံအမတ်ကြီးက ပြောကြားပြီး ပါတီအားလုံးသည် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့်ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ ဘေးကင်းစေရန်အတွက် ကြိုးပမ်းအားထုတ်မှုပြုလုပ်သင့်သည်ဟုဆိုသည်။ ၎င်းတို့အနေဖြင့် ဂါဇာတွင် အရေးပေါ်လိုအပ်သော ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ပံ့ပိုးပေးရာတွင် WHO နှင့်အခြားသောလူသားချင်းစာနာထောက်ထားမှုအေဂျင်စီများကို ပံ့ပိုးပေးသင့်ပြီး ဒဏ်ရာရသူများကို ကုသခြင်းနှင့်လွှဲပြောင်းပေးခြင်းများတွင်လည်း ပံ့ပိုးကူညီသင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အီရန်၏တုံ့ပြန်မှု**

ဂါဇာအရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ကို ဗီတိုအာဏာဖြင့် ပယ်ချခြင်းအတွက် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ နာဆာကာနာနီက အမေရိကန်ကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။ အရပ်သားများနှင့် ပါလက်စတိုင်းနိုင်ငံသားများ၊ အထူးသဖြင့် အမျိုးသမီးများနှင့်ကလေးများကို သေဆုံးစေခြင်းနှင့် ဂါဇာရှိ အရေးပါသော အခြေခံအဆောက်အအုံများ ဖျက်ဆီးခြင်းတွင် ၎င်းသည်အဓိကပါဝင်သူဖြစ်သည်ကို သက်သေပြနေခြင်းဖြစ်သည်ဟု ၎င်းက ဒီဇင်ဘာ ၉ ရက်က ဆိုခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသအပေါ် တိုက်ခိုက်မှုစတင်ချိန်မှစ၍ အမေရိကန်သည် ပါလက်စတိုင်းနိုင်ငံအပေါ် စစ်ရာဇဝတ်မှုများနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုများကိုအစ္စရေးနှင့်မဟာမိတ်ဖွဲ့၍ ပူးပေါင်းဆောင်ရွက်မှုများကို ထပ်ခါတလဲလဲသက်သေပြခဲ့သည်ဟု ထပ်လောင်းပြောကြားခဲ့သည်။ ဂါဇာရှိကလေးများနှင့် အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်အတွက် စိုးရိမ်ပူပန်မှု အတုအယောင်များကို ဖော်ပြခဲ့သည့် အမေရိကန်သည် ၎င်းတို့၏အကြိမ် ၂၀၀ မြောက် လက်နက်နှင့်စစ်ဘက်ဆိုင်ရာ အကူအညီများပေးပို့မှုကို ပြီးခဲ့သည့်သီတင်းပတ်အတွင်းကအစ္စရေးတို့ထံပေးပို့ခဲ့သည်ဟုလည်း ကာနာနီက အလေးအနက် ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းကို တားဆီးရန်နှင့်နယ်မြေပိတ်ဆို့ခြင်းကို ရုပ်သိမ်းရန်အတွက် ဥရောပသမဂ္ဂကို ပိုမိုထိရောက်သော အစီအမံများပြုလုပ်ရန် အီရန်နိုင်ငံခြားရေးဝန်ကြီး ဟိုစိန်အမီလာဟိုလာဒီရန်က

စာမျက်နှာ ၂၇ သို့ ➤

# ဝန်းသိုမြို့နယ်တွင် မိုးစပါး ၁၂၂၈၅ ဧက ရိတ်သိမ်းပြီးစီး



**ဝန်းသို ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောမိုးစပါး ၁၂၂၈၅ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝန်းသိုမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ၁၂၂၈၅ ဧက ရိတ်သိမ်းပြီးစီးနေကာ တစ်ဧကလျှင် ၈၁ ဒသမ ၄၆ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဝန်းသိုမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့ကြတဲ့ မိုးစပါးစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ မိုးစပါးဧက ၁၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ကလဲ ကောင်းမွန်ကြပါတယ်။ ကျန်ဧကတွေကိုလဲ ဆက်လက် ရိတ်သိမ်းလျက်ရှိပါတယ်"ဟု ဝန်းသိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ဝန်းသိုမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံဧက ၃၈၉၈၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၃၈၉၉၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဝန်းသိုမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများမိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် တောင်သူများ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့် မျိုးစပါးများကို အချိန်မီစိုက်ပျိုးနိုင်စေရန်အတွက် မိုးစပါးမျိုးကောင်းမျိုးသန့် R-s မှ F-s အဆင့်ထိ မော်ဘီ-၂၊ ဆင်းဧကရီ-၃၊ ပေါ်ဆန်းရင်၊ ရောမင်း၊ ရေအနည်းလို-၇ နှင့် မော်ဘီကောက်ညှင်းမွှေးစသည့် မျိုးစပါးများကို ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ခရမ်းသီးအဝိုင်းများ အရောင်းသွက်နေ

**ကျိုက်လတ် ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ခရမ်းသီးအဝိုင်းများ ဝယ်ယူမှုကောင်းပြီး အရောင်းသွက်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စန်းငွေက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် လက်ရှိ ဒီဇင်ဘာလသည် ဒေသထွက် ခရမ်းသီးအဝိုင်းများ ထွက်ရှိပြီး လက်ရှိ ဒီဇင်ဘာလအတွင်း ဝယ်ယူမှုအားကောင်းပြီး အရောင်းသွက်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် ခရမ်းသီးအဝိုင်းများ လက်ရှိ တစ်ရက်လျှင် အလုံးရေ ၆၀၀ ပါ ငါးခြင်းမှ ၁၀ ခြင်းထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ကျိုက်လတ်မြို့နယ်က နေထွက်ရှိတဲ့ခရမ်းသီးအဝိုင်းတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေတယ်။ အခြားဒေသတွေကို အလုံးရေ ၆၀၀ ထိပါတဲ့ ခြင်းတွေနဲ့ တင်ပို့ရောင်းချနေတာပါ။ ဒေသထွက် ခရမ်းသီးအဝိုင်းတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ အခုနှစ်ခရမ်းသီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်းလဲကောင်းနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စန်းငွေက ပြောပြသည်။



ကျိုက်လတ်မြို့နယ်တွင် လက်ရှိ ဒီဇင်ဘာလအတွင်း စိုက်ပျိုးသည့် ကုန်စိမ်းများ စတင်ထွက်ရှိပြီး အရောင်းအဝယ်ပြုလုပ်နေသည့် ကာလဖြစ်ပြီး ခရမ်းသီးအဝိုင်း အလုံးရေ ၆၀၀ ပါ တစ်ခြင်းလျှင် ငွေကျပ် ၁၁၁၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသထွက် ခရမ်းသီးများအပါအဝင် အခြားကုန်စိမ်းများကို ကျိုက်လတ်ဈေး၊ ဘိုကလေး၊ မအူပင် စသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဒေါ်စန်းငွေက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၂၆ မှအဆက်**

ဟိုစိန်အမီလာဟိုလာဗီရန်က တိုက်တွန်းခဲ့သည်။ ၎င်းက ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် ဂျိုးဆက်ဘောရဲလ်ထံ စာတစ်စောင်ပေးပို့ခဲ့ပြီး ၎င်းစာတွင် ဥရောပ၏ လတ်တလောရပ်တည်ချက်များကို မီးမောင်းထိုးပြကာ အရေးတကြီးလိုအပ်မှုကို အလေးပေးထားသည်ဟုဆိုသည်။ ခိုင်မြဲသော အပစ်အခတ်ရပ်စဲရေးထူထောင်ရန်၊ ဂါဇာကမ်းမြောင်ဒေသတွင် အရပ်သားများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းကို ရပ်တန့်ရန်နှင့်နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို လိုက်နာရန်၊ ပိတ်ဆို့ထားမှုများကို အပြီးတိုင် ရုပ်သိမ်းရန်နှင့် အဆုံးသတ်ရန် ပိုမိုထိရောက်သော ခြေလှမ်းများလုပ်ဆောင်ရန် ဥရောပသမဂ္ဂ တာဝန်ရှိသူကို တောင်းဆိုခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် အောက်တိုဘာ ၇ ရက်တွင်စတင်ခဲ့သော အစ္စရေး-ပါလက်စတိုင်းပဋိပက္ခသည် နှစ်လကျော်ကြာမြင့်ခဲ့ပြီး သေဆုံးသူဦးရေသည်လည်း ၁၇၇၀၀ ကျော်ရှိခဲ့ပြီဖြစ်သည်။ ပဋိပက္ခနှင့် ပတ်သက်၍ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး ဆွေးနွေးမှုပြုလုပ်ရေးတောင်းဆိုသည့် အဖွဲ့ရှိသကဲ့သို့ တစ်ဖက်၌လည်း အပစ်အခတ်ရပ်စဲရေးကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ရုံမက စစ်လက်နက်ပစ္စည်းများကိုပါ ပံ့ပိုးပေးနေမှုများလည်း ရှိနေသည်။ တရုတ်ကဲ့သို့သောကြားနေအဖွဲ့များကလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကို အလေးထား၍ အပစ်အခတ်ရပ်စဲရေး တောင်းဆိုမှုများလည်းရှိနေသည်။ သို့သော်လည်း နှစ်ဖက်အဖွဲ့တို့က အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုခြင်းမရှိရုံမက အစ္စရေးက ဂါဇာတောင်ပိုင်းထိပါ တိုက်ခိုက်မှုများ လုပ်ဆောင်လာခြင်းကြောင့် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခသည် ငြိမ်းချမ်းရေးနှင့်အလှမ်းဝေးနေဦးမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- (1) Xinhua, With its veto, the U.S. stands against peace
  (2) Xinhua, China calls for cease-fire in Gaza
  (3) IRNA, Iran slams US for vetoing UNSC ceasefire resolution

# ညောင်ရွှေမြို့နယ် တောင်ကြားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ရွှေ ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ကြားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့နှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်နန်းဖြူဖြူအေး(ဒုတိယဦးစီးမှူး)က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၃၇ သန်းလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ကြားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၀၀ ကို ငွေကျပ် ၃၄ ဒသမ ၃၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်ခိုး(မလှိုင်)**

# နတ်မောက်မြို့နယ် တံခွန်တိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နတ်မောက် ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် တံခွန်တိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် တာဝန်ရှိသူများသည် ကျေးရွာကွန်ကရစ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ တံခွန်တိုင်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

နတ်မောက်မြို့နယ် တံခွန်တိုင်ကျေးရွာ၌ လမ်းအရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၂ ဒသမ ၆ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၅ သန်း အသုံးပြု၍ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် အောက်တိုဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းပြီးစီးမှုကြောင့် ကျေးရွာရှိအိမ်ခြေ ၆၃၃ အိမ်၊ လူ ၂၇၀၆ ဦးတို့ ရာသီမရွေးသွားလာလွယ်ကူလာမည်ဖြစ်ကြောင်း၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်လည်း အကျိုးပြုသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

**သူသူ(နတ်မောက်)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# တရုတ်နိုင်ငံတွင် ဆယ်စုနှစ်အတွင်း အအေးဓာတ်အမြင့်ဆုံးဒီဇင်ဘာလဖြင့် ရင်ဆိုင်နေရ



**ပေကျင်း ဒီဇင်ဘာ ၁၃**

တရုတ်နိုင်ငံတွင် အအေးဓာတ်မြင့်မားနေပြီး ဆီးနှင်းထူထပ်စွာကျဆင်းက ဆယ်စုနှစ်အတွင်း အအေးဓာတ်အမြင့်ဆုံးသော ဒီဇင်ဘာလဖြင့် ရင်ဆိုင်နေရကြောင်း တရုတ် အမျိုးသားမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံတွင် အပူချိန်မှာ အနုတ် ၁၄ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းနေပြီး ဆယ်စုနှစ်အတွင်း ဆောင်းရာသီတွင် အပူချိန်မှာ အနုတ် ၈ ဒီဂရီစင်တီဂရိတ်သာ ပုံမှန်ကျဆင်းလေ့ရှိကြောင်း၊ တရုတ်နိုင်ငံမြောက်ဘက်ပိုင်း၊ အနောက်မြောက်ဘက်ပိုင်းနှင့် တောင်ဘက်ပိုင်းတို့တွင် အပူချိန်မှာ အနုတ် ၁၄ ဒီဂရီစင်တီဂရိတ်သို့ ကျဆင်းနေသကဲ့သို့ မွန်ဂိုလီးယားကုန်းတွင်းပိုင်းနှင့်ယန်ဇီမြစ်ဝှမ်းအနီးတို့တွင်လည်း အပူချိန်မှာ အနုတ် ၁၄ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းနေကြောင်း သိရသည်။

ပေကျင်းမြို့တော်တွင် လာမည့် ရက်ပိုင်းအတွင်း အပူချိန်မှာအနုတ် ၁၈ ဒီဂရီစင်တီဂရိတ်ထိ လျော့ကျလာဖွယ်ရှိနေပြီး ဆယ်စုနှစ်အတွင်း အအေးဓာတ်အမြင့်ဆုံးအခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ တရုတ်နိုင်ငံအရှေ့ဘက်ပိုင်း ရှရှားနိုင်ငံနှင့် ထိစပ်နေသော ဒေသများရှိ မြစ်ချောင်းများတွင် ရေမျက်နှာပြင်ခဲသွားသည်ထိ အအေးဓာတ်မြင့်မားလျက်ရှိကြောင်း၊ တရုတ်အမျိုးသားမိုးလေဝသစင်တာက အအေးဓာတ်မြင့်မားနေသော ဒေသများတွင် အရေးပေါ်တုံ့ပြန်မှုအဆင့်(၂) သတ်မှတ်ထားပြီး အအေးလှိုင်းလည်း ဖြတ်သန်းဖွယ်ရှိနေကြောင်း သိရသည်။

ဆီးနှင်းများထူထပ်စွာကျဆင်းနေသည့် ပေကျင်းမြို့တော်မှဒေသခံများသည် ဆီးနှင်းများကြောင့် မော်တော်ယာဉ်များ သွားလာရန် ခက်ခဲသည့်အခြေအနေဖြင့်ရင်ဆိုင်ခဲ့ရပြီး လမ်းမကြီးများထက်တွင် ဆီးနှင်းများပိတ်ဆို့နေသဖြင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အစည်းထံ အကူအညီတောင်းခံသော ဖုန်းခေါ်ဆိုမှု ၆၀၀၀ ကျော်ရှိခဲ့ကြောင်း၊ တရုတ်အရေးပေါ်အခြေအနေ တုံ့ပြန်ရေး အဖွဲ့အစည်းကလည်း ဆီးနှင်းများကို ဖယ်ရှားရှင်းလင်းပေးရန်အတွက် စက်ယန္တရားအစီးရေ ၂၂၀၀ ကျော်ထိ အသင့်ပြင်ဆင်ထားကြောင်း ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# စပိန်နိုင်ငံတွင် ဒီဇင်ဘာလအတွင်း အပူချိန် စံချိန်တင်မြင့်တက်မှုဖြစ်ပေါ်နေ

**မက်ဒရစ် ဒီဇင်ဘာ ၁၃**

စပိန်နိုင်ငံတွင် ဒီဇင်ဘာလအတွင်း အပူချိန်စံချိန်တင်မြင့်တက်မှုဖြစ်ပေါ်နေကြောင်း စပိန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်မြင့်တက်လေ့မရှိသည့် ဒီဇင်ဘာလတွင် လက်ရှိ အပူချိန်မှာ ၃၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိကြောင်း၊ စပိန်နိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း အပူလှိုင်းဖြတ်သန်းမှု လေးကြိမ်ထိရှိခဲ့ပြီး အပူချိန်အမြင့်ဆုံးနှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ဖွယ်ရှိကြောင်း၊ အပူချိန်အမြင့်ဆုံး အခြေအနေဖြင့် ရင်ဆိုင်နေရသည့် ဒေသများတွင် ဗလင်စီယာမြို့လည်းပါဝင်နေပြီး မြေထဲပင်လယ်နှင့် ထိစပ်နေသောဒေသများတွင် အပူချိန်အဓိက မြင့်တက်လျက်ရှိကြောင်း၊ အပူချိန်မြင့်တက်နေသကဲ့သို့ ဆီးနှင်းကျဆင်းမှုလည်း လျော့နည်းနေသည့်အတွက် ပုံမှန်မဟုတ်သောရာသီဥတုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"လေထုအပူချိန်လဲ မြင့်တက်နေတယ်။ ဆီးနှင်းတွေလဲ ပုံမှန်ကျဆင်းတဲ့ပမာဏထက် သိသိသာသာ လျော့နည်းနေပါတယ်။ အအေးဓာတ် အမြင့်ဆုံးဖြစ်တဲ့ နာဗာဆာရာဒါနယ်မြေမှာတောင် ဆီးနှင်းကျဆင်းမှု တော်တော်လျော့နည်းလာတယ်။ ပုံမှန်နှင်းထု ၃ ဒသမ ၃ ပေလောက်ထိ မြင့်တက်လေ့ရှိတဲ့ နာဗာဆာရာဒါနယ်မြေမှာ နှင်းထုက ပုံမှန်ထက် ထက်ဝက်လောက် လျော့ကျနေတယ်။ အပူချိန်ပမာဏကလဲ ၃၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေတယ်"ဟု စပိန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရူဘင်ဒယ်ကမ်ပိုက ပြောကြားခဲ့သည်။

မာလာဂါမြို့သည်လည်း အပူချိန်မြင့်တက်မှု ဖြစ်ပွားနေသောဒေသများတွင် ပါဝင်နေပြီး စပိန်နိုင်ငံ၏ အအေးဓာတ်အမြင့်မားဆုံးနယ်မြေဖြစ်သည့် နာဗာဆာရာဒါနယ်မြေတွင်လည်း ဆီးနှင်းကျဆင်းမှု လျော့နည်းနေကြောင်း၊ နာဗာဆာရာဒါနယ်မြေသည် ပုံမှန်အားဖြင့် ဒီဇင်ဘာလတွင် ဆီးနှင်းကျဆင်းမှုကြောင့် လမ်းမများထက်တွင် နှင်းထုမှာ ၃ ဒသမ ၃ ပေထိရှိသော်လည်း လက်ရှိတွင် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် နှင်းထု၏ ထက်ဝက်ခန့်သာရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အာဂွန်းမီးတောင်လှုပ်ရှားမှုပိုတိုးလာခြင်းကြောင့် မီးတောင်အနီးတစ်ဝိုက် ခရီးသွားလာခြင်းများကိုဂရုစိုက်ရန် တာဝန်ရှိသူများသတိပေး

**ဂျကာတာ ဒီဇင်ဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းပေါ်ရှိ အာဂွန်းမီးတောင် လှုပ်ရှားမှုပိုတိုးလာခြင်းကြောင့် ခရီးသွားများအနေဖြင့် မီးတောင်အနီးတစ်ဝိုက်သွားလာခြင်းများကို ဂရုစိုက်ရန် ဘာလီသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီအကြီးအကဲက ဒီဇင်ဘာ ၁၂ ရက်တွင် သတိပေးပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းပေါ်ရှိ အာဂွန်းမီးတောင်သည် ရှုခင်းလှပမှုကြောင့် ထင်ရှားသော ခရီးသွားနေရာတစ်ခုဖြစ်ပြီး မီးတောင်အန္တရာယ်အဆင့်သတ်မှတ်ချက်ကို အဆင့် ၁(မီးတောင်ရှင်ဖြစ်သဖြင့်သတိရှိပါ)တွင်သာ ထားရှိထားသော်လည်း မကြာသေးမီလများမှစတင်၍ လှုပ်ရှားမှုပိုတိုးလာခြင်းကြောင့် အဆိုပါမီးတောင်အနီး ခရီးသွားလာကြသူများနှင့် တောင်တက်ခရီးသွားများကို သတိပြုသွားလာကြရန် ဘာလီသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီအကြီးအကဲ Made Rentin က သတိပေးပြောကြားခဲ့သည်။

"အာဂွန်းမီးတောင်ရဲ့ မျက်နှာပြင်အောက်မှာ ချော်ရည်တွေရှိနေပါတယ်။ မီးတောင်အန္တရာယ်အဆင့်(၁)သတ်မှတ်ထားပေမဲ့ လှုပ်ရှားမှုတွေတိုးလာတာကြောင့် တောင်တက်ခရီးသွားလာနေသူတွေအနေနဲ့ မိမိတို့ရဲ့ခရီးစဉ်တွေအပေါ် ပြန်သုံးသပ်သင့်ပါတယ်"ဟု Made Rentin က ပြောကြားခဲ့သည်။



အဆိုပါမီးတောင်သည် ယခုနှစ် နိုဝင်ဘာလအတွင်းက ကြိမ်နှုန်းနိမ့် ငလျင် နှစ်ကြိမ်၊ မီးတောင်အတွင်းနက်ရှိုင်းသောနေရာမှ မီးတောင်ငလျင်လေးကြိမ်၊ မီးတောင်အနီးတစ်ဝိုက်ဒေသအတွင်း ငလျင်ခုနစ်ကြိမ်နှင့် ပြတ်ရွေ့ကြောနှင့် ကျောက်ထုလွှာများပွတ်တိုက်မိခြင်းမှဖြစ်သည့် ငလျင် ၅၇ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ဘော့စ်နီးယားနိုင်ငံရှိ မြို့နှစ်မြို့တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေ

**ဆာရာဂျေဗို ဒီဇင်ဘာ ၁၃**

ဘော့စ်နီးယားနိုင်ငံရှိ မြို့နှစ်မြို့တွင် ပြီးခဲ့သော ရက်သတ္တပတ်မှစတင်၍ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေကြောင်း ဘော့စ်နီးယား အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသော မြို့နှစ်မြို့မှာ ဆာရာဂျေဗိုမြို့နှင့် ဇင်နီကာမြို့တို့ဖြစ်ကြောင်း၊ ဆာရာဂျေဗိုမြို့တော်ဝန်က ဆာရာဂျေဗိုမြို့ကို ၂၀၃၅ ခုနှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေးအတွက် ဆောင်ရွက်နေကြောင်း ထုတ်ပြန်ထားသော်လည်း လေထုညစ်ညမ်းမှု အမြင့်မားဆုံးသော ကမ္ဘာ့မြို့များစာရင်းတွင် ပါဝင်လာခြင်းမှာ ဆာရာဂျေဗိုမြို့အတွက် ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ဖွယ်မရှိတော့သည့်အခြေအနေဖြင့်ရင်ဆိုင်နေရကြောင်း သိရသည်။

"စီးပွားရေးကျပ်တည်းမှုကြောင့် ပြည်သူတွေအနေနဲ့ အခြေခံလိုအပ်ချက်အတွက် လောင်စာသုံးစွဲရတဲ့နေရာမှာ ဈေးသက်သာတဲ့လောင်စာတွေကိုပဲ ရွေးချယ်လာကြတယ်။ သွားလာရေးအတွက်လဲ ဈေးသက်သာတဲ့ လောင်စာသုံးသက်တမ်းရင့်မော်တော်ယာဉ်တွေကိုပဲ ရွေးချယ်သုံးစွဲကြတဲ့အတွက်လေထုညစ်ညမ်းမှုမြင့်တက်လာခဲ့တာဖြစ်ပါတယ်"ဟု ဘော့စ်နီးယား Hydro-Meteorological Institute မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုတေသီ ခရီစီနစ်က ပြောကြားခဲ့သည်။

ဆာရာဂျေဗိုမြို့တွင် ဒေသခံအများစုမှာ စီးပွားရေးကျပ်တည်းမှုကြောင့် စွမ်းအင်ကဏ္ဍတွင် ဈေးသက်သာသည့်လောင်စာကို ရွေးချယ်သုံးစွဲနေရပြီး ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု မြင့်မားသော သက်တမ်းရင့်မော်တော်ယာဉ်များကိုသာ သုံးစွဲနေရသည့်အတွက် လေထုညစ်ညမ်းမှုပမာဏမြင့်တက်လာခြင်းဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ယခုနှစ်အတွင်း ဘော့စ်နီးယားနိုင်ငံတွင် သဘာဝဓာတ်ငွေ့သုံးစွဲမှု ယခင်နှစ်ကထက် ၁၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ကုန်ဈေးနှုန်းမြင့်တက်မှုကြောင့် ပြည်သူများအနေဖြင့် ဈေးသက်သာသည့် လောင်စာများကို ရွေးချယ်သုံးစွဲနေသဖြင့် လေထုညစ်ညမ်းမှု မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# နီပေါနိုင်ငံတွင် ငလျင်ဒဏ်သင့်ပြည်သူများ ကယ်ဆယ်ရေးအကူအညီများ လိုအပ်လျက်ရှိ

**ဝော့ရှင်တန် ဒီဇင်ဘာ ၁၃**

နီပေါနိုင်ငံတွင် ငလျင်ဒဏ်သင့်ပြည်သူများအနေဖြင့် ယခုဆောင်းရာသီ၌ ကယ်ဆယ်ရေးအကူအညီများ လိုအပ်လျက်ရှိကြောင်း အမေရိကန်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့၏ ယနေ့ ထုတ်ပြန်ချက်များအရ သိရသည်။

နီပေါနိုင်ငံ ဝေးလံခေါင်သီသောပြည်နယ်တစ်ခုဖြစ်သည့် ကာနာလီပြည်နယ်တွင် ယခုနှစ် နိုဝင်ဘာ ၃ ရက်က ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၅၄ ဦးသေဆုံးခဲ့ပြီး တစ်လအကြာတွင် အစိုးရ၏ အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးရန်နှောင့်နှေးမှုကြောင့် အအေးဒဏ်ခံစားရပြီး ကလေးငယ်လေးဦးအပါအဝင် အနည်းဆုံးလူ ၃၂ ဦး သေဆုံးခဲ့ကြောင်း အဆိုပါအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆောင်းရာသီသို့ရောက်ရှိလာသော်လည်း ထောင်ပေါင်းများစွာသော မိသားစုများသည် ရွက်ဖျင်တဲများအောက်တွင် ခိုလှုံနေကြရဆဲဖြစ်ပြီး နီပေါအစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို ပံ့ပိုးပေးနေသည့် နိုင်ငံတကာမိတ်ဖက်များနှင့်အတူ ဆောင်းရာသီတွင် လူများအသက်ရှင်နေထိုင်နိုင်စေရန် အမိုးအကာ၊ မီလ္လာနှင့် အခြားလိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရေး ကြိုးပမ်းအားထုတ်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့ကာ အစားအစာတန်ချိန် ထောင်ပေါင်းများစွာဆုံးရှုံးခဲ့ကြရပြီး အဆိုပါဒေသသို့ ဖောက်လုပ်ထားသောလမ်းမှာလည်း အနည်းငယ်သာရှိသဖြင့် လုံလောက်သော နေစရာ၊ စားနပ်ရိက္ခာနှင့် ဆေးဝါးများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများလည်း ရောက်ရှိရန်နှောင့်နှေးနေကြောင်း၊ အကူအညီများ ဖြန့်ဖြူးပေးရေးနှင့် ပတ်သက်၍ ပုဂ္ဂလိကအဖွဲ့အစည်းများ၏ကြိုးပမ်းမှုဖြင့် အမိုးအကာရာဂဏန်းမျှသာ ဆောက်လုပ်ထားကြောင်း အဆိုပါအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# ဆယ်လ်မွန်ငါး၏ ထူးခြားသောသဘာဝနှင့် ကျန်းမာရေးကောင်းကျိုးများ

## နှင်းအိ(ရာမည‌မြေ)

လူတို့ဈေးကြီးပေးပြီး နှစ်နှစ်ခြိုက်ခြိုက် ဝယ်ယူစားသုံးနေကြတဲ့ ဆယ်လ်မွန်ငါး(Salmon)တွေရဲ့အကြောင်းကို စာဖတ်သူတွေသိရှိစေဖို့ ဆယ်လ်မွန်ငါးတွေရဲ့သဘာဝနဲ့ ကျန်းမာရေးကောင်းကျိုးတွေကို ဖော်ပြလိုက်ပါတယ်။

**ဆယ်လ်မွန်ငါးရဲ့ မူရင်းဒေသ**

ဆယ်လ်မွန်ငါးလို့ ဆိုလိုက်တာနဲ့ မြန်မာလူမျိုးတွေအဖို့ စားဖူးသူထက် ကြားဖူးသူကသာ များလိမ့်မယ်လို့ထင်ပါတယ်။ ဆယ်လ်မွန်ငါးတွေနဲ့ပတ်သက်ပြီး အဆိုတော် ဦးခင်ဝမ်းကလဲ ဆယ်လ်မွန်ငါးတို့အပြန် သီချင်းလေးတစ်ပုဒ်ကို သီဆိုခဲ့ဖူးတာကိုကြားဖူးကြပါလိမ့်မယ်။ ဆယ်လ်မွန်ငါးတွေဟာ မြန်မာ့ပင်လယ်ပြင်မှာ တွေ့ရတတ်တဲ့ငါးမျိုးစိတ်တွေ မဟုတ်ကြပါ။ ဆယ်လ်မွန်ငါးတွေကို အရှေ့ဖျား အာရှပစိဖိတ်ဒေသ၊ ဂျပန်ပင်လယ်ပြင်၊ အလက်စကာကျွန်းဆွယ်၊ မြောက်အတ္တလန်တိတ်သမုဒ္ဒရာနဲ့ ဆိုက်ဘေးရီးယားဒေသတွေမှာသာ တွေ့ရတတ်တဲ့ ငါးမျိုးစိတ်ဖြစ်ပါတယ်။ ဆယ်လ်မွန်ငါးတွေဟာ မျိုးပေါင်းစု- Chordata ကဆင်းသက်လာပြီး မျိုးစဉ်-Salmoniformes၊ မျိုးရင်း-Salmonidae အောက်မှာပါဝင်ကြပါတယ်။

**ရွှေ့ပြောင်းစရိုးသွား ဆယ်လ်မွန်ငါးများ**

ဆယ်လ်မွန်ငါးတွေဟာ ရေချိုမှာမွေးဖွားပြီး ရေငန်(ပင်လယ်ပြင်)မှာ ကြီးပြင်းတဲ့ ငါးမျိုးစိတ်တစ်မျိုးဖြစ်ကြပါတယ်။ ရေချိုမှာ ပျမ်းမျှနှစ်နှစ်လောက်ကြီးထွားအောင်နေပြီးမှ ပင်လယ်ပြင်ဆီ ထွက်လာကြတာပါ။ ပင်လယ်ပြင်မှာ သုံးနှစ်လောက်အကြာ ကြင်ဖော်ရှာပြီး မိမိတို့မွေးဖွားရာရေချိုအရပ်ဆီကို ပြန်ကြပါတယ်။ တချို့ ဆယ်လ်မွန်ငါးတွေကတော့ ကြင်ဖော်မတွေ့နိုင်ဘဲ ပင်လယ်ပြင်ကြီးထဲ ငါးနှစ်လောက်ကြာတတ်ကြပါတယ်။ ဆယ်လ်မွန်ငါးတွေရဲ့ အပြန်ခရီးဟာ အတားအဆီးတွေ များစွာကြုံရတတ်ပါတယ်။ လမ်းခရီးမှာရေခဲတုံးကြီးတွေ၊ ရေတံခွန်တွေကို တွေ့ရတဲ့တိုင်အောင် ရှောင်တိမ်းဖယ်ပြီးမသွားဘဲ လေထဲကို ခြောက်ပေ၊ ခုနစ်ပေလောက် ခုန်တက်ပြီး အဲဒီအတားအဆီးတွေကို ကျော်ဖြတ်ကြရပါတယ်။ ဒါပေမဲ့ ဆယ်လ်မွန်ငါးတွေဟာ မိမိသွားလိုရာအရပ်ကို ချောမွေ့စွာအားလုံးမရောက်ကြပါဘူး။ ကြားထဲမှာ လူသားတွေရဲ့ဖမ်းဆီးတာ၊ ရေသတ္တဝါတွေရဲ့ စားသောက်ခံရတာတွေလဲရှိကြတယ်။ မွေးရပ်ပြန်ပြီး မျိုးဆက်မပွားနိုင်တာလဲ တွေ့ရပါတယ်။ သုတေသီတွေ တွေ့ရှိချက်အရ ဆယ်လ်မွန်ငါး ၁၀ ရာခိုင်နှုန်းလောက်သာ မွေးရပ်ပြန်ပြီး မျိုးပွားနိုင်တယ်လို့ သိရှိရပါတယ်။ ဆယ်လ်မွန်ငါးတွေရဲ့အိမ်ပြန်ခရီးဟာ မိုင်ပေါင်း ၂၀၀၀ လောက်ဝေးကွာကြတယ်လို့ မှတ်သားရပါတယ်။ ချစ်ဖော်နဲ့လက်တွဲပြီး မျိုးဆက်သစ်မွေးဖွားဖို့ အပြန်ခရီးစတင်ပြီဆိုတာနဲ့ ဆယ်လ်မွန်ငါးစုံတွဲဟာ အစာလုံးဝမစားကြတော့တာကို ဖတ်မှတ်လေ့လာခဲ့ရဖူးပါတယ်။

**ဆယ်လ်မွန်ငါးမျိုးပွားခြင်း**

ဆယ်လ်မွန်ငါးတွေဟာ မိမိတို့မွေးဖွားရာအရပ်ကို ပြန်ရောက်ရင် ကြင်ဖော်ကိုယ်စီနဲ့ မိတ်လိုက်ကြပါတယ်။ ငါးအမက ဥတွေဥချဖို့ သူ့ရဲ့အမြီးနဲ့ ကျောက်စရစ်သားကိုတူးဆွပြီး တွင်းဖြစ်အောင် လုပ်ကြပါတယ်။ ဆယ်လ်မွန်ငါးတွေ ဥချမွေးဖွားရာအရပ်ဟာ ကျောက်စရစ်မြေခံ ရေကြည်ရာအရပ်ဖြစ်ကြပါတယ်။ ဆယ်လ်မွန်ငါးအမဟာ တစ်ကြိမ်ဥဥရင် ဥပေါင်း ၂၀၀၀ ကနေ ၁၀၀၀၀ ထိဥချနိုင်ကြပါတယ်။ ငါးအမတွေ ဥနေချိန်မှာ ဆယ်လ်မွန်ငါးအထီးက ဘေးနားမှာ ငါးအမအန္တရာယ်မဖြစ်အောင် ကာကွယ်စောင့်ရှောက်ပေးပါတယ်။ ဆယ်လ်မွန်ငါးဥကနေ သုံးလအကြာမှာ ငါးသားလောင်းလေးတွေအဖြစ် ထွက်လာကြပါတယ်။

**ဆယ်လ်မွန်မျိုးဆက်သစ်များအတွက် ပေးဆပ်ပုံ**

ဆယ်လ်မွန်ငါးအမ ဥတွေအကုန်ဥပြီးမှ အထီးဖြစ်သူက ဖိုမျိုးစေ့တွေ ဥပေါ်ချလိုက်ပါတယ်။ အဲဒီနောက် ငါးအမက သားလောင်းဖြစ်မဲ့ဥတွေ ရေစီးနဲ့မျောပါမသွားအောင် အပေါ်ကနေဝပ်ပေးပြီး ဘယ်မှမသွားတော့ပေ။ သုံးရက်ကနေ ခုနစ်ရက်အတွင်းမှာ အမဖြစ်သူဟာ သူ့ရဲ့ဥအသိုက်ပေါ်မှာပဲ သေဆုံးသွားပါတယ်။ အထီးဖြစ်သူကတော့ အနီးနားပတ်ဝန်းကျင်မှာပဲ သေဆုံးသွားကြပါတယ်။ ဒီလိုနဲ့ ဆယ်လ်မွန်ငါးသားပေါက်လေးတွေဟာ သုံးလအကြာမှာ ဥက



ထွက်လာကြပါတယ်။ အဲဒီအခါမှာ ဆယ်လ်မွန်ငါးအမိ၊ အဖတို့ရဲ့သေဆုံးပြီး ရုပ်ကြွင်းက အသားမျှင်လေးတွေဟာ အနီးနားမှာ ပြန့်ကျဲနေပါပြီ။ ဥမှထွက်ထွက်ချင်း ဆယ်လ်မွန်ငါးသားပေါက်လေးတွေဟာ ရေမကူးနိုင်သေးပါ။ တွားသွားပြီး အစာအဖြစ် အမိ၊ အဖရုပ်ကြွင်းက အသားမျှင်လေးတွေကို စားကြရပါတယ်။

သားလောင်းတွေအတွက် ဆယ်လ်မွန်ငါးတွေရဲ့ အလွန်ထူးခြားတဲ့ ပေးဆပ်မှုက ချီးကျူးအံ့သြဖွယ်ရာပါ။ အသက်အသေခံပြီး ကာကွယ်စောင့်ရှောက်ခဲ့သာမက မိမိရဲ့အသွေးအသားကိုပါ စားသုံးခွင့်ပြုလိုက်တဲ့ ဆယ်လ်မွန်ငါး အမိ၊ အဖတို့ရဲ့ မေတ္တာတရားက အင်မတန်ချီးကျူးလေးစားဖွယ်ကောင်းလှပါတယ်။ ဒါကြောင့်လဲ ဂျပန်လူမျိုးတွေဟာ မိမိတို့ရဲ့မျိုးဆက်တွေအတွက် အသက်ပေးပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်ကြတဲ့ ဆယ်လ်မွန်ငါးတို့ရဲ့ စိတ်ဓာတ်ကိုစံထားပြီး ဂျပန်နိုင်ငံရဲ့ ပြယုဂ်တစ်ခုအနေနဲ့ ဆယ်လ်မွန်ငါးတွေကို ပိုတန်ဖိုးထားကြတာပဲဖြစ်ပါတယ်။

**ဆယ်လ်မွန်ငါး၏အသုံးဝင်ပုံ**

မြန်မာနိုင်ငံသာမက နိုင်ငံတကာမှာပါ ဆယ်လ်မွန်ငါးကို အသားလွှာပြီး ဆော့စ်နဲ့တို့စားတာ၊ ချက်စား၊ ပေါင်းစား၊ ကြော်စားတာ၊ သုပ်စားတာ၊ ငါးခေါင်းဟင်းချို၊ ဆူရှီပြုလုပ်တာသာမက ဆယ်လ်မွန်ငါးအသားချောင်း၊ ဆယ်လ်မွန်ငါးတိုဟူး စတာတွေလဲ အမျိုးမျိုးစီမံချက်ပြုတ်ကြပါတယ်။ ငါးအရသာမှာ နူးညံ့လှပြီး ထူးခြားကောင်းမွန်လှသလို တန်ဖိုးလဲကြီးမြင့်ကြပါတယ်။ ဆယ်လ်မွန်ငါးမှလဲ ငါးကြီးဆီထုတ်လုပ်ရောင်းချကြပါတယ်။

**ဆယ်လ်မွန်ငါး၏ ကျန်းမာရေးကောင်းကျိုးများ**

ဆယ်လ်မွန်ငါးဟာ အာဟာရပြည့်ဝတဲ့စားသောက်ဖွယ်ရာတစ်မျိုးဖြစ်ပြီး ရောဂါတချို့ကို ဖြစ်ပွားနိုင်ခြေလျော့နည်းစေပါတယ်။ ဒါကြောင့်လဲ အခုနောက်ပိုင်းမှာ လူတွေက နှစ်ခြိုက်စွာစားသုံးလာကြပါတယ်။ စားသုံးမှုများပြားလာတဲ့ ဆယ်လ်မွန်ငါးက ကျန်းမာရေးအတွက် ဘယ်လိုကောင်းကျိုးတွေရှိမလဲဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

**၁။ Omega-3 ကြွယ်ဝခြင်း**

ဆယ်လ်မွန်ငါးရဲ့ ထူးခြားမှုတစ်ခုကတော့ Omega-3 ကြွယ်ဝတာဖြစ်ပါတယ်။ ဆယ်လ်မွန်ငါး ၁၀၀ ဂရမ်မှာ Omega-3 ၂ ဒသမ ၆ ဂရမ် ပါဝင်ပါတယ်။ Omega-3 ရဲ့ တစ်နေ့တာ လိုအပ်တဲ့ ပမာဏနဲ့ ပတ်သက်ပြီး ညွှန်းဆိုထားတာမရှိပေမဲ့ အနည်းဆုံး ၂၅၀ ကနေ ၅၀၀ မီလီဂရမ်လောက် ရရှိသင့်တယ်လို့ သုတေသီတချို့က ဆိုပါတယ်။ Omega -3 ဟာ ရောင်ရမ်းမှုတွေကိုလျော့ကျစေတာ၊ သွေးတိုးကို ထိန်းနိုင်တာ၊ သွေးကြောတွေအခြေအနေကောင်းမွန်စေတာ၊ နှလုံးကိုအကျိုးပြုတာ စတဲ့အကျိုးကျေးဇူးတွေ ဖြစ်ပေါ်စေပါတယ်။

**၂။ ပရိုတင်းဓာတ်များစွာပါခြင်း**

ပရိုတင်းဟာ လူ့ခန္ဓာကိုယ်ကိုတည်ဆောက်ရာမှာ အရေးပါပါတယ်။ ထိခိုက်ဒဏ်ရာရပြီးချိန် အနာကျက်မြန်စေတာ၊ ကြွက်သားတွေရဲ့ ထုထည်ကိုထိန်းသိမ်းပေးထားတာ၊ အရိုးတွေအတွက် အထောက်အကူပြုတာ စတဲ့အကျိုးကျေးဇူးတွေပေးပါတယ်။ သုတေသနတွေအရ ဆယ်လ်မွန်ငါး ၃ ဒသမ ၅ အောင်စမှာ ပရိုတင်း ၂၂ ဂရမ်ကနေ ၂၅ ဂရမ် ပါဝင်ပါတယ်။

**၃။ ဗီတာမင်–B ကြွယ်ဝခြင်း**

ကိုယ်ခန္ဓာအတွက် မရှိမဖြစ်အရေးကြီးတဲ့ အာဟာရဓာတ်တွေထဲမှာ ဗီတာမင် B အုပ်စုလဲ ပါဝင်ပါတယ်။ သုတေသနတွေအရ ဆယ်လ်မွန်ငါး ၁၀၀ ဂရမ်မှာပါဝင်တဲ့ ဗီတာမင် B အုပ်စုတွေကတော့ ဗီတာမင် B1 တစ်နေ့တာလိုအပ်ချက်ရဲ့ ၁၈ ရာခိုင်နှုန်း၊ ဗီတာမင် B2 တစ်နေ့တာလိုအပ်ချက်ရဲ့ ၂၉ ရာခိုင်နှုန်း၊ ဗီတာမင် B3 တစ်နေ့တာလိုအပ်ချက်ရဲ့ ၅၀ ရာခိုင်နှုန်း၊ ဗီတာမင် B5 တစ်နေ့တာ လိုအပ်ချက်ရဲ့ ၁၉ရာခိုင်နှုန်း၊ ဗီတာမင် B6 တစ်နေ့တာလိုအပ်ချက်ရဲ့ ၄၇ ရာခိုင်နှုန်း၊ ဗီတာမင် B9 တစ်နေ့တာလိုအပ်ချက်ရဲ့ ခုနစ်ရာခိုင်နှုန်း၊ ဗီတာမင် B12 တစ်နေ့တာလိုအပ်ချက်ရဲ့ ၅၁ ရာခိုင်နှုန်းဖြစ်ပါသည်။

အဲဒီဗီတာမင် B အုပ်စုဝင်တွေဟာ အစားအစာတွေကနေ စွမ်းအင်ထုတ်ယူပေးတာ၊ ဒီအန်အေဖွဲ့စည်းပြင်ဆင်ရာမှာ ပါဝင်တာ၊ ဦးနှောက်နဲ့ အာရုံကြောလုပ်ငန်းတွေကို ကောင်းမွန်စွာဆောင်ရွက်နိုင်အောင် ကူညီပေးတာ စတဲ့အကျိုးကျေးဇူးတွေပေးပါတယ်။

**၄။ ပိုတက်ဆီယမ်ကြွယ်ဝခြင်း**

ဆယ်လ်မွန်ငါး ၁၀၀ ဂရမ်မှာ ပိုတက်ဆီယမ်ဟာ တစ်နေ့တာလိုအပ်ချက်ရဲ့ ၁၁ ရာခိုင်နှုန်းကနေ ၁၈ ရာခိုင်နှုန်းထိ ပါဝင်ပါတယ်။ ဆယ်လ်မွန်ငါးဟာ ငှက်ပျောသီးတစ်လုံးထက် ပိုတက်ဆီယမ်ပါဝင်နှုန်း ပိုမိုများပြားပါတယ်။ ပိုတက်ဆီယမ်ဟာ သွေးပေါင်ချိန်ကို ထိန်းပေးနိုင်ပြီး လေဖြတ်နိုင်ခြေလျော့နည်းစေနိုင်ပါတယ်။

**၅။ ဆီလီနီယမ်ကြွယ်ဝခြင်း**

ဆီလီနီယမ်ဟာ ကိုယ်ခန္ဓာအတွက် မရှိမဖြစ်လိုအပ်တဲ့ သတ္တုဓာတ်တစ်မျိုးဖြစ်ပြီး ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိရှိတာ၊ အရိုးတွေ ကျန်းမာရေးကို ကောင်းမွန်စေတာ၊ သိုင်းရွိုက်ရောဂါတွေကိုကာကွယ်ပေးတာ၊ ကင်ဆာဖြစ်နိုင်ခြေလျော့စေတာ စတဲ့အကျိုးကျေးဇူးတွေပေးပါတယ်။ ဆယ်လ်မွန်ငါး ၁၀၀ ဂရမ်မှာ တစ်နေ့တာလိုအပ်တဲ့ ဆီလီနီယမ် ၅၉ ရာခိုင်နှုန်းကနေ ၆၇ ရာခိုင်နှုန်းထိ ပါဝင်ပါတယ်။

**နှလုံးရောဂါဖြစ်နိုင်ခြေကို လျော့နည်းစေခြင်း**

ဆယ်လ်မွန်ငါးကို ပုံမှန်စားသုံးရင် နှလုံးရောဂါဖြစ်နိုင်ခြေကိုလျော့နည်းစေပါတယ်။ သုတေသနတွေအရ Omega-3 နဲ့ Omega -6 ဟန်ချက်မညီမှုဟာ နှလုံးရောဂါဖြစ်နိုင်ခြေကို မြင့်တက်စေနိုင်ပါတယ်။ ဆယ်လ်မွန်ငါးစားသုံးရင် Omega- 3 ပမာဏကို မြင့်တက်စေပြီး Omega-6 ပမာဏကို လျှော့ချနိုင်တာကြောင့် နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို လျော့စေတာဖြစ်ပါတယ်။

**၇။ ဦးနှောက်ကျန်းမာရေးကိုကောင်းစေခြင်း**

ဆယ်လ်မွန်ငါးမှာပါဝင်တဲ့ အဆီဓာတ်ဟာ ကျန်းမာရေးအတွက် အထောက်အကူပြုပါတယ်။ အမိကကတော့ စိတ်ကျရောဂါကိုသက်သာစေတာ၊ ကိုယ်ဝန်ဆောင်ချိန်မှာ စားသုံးတဲ့အခါ သန္ဓေသားလောင်းရဲ့ ဦးနှောက်ဖွံ့ဖြိုးမှုကိုအားပေးတာ၊ အသက်အရွယ်ကြီးလာချိန်မှာဖြစ်တတ်တဲ့ မှတ်ဉာဏ်ချို့ယွင်းမှုတွေကို သက်သာစေတာ စတဲ့အကျိုးကျေးဇူးတွေပေးပါတယ်။ သုတေသနတွေအရ အသက် ၆၀ ကျော် လူကြီးပိုင်းတွေမှာ ဆယ်လ်မွန်ငါးကို အနည်းဆုံး တစ်ပတ်နှစ်ကြိမ်စားသုံးရင် မှတ်ဉာဏ်ပိုင်းဆိုင်ရာချို့ယွင်းနိုင်ခြေ ၁၃ ရာခိုင်နှုန်းထိ သက်သာစေတယ်။

အချုပ်အနေနဲ့ဆိုရရင် ဆယ်လ်မွန်ငါးမှာအထက်က ဆိုခဲ့သလို ကျန်းမာရေးကောင်းကျိုး အများအပြားရှိပြီး ရောဂါတချို့ကိုလဲ ကာကွယ်ပေးနိုင်တဲ့အတွက် စားပေးသင့်တဲ့ ငါးအမျိုးအစားမှာ ပါဝင်ပါတယ်။ ဒါ့ပြင် ဆယ်လ်မွန်ငါးရဲ့ သဘာဝမှာလဲ ထူးခြားလှပြီး တခြားငါးမျိုးစိတ်တွေနဲ့မတူဘဲ ပေါက်ဖွားလာမဲ့ သားလောင်းတွေအတွက် အသက်နဲ့ရင်းပြီးပေးဆပ်ပုံမှာ ချီးကျူးလေးစား ကရုဏာသက်ဖွယ်ဖြစ်ပါတယ်လို့ ဆယ်လ်မွန်ငါးတွေရဲ့သဘာဝနဲ့ ကျန်းမာရေးကောင်းကျိုးတွေကို ဖော်ပြလိုက်ရပါတယ်။

**ကိုးကား**


- **Fish Base of Myanmar**
- **Inland Fisheries of Myanmar**
- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၅)**
- **ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊ အမှတ်(၃)**







မြင့်ဓမ္မာနာဆေးဆိုင်
# ရေသင်း (သမင်ဖြူ)
LEUCODERMA
ရေသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ဝေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးခင်မောင်မြင့် ၊အမှတ်-၃၊ပိတောက်ရိပ်မြိမ်၊ရန်ကုန်အင်းစိန်လမ်းမကြီး၊ကုလားကျောင်းမှတ်တိုင်၊ သခိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၆၆၆၄၇၈၊ ၀၉-၅၅၈၃၂၃၆၀၇
(ဌာနခွဲ)အမှတ်(၂)၆၂လမ်း၊၂၈×၂၉လမ်းကြား၊အောင်တော်မူရပ်၊မန္တလေးမြို့၊ဖုန်း-၀၂-၄၀၂၂၅၃၅၊၀၉-၂၅၆၅၆၈၀၁၂

# ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| 1. | စက်ရုံကြီးကြပ် | ကျား | (2) ဦး |
| 2. | စာရင်းကိုင် | ကျား/မ | (2) ဦး |
| 3. | စာရေး/စာရေးမ | | (2) ဦး |
| 4. | ရောင်း/မောင်း | ကျား | (1) ဦး |
| 5. | အထွေထွေဝန်ထမ်း | ကျား/မ | (5) ဦး |

အမှတ်စဉ်(1),(2),(3)အတွက် ဘွဲ့ရဖြစ်ရမည်။စကားပြောဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။အလုပ်ကိုအမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ စာရိတ္တကောင်းမွန်သူဖြစ်ရမည်။အမှတ်စဉ်(4)အတွက် လိုင်စင်သက်တမ်း(3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ စိတ်ဝင်စားပါက CVForm၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ထောက်ခံစာ၊ ဓာတ်ပုံ(2)ပုံ၊ ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

* မှတ်ချက်* အိမ်နေ/အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ အမှတ်14, 85 လမ်း၊ 28×29 ကြား(မန္တလေးမြို့)
02-4069291 , 09-5069199

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။




"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

❖ သစ်တောများ တည်ရှိရှင်သန်နေခြင်းသည် **"အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်၏ ဖွံ့ဖြိုးမှု"** ဖြစ်သည့်အတွက် စနစ်တကျ ပြုစုထိန်းသိမ်းရန် အလွန်အရေးကြီး...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ပြုလုပ်သော ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားမှ အမှာစကားကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ကျောက်တံခါးဘူတာနှင့် ပိန်းဇလုပ်ဘူတာကြား ရထားလမ်းကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားမှုကြောင့် အမှတ်(၆) အစုန်လူစီးအမြန်ရထားလမ်းချော်ကျမှုဖြစ်ပွားပြီး အခြားရထားများကြန့်ကြာမှုဖြစ်ပေါ်ခဲ့



ကျောက်တံခါး-ပိန်းဇလုပ်ဘူတာကြား တံတားအမှတ်(၁၄၇) ရန်ကုန်ဘက်အထွက်တွင် မိုင်းပေါက်ကွဲမှုကြောင့် အမှတ်(၆)အစုန်အမြန်ရထား တိမ်းစောင်းမှုဖြစ်ပွားသည့် ဓာတ်ပုံမှတ်တမ်း။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ကျောက်တံခါးဘူတာမှ ထွက်ခွာလာသော အမှတ်(၆)အစုန် ရန်ကုန်-မန္တလေး လူစီးအမြန်ရထားသည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြားသို့ ယနေ့နံနက် ၃ နာရီခွဲခန့်တွင် မိုင်တိုင်အမှတ် ၁၀၄/၁-၁၀၃/၂၄ အရောက် တံတားအမှတ်(၁၄၆)နှင့် (၁၄၇)အနီးတို့၌ ရထားလမ်းကို အကြမ်းဖက်သောင်းကျန်းသူ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတို့၏ မိုင်းခွဲဖျက်ဆီးထားခြင်းကြောင့် ရထားသံလမ်းပြတ်တောက်ပျက်စီးနေ၍ ရထားစက်ခေါင်းနှင့်အတူ လူစီးတွဲ သုံးတွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

ရထားလမ်း ချော်ကျမှုကြောင့် ကျောက်တံခါး-ပိန်းဇလုပ်အကြား ရထားလမ်းပိုင်းကို နံနက် ၄ နာရီတွင်

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေသော တီမောလက်စ်တေနိုင်ငံနှင့် ပြည်ပနိုင်ငံများအား ဆန့်ကျင်ရှုတ်ချပွဲကျင်းပ**

စာမျက်နှာ - ၂၂

**KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြဝတီမြို့နယ် သက်နင်းညီနောင်ရှိ 230 KV ဓာတ်အားခွဲရုံကို Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်**

စာမျက်နှာ - ၂၃

